# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့။ Tuesday, 23 May 2017 (၈၉၃၃)


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၇)

# နေပြည်တော်၌ ကျင်းပမည့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ထိရောက်အကျိုးရှိအောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၂**

မြန်မာနိုင်ငံ၌ (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများလက်ခံကျင်းပရေး ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုကျင်းပသည့် အစည်းအဝေးသည် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံ၌ လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေးများကို ယခုနှစ်အတွင်း လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးကျင်းပရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်မြင်စွာ ကျင်းပသွားနိုင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသို့ အစည်းအဝေးတက်ရောက်ရန် လာရောက်မည့် ကိုယ်စားလှယ်အဖွဲ့များ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကျင်းပရေးဆပ်ကော်မတီ၊ 8th Model ASEM ကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး 11th ASEF Journalists' Seminar ကျင်းပရေးဆပ်ကော်မတီ၊ နေပြည်တော်သာယာလှပရေးဆပ်ကော်မတီ၊ အတွင်းရေးမှူးရုံးနှင့် ညှိနှိုင်းကွပ်ကဲရေးဌာန၊ သံတမန်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရေးကော်မတီ၊ ကြိုဆိုရေးမုခ်ဦးများ၊ အလံများနှင့် ဆိုင်းဘုတ်များစိုက်ထူရေး၊ မီးအလှများထွန်းညှိရေးနှင့် အခြားလုပ်ငန်းများဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် လေ့လာရေးခရီးစဉ် စီစဉ်ပေးရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ မှန်ကန်မှုရှိစေရေးဆပ်ကော်မတီနှင့် အခမ်းအနားများပြင်ဆင်ရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

---

လှည်းကူးမြို့နယ် လက်ပံလှျပ်စစ်ရေတင် စီမံကိန်းလုပ်ငန်း အပိုင်း(၂) ဆက်လက်ဆောင်ရွက်ရန် စီမံထားရှိပြီးဖြစ်

ပြည်သူ့လွှတ်တော် စာ » ၅

မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၆၉ ကျောင်းအား ကျောင်းအဆင့်တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

အမျိုးသားလွှတ်တော် စာ » ၅

ရန်ကုန်လေဆိပ်နှင့် မြို့တွင်းသို့ Shuttle Bus ပြေးဆွဲသွားရန် လမ်းကြောင်းရေးဆွဲနေ

စာမျက်နှာ » ၈

---

## မိုင်းလားအထူးဒေသ - ၄ အဖွဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး တက်ရောက်မည်ဟု သိရ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို နေပြည်တော်၌ မေ ၂၄ ရက်မှ ၂၈ ရက်ထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး ကျင်းပမည့် အခြေအနေနှင့်ပတ်သက်၍ ညီလာခံပထမနေ့ နံနက်ပိုင်းတွင် ညီလာခံဖွင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း၊ ညီလာခံဖွင့်ပွဲ ကျင်းပသည့်အခါ ယခင်ကျင်းပပြီးစီးခဲ့သည့် (၂၁) ရာစုပင်လုံ ပထမအစည်းအဝေးကဲ့သို့ ခေါင်းဆောင်များက အဖွင့်အမှာစကား ပြောကြားကြမည်ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❐

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ မိုးစပါးဧက ၂၇၈၄၀ စိုက်ပျိုးရန်လျာထား

**မုံရွာ မေ ၂၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်နှင့် မြို့နယ်ခွဲ ခုနစ်ခုတွင် မိုးစပါးဧက ၂၇၈၄၀ စိုက်ပျိုးသွားရန် လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့နယ်အတွင်း ၆၂၀၇ ဧက၊ မိုပိုင်းလွတ်မြို့နယ်ခွဲအတွင်း ၉၀၇ ဧက၊ လဟယ်မြို့နယ်အတွင်း ၆၁၆၃ ဧက၊ ထန်ပါခွေမြို့နယ်ခွဲအတွင်း ၁၅၀၂ ဧက၊ နန်းယွန်းမြို့နယ်အတွင်း ၂၇၅၈ ဧက၊ ဒုံဟီးမြို့နယ်ခွဲအတွင်း ၅၂၄၁

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✪



နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မိုးစပါးစိုက်ပျိုးသည့် လှေကားထစ်စိုက်ကွင်းတစ်ခုကို တွေ့ရစဉ်။




## ကြေးမုံ

# ပြင်းပြသောဆန္ဒဖြင့် အားထုတ်ကြိုးပမ်း

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကို နေပြည်တော်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးသည် ပထမအကြိမ်အစည်းအဝေးမှ ဖြစ်ထွန်းခဲ့သော ရလဒ်များကိုအခြေခံကာ အောင်မြင်မှုလမ်းကြောင်း ပေါ်သို့ရောက်အောင် ဆက်လက်တွန်းအားပေးမည့် အစည်းအဝေး ဟုလည်း ပြောနိုင်သည်။

ပထမအကြိမ်အစည်းအဝေးတွင် အစုအဖွဲ့ ခုနစ်ဖွဲ့မှ တက်ရောက်လာသူ ၇၂ ဦးတို့က ဆိုင်ရာဆိုင်ရာအဖွဲ့အစည်းတို့၏ သဘောထားအမြင်များကို တင်ပြခဲ့ကြပြီး ဆွေးနွေးတင်ပြခဲ့သမျှ အကြောင်းအရာအားလုံးကို ပြည်သူလူထုတစ်ရပ်လုံး သိရှိဆုံးဖြတ် နိုင်အောင် မခြွင်းမချန်ထုတ်ဖော်ပြသခဲ့ကာ ပြည်သူလူထုသဘောထား အမြင်များမှတစ်ဆင့် ရလဒ်ကောင်းများကို အတိုင်းအတာတစ်ခုအထိ ဖော်ထုတ်နိုင်ခဲ့သည်ဟုဆိုရမည်။

စစ်မှန်သောငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ဖော်ထုတ်ခဲ့ကြ သည့် သဘောထားအမြင်များမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အစုအဖွဲ့ တစ်ခု၊ ပါတီတစ်ခု၊ လူမျိုးစုတစ်စုအတွက် ဖော်ထုတ်ခြင်းမဟုတ်ဘဲ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ဖော်ထုတ်ခဲ့ကြသည်မှာ အမှန်ဖြစ် သည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးမှာ ဒေသတစ်ခုချင်းအတွက် ငြိမ်းချမ်း ရေးဖြစ်သော်လည်း မြန်မာတစ်နိုင်ငံလုံးနှင့်သက်ဆိုင်နေပြီး တစ်ကမ္ဘာ လုံးနှင့်လည်း ဆက်နွှယ်နေသည်။

ငြိမ်းချမ်းရေးကိုစတင်ဖော်ဆောင်ရာတွင် မတူကွဲပြားသဖြင့် ဆန္ဒစွဲ များကင်းမည်မဟုတ်ချေ။ ပြည်သူလူထု၏စောင့်ကြည့်သုံးသပ်မှု၊ အားပေး ထောက်ခံမှုတို့ကြောင့် ဆန္ဒသဘောထားများ ကွဲပြားသော်လည်း ပြည်သူ လူထု၏မျက်နှာကိုထောက်ရှုကာ အကောင်းဆုံးလမ်းကြောင်းကို ရွေးချယ် နိုင်လိမ့်မည်ဟုယုံကြည်သည်။ ပထမအကြိမ်က ရရှိခဲ့သော သင်ခန်းစာ များ၊ အခြေအနေကောင်းများသည် ဒုတိယအကြိမ်အတွက် ပိုမိုကောင်း မွန်သော အနေအထားကောင်းများကို ဆောင်ကြဉ်းနိုင်ပေလိမ့်မည်။

မြန်မာ့အရေး၊ ကမ္ဘာ့အရေးတို့ကို မြော်တွေးသုံးသပ်ချက်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ပိုမိုဆောင်ရွက်ကြရ မည်ကို အားလုံးက နားလည်လက်ခံထားကြပြီးဖြစ်သည်။ အမျိုးသား ရင်ကြားစေ့ရေးကိုဦးတည်ထားသော အစိုးရအနေဖြင့် ငြိမ်းချမ်းရေး အောင်မြင်စေရန် ဆန္ဒမှန်ဖြင့် လက်မှတ်ရေးထိုးပြီးသော အဖွဲ့များရော၊ လက်မှတ်မရေးထိုးရသေးသောအဖွဲ့များပါ အားလုံးပါဝင်လာနိုင်ရန် လမ်းဖွင့်ပေးထားပြီးဖြစ်သည်။

ပထမအကြိမ်ဆွေးနွေးပွဲမှ ရရှိခဲ့သောရလဒ်ကောင်းများနှင့် ဒုတိယအကြိမ်ဆွေးနွေးပွဲမတိုင်မီ ကြိုတင်ဆွေးနွေးညှိနှိုင်းမှုများမှ ရရှိ လာသော အခြေအနေကောင်းများကလည်း ကျင်းပတော့မည့် ဒုတိယ အကြိမ်ဆွေးနွေးပွဲတွင် ပိုမိုကောင်းမွန်လာမည့် အောင်မြင်မှုခရီးလမ်း သစ်များကို ချဲ့ထွင်နိုင်မည်ဟုယုံကြည်သည်။ ငြိမ်းချမ်းရေးခရီးလမ်း၏ ဦးတည်ရာမှာ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုပေါ်ထွက်လာရေး ဖြစ်သည်။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွက်လာရန်အတွက် ငြိမ်းချမ်းရေးကိုရရှိအောင် ကြိုးပမ်းဖော်ဆောင်ကြမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းထားကြသည်မှာ ဖက်ဒရယ်ပြည် ထောင်စုဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စု၏ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူများအားလုံး ယုံကြည်မှုအပြည့်ဖြင့် ရယူနိုင်ဖို့ အရေးကြီးသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး အတွက် ယုံကြည်မှုအပြည့်ဖြင့် ငြိမ်းချမ်းရေးခရီးသို့ တက်လှမ်းကြရ မည်ဖြစ်သည်။

ငြိမ်းချမ်းရေးခရီးကို တက်လှမ်းရာတွင် တိုင်းရင်းသားပြည်သူ အားလုံး၏ဆန္ဒမှာ စိတ်ကူးနှင့် မျှော်လင့်ချက်အဆင့်သာရှိသည်။ အမှန် တကယ်လက်တွေ့အကောင်အထည်ဖော်ကြမည့်သူများမှာ ငြိမ်းချမ်းရေး နှင့် တိုက်ရိုက်ဆက်နွှယ်နေကြသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသာ ဖြစ်သည်။ ထိုပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ဆန္ဒသည်သာ အဓိကကျသည်။ ၎င်းတို့၏အပေါ်တွင်သာ မူတည်သည်။

ငြိမ်းချမ်းရေးအတွက် နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း နည်း အဖုံဖုံ၊ မူအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြပြီး ဖြစ်သည်။ သို့သော် ငြိမ်းချမ်းရေး နှင့်အလှမ်းဝေးနေဆဲဖြစ်သည်။ မတူကွဲပြားမှုများကို ညီတူမျှတူဖြစ်နိုင် အောင်ကြိုးစားရသည်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ ယခုငြိမ်းချမ်း ရေးညီလာခံများတွင် မတူကွဲပြားမှုများမှာ ပျော့ရှင်ဖွယ်၊ ဂုဏ်ယူဖွယ် အလုပ်များဖြစ်လာချေပြီ။ အားလုံးအနေဖြင့် ငြိမ်းချမ်းရေးအတွက် ရှေးရှုကာ ပညာ၊ သတ္တိ၊ ဇွဲလုံ့လ၊ ဝီရိယတို့ဖြင့် အမိအရဆုပ်ကိုင်ထား စေချင်သည်။ အလင်းရောင်သန်းနေသည့် ငြိမ်းချမ်းသောအနာဂတ်ကို ဖော်ထုတ်စေချင်သည်။ ။




# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။

အစည်းအဝေးသို့ ဦးခင်ဇော်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်း၊ စိုင်းလ၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ခွန်မြင့်ထွန်း၊ စောမြရာဇာလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျာဦး၊ ဒေါက်တာလှဖေ၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)သို့ တင်ပြမည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့၏ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# စပေါင်း သွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် မေ ၂၂**

"စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"က ကြီးမှူးပြုလုပ်သော (၇)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်း သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန(အမျိုးသားသွေးလှူဘဏ်)၌ မေ ၂၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီထိ ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ပါကြောင်း၊ သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"က အမှတ်တရလက်ဆောင်များဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ကြောင်း၊ သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" ဖုန်း- ၀၉၅၁၃၅၅၁၅၊ ၀၉၇၈၆၆၇၇၂၉၂ တို့သို့ မေ ၂၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၂**

ရန်ကုန်(ရွှေဈေး) ၉၀၅၅၀၀ - ၉၀၅၅၀၀ မန္တလေး(ရွှေဈေး) ၉၀၅၅၀၀ - ၉၀၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၅/၆၉၅ ကျပ်၊ | ၇၀၅/၇၁၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၂၅/၇၄၀ ကျပ်၊ | ၈၃၀/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၅/၇၀၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၅/၇၁၅ ကျပ်၊ | ၇၃၀/၇၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၀/၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၀/၆၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၄၀/၆၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၇.၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၇၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၂.၀ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၆.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၅၅ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၃၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၉.၈၃၁ | (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၀.၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၆.၉၅ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၅.၄၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ဘီးလင်းတွင် မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်

**ဘီးလင်း မေ ၂၂**

သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း၏ကြီးကြပ်မှုဖြင့် ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးချစ်ကိုကို ခေါင်းဆောင်သောအဖွဲ့သည် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မေလ ဒုတိယပတ်က ဘီးလင်းမြို့နယ် ညောင်ပလင်ကျေးရွာ ဘောလုံးကွင်း၌ပြသခဲ့ရာ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအကြောင်းအရာများကို ပညာပေးဟောပြောခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့နှင့်အတူ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာ အထူးကိုယ်စားလှယ်တို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ General Mikhail Kostarakos အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်းအား ညနေ ၄ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ဥရောပစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် **(ယာပုံ)** မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ General Mikhail Kostarakos အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌတို့သည် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် EU ဆိုင်ရာစစ်ဘက်သံတမန်ခန့်အပ်ရေး ကိစ္စရပ်များ၊ လေ့ကျင့်ရေးသင်တန်း စေလွှတ်ရေးကိစ္စရပ်များအပါအဝင် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အား နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းက ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း အသက်စွန့်လှူခဲ့ရသည့် သူရဲကောင်းများကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌက သင်တန်းခန်းမ၌ EU နှင့် ပတ်သက်သည့်ကိစ္စရပ်များကို Power Point ဖြင့် ရှင်းလင်းပြသကာ သင်တန်းသားများနှင့်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒

**❒ မိုင်းလားအထူးဒေသ - ၄ အဖွဲ့မှ**

ညနေပိုင်းတွင် ညီလာခံကိုယ်စားလှယ်တော်ကြီးများ သိသင့်သိထိုက်သည့် အချက်အလက်များကို ဆွေးနွေးမည့်ပုံစံများအား ရှင်းလင်းတင်ပြပြီး လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းဆွေးနွေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး တက်ရောက်ခဲ့သည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ UPDJC အတွင်းရေးမှူး ခွန်မြင့်ထွန်းက ပြောသည်။

**"ဒုတိယနေ့နဲ့ တတိယနေ့မှာတော့ ကဏ္ဍအလိုက်ဆွေးနွေးမှုတွေကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ညီလာခံကိုယ်စားလှယ် (၇၀၀)ကို ကဏ္ဍ ငါးခုခွဲပြီး ဆွေးနွေးမှာဖြစ်ပါတယ်။ လိုအပ်ခဲ့ရင် မိမိတို့ အစုအဖွဲ့အလိုက် ဆွေးနွေးမှုတွေလည်းရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့အလိုက် ဆွေးနွေးတာမျိုး၊ နိုင်ငံရေးပါတီရဲ့အစုအဖွဲ့အလိုက် ဆွေးနွေးတာမျိုး၊ အဲဒီအစုအဖွဲ့အလိုက် ဆွေးနွေးတာတွေကလည်း ဒုတိယနေ့နဲ့ တတိယနေ့မှာ လိုအပ်သလို ဆွေးနွေးကြမှာ ဖြစ်ပါတယ်"**ဟု ခွန်မြင့်ထွန်းက ပြောကြားသည်။

ထို့ပြင် ခွန်မြင့်ထွန်းက **"စတုတ္ထနေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ဦးဆောင်ကျင်းပနေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ UPDJC ရဲ့ အစည်းအဝေးနဲ့ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးတွေကို ကျင်းပသွားမှာဖြစ်ပါတယ်။ ပဉ္စမနေ့မှာတော့ အားလုံး သဘောတူညီနိုင်းရရှိတဲ့ အချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ ချုပ်ဆိုခြင်းနဲ့ အတည်ပြုခြင်းတွေကို ဆောင်ရွက်သွားမှာပါ"** ဟု ဆက်လက်ပြောကြားသည်။

ညီလာခံတက်ရောက်မှုအပိုင်းနှင့်ပတ်သက်၍ ခွန်မြင့်ထွန်းက **"အခုလောလောလတ်လတ် သိရှိတာကတော့ NCA မှာ လက်မှတ်ရေးထိုးထားတဲ့ ရှစ်ဖွဲ့ကတော့ ဒီညီလာခံကို တက်ရောက်မှာဖြစ်ပါတယ်။ ကျန်တဲ့အဖွဲ့အစည်းတွေအနေနဲ့ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေထဲက မိုင်းလားအဖွဲ့လို့ သိရှိထားတဲ့ အထူးဒေသ ၄ ကတော့ အထူးဖိတ်ကြားသူများကိုယ်စားလှယ်အနေနဲ့ တက်ရောက်မှာဖြစ်ပါတယ်။ ကျန်တဲ့အဖွဲ့အစည်းတွေ အခြေအနေကိုတော့ ကျွန်တော်တို့ မသိသေးပါဘူး"**ဟု ပြောသည်။

**မျိုးသူဟိန်း (သတင်းစဉ်)**

**❂ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ**

ဧက၊ ပန်ဆောင်မြို့နယ်အတွင်း ၅၀၆၂ ဧက စုစုပေါင်း ဧက ၂၇၈၄၀ စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ မြို့နယ်နဲ့ မြို့နယ်ခွဲတွေက အများအားဖြင့် တောင်တန်းတွေပေါ်မှာရှိတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းက လှေကားထစ် တောင်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်တယ်။ သီးနှံမျိုးစုံစိုက်ပျိုးကြတဲ့အထဲမှာ စပါးကိုတော့ ဧက ၂၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် ဧက ၂၄၅၁၅ ဧကကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် ၂၅၁၁၈ ဧကကိုလည်းကောင်း စိုက်ပျိုးနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း လျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



## အိန္ဒိယကောင်စစ်ဝန်ချုပ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၂၂**

မန္တလေးမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်ချုပ်အဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည့် မစ္စတာနန္ဒန်ဆင်းဘိုင်ဆိုရာသည် ၎င်း၏ခန့်အပ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်ထံသို့ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ပေးအပ်သည်။

**(သတင်းစဉ်)**

ကြေးမုံ

မေ ၂၃၊ ၂၀၁၇



# တောင်ကိုရီးယားနိုင်ငံတွင် ပထမဆုံးအကြိမ် အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီး ခန့်အပ်ဖွယ်ရှိ

**ဆိုးလ် မေ ၂၂**

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်က အမျိုးသမီးသံတမန်တစ်ဦးကို ၎င်း၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းလိုက်သည်။ အဆိုပါ အမျိုးသမီးသည် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးအမျိုးသမီးနိုင်ငံခြားရေးဝန်ကြီး ဖြစ်လာဖွယ်ရှိသည်။

ကန်ကျောင်ဝှာသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်သော်နျူး ဂူးတဲရက်ရှ်၏ မူဝါဒရေးရာ အထူးအကြံပေးတစ်ဦးဖြစ်သည်။ အသက်(၆၂)နှစ်ရှိ သံတမန်တစ်ဦးဖြစ်သည့် ကန်ကျောင်ဝှာသည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သကဲ့သို့ ကုလသမဂ္ဂလူသားချင်းစာနာထောက်မှုဆိုင်ရာအရေးကိစ္စများတွင်လည်း လက်ထောက်အတွင်းရေးမှူးချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

သူ၏ ကျွမ်းကျင်မှုများနှင့် သူတည်ဆောက်ထားခဲ့သော တစ်ကမ္ဘာလုံးနှင့် ဆက်သွယ်သည့် သံတမန်ကွန်ရက်တို့ကြောင့် ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း မွန်ဂျေအင်က ပြောကြားသည်။ သူ့ကို ခန့်အပ်လိုက်သည့်အတွက် အစိုးရအဖွဲ့တွင် ကျား/မတန်းတူညီမျှမှုရှိကြောင်းကိုလည်း ပြသနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သမ္မတ၏ အမည်စာရင်းတင်သွင်းမှုများသည် တောင်ကိုရီးယားပါလီမန်၏ သဘောတူထောက်ခံချက်မလိုအပ်သည့်အတွက် ကန်ကျောင်ဝှာသည် ကြားနာစစ်ဆေးမှုပြီးနောက် အဆိုပါရာထူးကို တရားဝင်ခန့်အပ်ခံရဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ။**



# အမေရိကန်သမ္မတဒေါ်နယ်ထရန့် တဲလ်အဗစ်သို့ ရောက် အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံမည်

**တဲလ်အဗစ် မေ ၂၂**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ဆော်ဒီအာရေဗျနိုင်ငံမှ အစ္စရေးနိုင်ငံသို့ မေ ၂၂ ရက်တွင် လေယာဉ်ဖြင့် ဆိုက်ရောက်လာခဲ့ကြောင်း၊ ၎င်းသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုနှင့်ရော ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်နှင့်ပါ သီးခြားစီတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

သမ္မတထရန့်လိုက်ပါလာသော Air Force One လေယာဉ်သည် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ရှိ ဘန်ဂူရီယွန်လေဆိပ်၌ ဆင်းသက်ခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့မှ အစ္စရေးနိုင်ငံသို့ သမ္မတ၏ လေယာဉ်တိုက်ရိုက်ပျံသန်းခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်လိမ့်မည်ဟု ယူဆရကြောင်း၊ သမ္မတထရန့်သည် ရီယာ့ဒ်၌ နှစ်ရက်ကြာနေထိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

သမ္မတထရန့်သည် ဇန်နဝါရီလတွင် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ချိန်နောက်ပိုင်း ပထမဆုံးသော ပြည်ပခရီးစဉ်အဖြစ် အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပသို့ ကိုးရက်ကြာ ခရီးလှည့်လည်လျက်ရှိသည်။ ထရန့်သည် ဗာတီကန်၊ ဘရပ်ဆယ်နှင့် စစ္စလီတို့သို့ ရောက်ရှိပြီးနောက် မေ ၂၇ ရက်တွင် ၎င်း၏ခရီးစဉ်ကို အဆုံးသတ်မည်ဖြစ်သည်။ **ရိုက်တာ။**



# ထိုင်းဆေးရုံတစ်ခုတွင် ပေါက်ကွဲမှုကြောင့် ၂၄ ဦး ဒဏ်ရာရ

**ဘန်ကောက် မေ ၂၂**

ဘန်ကောက်မြို့ရှိ ဆေးရုံတစ်ခုတွင် ပေါက်ကွဲမှုတစ်ခုကြောင့် လူ ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းအာဏာပိုင်များက ပြောကြားသည်။

ပေါက်ကွဲမှုသည် ဖရာမွန်ကတ်ကလာ ဆေးရုံပထမထပ် ဧည့်ကြိုခန်း၌ မေ ၂၂ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မေ ၂၂ ရက်နေ့သည် ထိုင်းနိုင်ငံတွင် စစ်အာဏာသိမ်းမှု သုံးနှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်သည်။ အစိုးရက လုံခြုံရေးအခြေအနေကို တင်းတင်းကျပ်ကျပ် သတိပေးမှုများပြုလုပ်လျက်ရှိသည်။

အဆိုပါဆေးရုံသည် အငြိမ်းစားစစ်ဘက်အရာရှိများ အများအပြားတက်ရောက်ကုသသည့် ဆေးရုံတစ်ခုဖြစ်သည်။ ဒဏ်ရာရရှိသူများအနက် လေးဦးမှာ စစ်ဘက်အရာရှိ သို့မဟုတ် ရဲအရာရှိများဖြစ်သည်ဟု ဆိုသည်။

ယင်းပေါက်ကွဲမှုသည် ဗုံးပေါက်ကွဲမှုဖြစ်ဖွယ်ရှိကြောင်း အဆင့်မြင့်ရဲအရာရှိတစ်ဦးက အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောကြားသည်။

မကြာသေးမီကာလအတွင်း ထိုင်းနိုင်ငံတွင် ဗုံးပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဘန်ကောက်မြို့လယ် ဗုံးပေါက်ကွဲမှုကြောင့် ကမ္ဘာလှည့်ခရီးသည်များအပါအဝင် လူ ၂၀ သေဆုံးပြီး ၁၂၀ ဒဏ်ရာရရှိခဲ့သည်။

၂၀၁၆ ခုနှစ်တွင် နာမည်ကျော် ကမ်းခြေများဖြစ်သည့် ဖူးခက်နှင့် ဟွာဟင်းကမ်းခြေများအပါအဝင် အပန်းဖြေကမ်းခြေများတွင် ဗုံးပေါက်ကွဲမှုကြောင့် လေးဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့သည်။

နိုင်ငံတောင်ပိုင်းတွင်လည်း ခွဲထွက်ရေးလိုလားသည့် မွတ်စလင်စစ်သွေးကြွများ၏လက်ချက်ဟု ယူဆရသည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားခဲ့သည်။ ယခုလအစောပိုင်းတွင် ပတ်တနီမြို့ ဈေးဝယ်စင်တာတွင် ဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် လူ ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# တရုတ်-ရုရှား ရေနံပိုက်လိုင်းဖွင့်လှစ်ခဲ့ပြီးနောက် ငါးနှစ်တာကာလတွင် ရေနံစိမ်းတန်ချိန်သန်း ၁၀၀ ပေးပို့ခဲ့

**ဟာဘင် မေ ၂၂**

တရုတ်-ရုရှားရေနံပိုက်လိုင်းဖွင့်လှစ်ခဲ့ပြီးနောက် ငါးနှစ်တာကာလတွင် ရေနံစိမ်းတန်ချိန် သန်း ၁၀၀ အထိ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း ရေနံလုပ်ငန်းသတင်းရပ်ကွက်က ပြောကြားသည်။

ရုရှားအရှေ့ဖျားဒေသမှ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ပြည်နယ်များမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရေနံစိမ်းတင်ပို့ရာတွင် အဆိုပါ ပိုက်လိုင်းကို အသုံးပြုသည်။

ကီလိုမီတာ ၁၀၀၀ ရှည်လျားသော အဆိုပါရေနံပိုက်လိုင်းသည် ရုရှားနိုင်ငံ အမူရာဒေသရှိ ဆကိုဗိုရိုဒီနိုမြို့မှ အစပြုပြီး တရုတ်နိုင်ငံ ရှင်ကန်မြို့၌ ဝင်ရောက်ကာ ဟေလုံကျန်းပြည်နယ် တာ့ကျင်းမြို့၌ အဆုံးသတ်သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှစ၍ ယင်းပိုက်လိုင်းကို အသုံးပြု၍ ရေနံတင်ပို့ခဲ့သည်။

ရေနံပိုက်လိုင်းကို အသုံးပြုခြင်းဖြင့် ရေနံစိမ်းသယ်ယူပို့ဆောင်ရာတွင် ကုန်ကျစရိတ်များကို လျှော့ချနိုင်ပြီး ရုရှားမှ ရေနံတင်သွင်းမှုကို ထိထိရောက်ရောက်လုပ်ဆောင် နိုင်ကြောင်း၊ ယခင်ကမူ ရေနံစိမ်းကို သယ်ယူပို့ဆောင်နိုင်ရန် ရထားကို အသုံးပြုရကြောင်း တရုတ်ရေနံလုပ်ငန်း တာဝန်ရှိသူများက ပြောကြားကြသည်။

နှစ်နိုင်ငံရရှိခဲ့သော သဘောတူညီချက်အရ ၂၀၃၀ ပြည့်နှစ်အထိ အဆိုပါရေနံပိုက်လိုင်းကို အသုံးပြု၍ ရုရှားမှ တရုတ်နိုင်ငံသို့ တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၁၅ သန်း ပို့ဆောင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ရေနံစိမ်းတန်ချိန် သန်း ၅၆၀ ခန့် သုံးစွဲခဲ့သည်။ ယင်းရေနံစိမ်းပမာဏ၏ ၆၅ ရာခိုင်နှုန်းကို ပြည်ပမှ ဝယ်ယူတင်သွင်းသည်။ ရေနံသုံးစွဲမှုရော ပြည်ပမှ ရေနံတင်သွင်းမှုပမာဏပါ ဆက်လက်မြင့်တက်နေမည်ဟု မျှော်လင့်ရကြောင်း တရုတ်အမျိုးသား ရေနံလုပ်ငန်းကော်ပိုရေးရှင်းက ပြောကြားသည်။

**ဆင်ဟွာ။**

# လှည်းကူးမြို့နယ် လက်ပံလျှပ်စစ်ရေတင်စီမံကိန်းလုပ်ငန်း အပိုင်း(၂) ဆက်လက်ဆောင်ရွက်ရန် စီမံထားရှိပြီးဖြစ်

**နေပြည်တော် မေ ၂၂**
လှည်းကူးမြို့နယ် လက်ပံလျှပ်စစ်ရေတင်စီမံကိန်းလုပ်ငန်း အပိုင်း(၂)ဆက်လက်ဆောင်ရွက်ရန် ရန်ပုံငွေကျပ် ၂၄၆၈ ဒသမ ၃၈၄ သန်း ရရှိပြီးဖြစ်ကြောင်းနှင့် လုပ်ငန်းများ စတင်ရန် စီမံထားရှိပြီးဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေး တတိယနေ့တွင် ရှင်းလင်းပြောကြားသည်။

လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၏ **လှည်းကူးမြို့နယ်မှ လက်ပံလျှပ်စစ်ရေတင်စီမံကိန်း (အပိုင်း-၂ ကင်မွန်းချ်)ကို ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ထည့်သွင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးက ပျိုးထောင်ရေနှင့် အောင်ရေပေးဝေနိုင်ခြင်းတို့ကြောင့် လက်ပံလျှပ်စစ်ရေတင်စီမံကိန်း လုပ်ငန်းအပိုင်း(၂)သည် ဆက်လက်ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ပံလျှပ်စစ်ရေတင် စီမံကိန်းလုပ်ငန်း အပိုင်း(၂) ဆက်လက်ဆောင်ရွက်ရန် လိုအပ်ရန်ပုံငွေကျပ် ၂၄၆၈ ဒသမ ၃၈၄ သန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံခဲ့ရာ ရန်ပုံငွေရရှိပြီးဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေချထားပေးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရေးအတွက် စီမံထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၏ **ဆိုလာမီးလင်းရေး ဆောင်ရွက်ရာတွင် စာချုပ်ပါစည်းမျဉ်းစည်းကမ်းနှင့် အာမခံချက်ကို ဖောက်ဖျက်သော ကုမ္ပဏီအား အရေးယူပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဦးလှကျော်က ကျေးလက်မီးလင်းရေး ဆောင်ရွက်သည့် ကုမ္ပဏီများအား စာချုပ်ပါစည်းမျဉ်းစည်းကမ်းနှင့် အာမခံဖောက်ဖျက်ပါက တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ စာချုပ်ပါစည်းကမ်းချက်များအတိုင်း တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါဆွဲဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကုမ္ပဏီအား အမည်ပျက်စာရင်း ထည့်သွင်းသွားမည်ဖြစ်ပါကြောင်းနှင့် လိုအပ်ပါက တရားစွဲဆိုခြင်းအထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်နှင့် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်းတို့၏ ကျေးလက်လမ်း၊ တံတားတည်ဆောက်ရေးနှင့် လယ်ယာမြေများပြန်လည်ဖော်ထုတ်နိုင်ရေးဆိုင်ရာ မေးခွန်းများကိုလည်း ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားခဲ့သည်။



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်(ယာ) လွှတ်တော်တက်ရောက်လာစဉ်။**

အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းသည့်အဆို တင်သွင်းခဲ့ကြောင်း၊ ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား မိမိမှ ပြန်လည်ရှင်းလင်းခဲ့ပါကြောင်း၊ ရှင်းလင်းဆွေးနွေးရာတွင် တရားစီရင်ရေးကဏ္ဍ၌ အကျင့်ပျက်ခြစားမှုများကြောင့် ယိမ်းယိုင်တိမ်းစောင်းမှုများ ဖြစ်ပေါ်နေသည်ဟု စွပ်စွဲထားခြင်းဖြစ်သည့်အတွက် တရားရုံးများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် စွပ်စွဲပြောဆိုမှုများသည် တရားရုံးများကို မထီမဲ့မြင်ပြုရာရောက်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၁၇)၊ အပိုဒ် ၁၅၈၊ အပိုဒ်ခွဲ(ခ)တွင် မဆီလျော်သည့် အကြောင်းပြချက်များ၊ ခိုင်လုံသော အထောက်အထားမပါရှိသည့် ယူဆချက်များ၊ မသင့်လျော်သော အသုံးအနှုန်းများနှင့် ဂုဏ်သရေကိုထိခိုက်စေသော ဖော်ပြချက်များမပါရှိသော အဆိုဖြစ်ရမည်ဟု အတိအလင်းတားမြစ်ထားပါကြောင်း၊ တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေသည်ဆိုသည့်အဆိုသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ်(၁၅၈)၊ အပိုဒ်ခွဲ(ခ)နှင့် ဆန့်ကျင်နေပါကြောင်း၊ ထို့ကြောင့် ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို အလေးအနက်ထားပြီး လိုက်နာပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်ဟု ပြောကြားခဲ့ပါကြောင်း။

မိမိအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ထိခိုက်စေရန်၊ နစ်နာစေရန် ရည်ရွယ်ချက်လုံးဝမရှိပါကြောင်း၊ ရည်ရွယ်ချက်နှင့်ဆန္ဒမရှိသော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ထိခိုက်နစ်နာစေမှုများ ဖြစ်ပေါ်စေခဲ့သည့်အတွက် မိမိ၏ ဆွေးနွေးချက်များထဲမှ အထက်ပါအချက်များကို ပြန်လည်ရုပ်သိမ်းလိုပါကြောင်းနှင့် မှတ်တမ်းတင်ထားခြင်းမှပြန်ဖျက်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါကြောင်း၊ ဖော်ပြပါ ဆွေးနွေးတင်ပြခဲ့မှုများနှင့် ပတ်သက်၍ မိမိအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် တင်ပြလိုပါကြောင်း။

ဦးတင်ထွေး၏ အဆိုကို ပြန်လည်ဆွေးနွေးတင်ပြခဲ့သည့် အချက်များနှင့်ပတ်သက်ပြီး မိမိတွင်သာ တာဝန်ရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို လေးစားပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ထိခိုက်စေရန်၊ နစ်နာစေရန် ရည်ရွယ်ချက် မရှိ၊ မထင်မှတ်ဘဲ ဖြစ်ပွားခဲ့သည့်ကိစ္စရပ်ကို ခွင့်လွှတ်ပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းထားသည့် **ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လွန်ခဲ့သော နှစ်(၈၀)ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကို ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနေဝင်းတို့က ပါဝင်ဆွေးနွေးကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုတွင် တောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် အခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ပြီး စည်းကြပ်ကောက်ခံရန်ဟု ပါရှိသည့်အတွက် အဆိုကို ထောက်ခံကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပြီး လွှတ်တော်က ယင်းအဆိုကို အတည်ပြုကြောင်းဆုံးဖြတ်သည်။

ထို့ပြင် ယနေ့အစည်းအဝေး၌ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားခြင်း၊ "တူးမြောင်းဥပဒေကြမ်း" တင်သွင်းခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၂၅ ရက်တွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

**ကျော်သူထက် (သတင်းစဉ်)**

# မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၆၉ ကျောင်းအား ကျောင်းအဆင့်တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၂
၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၆၉ ကျောင်းအား ကျောင်းအဆင့်တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၏ မွန်ပြည်နယ် မုဒုံမြို့ စာစင်လမ်းမကြီးရပ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ အထူးအစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၁၁ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ငါးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၂၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ၁၀ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ရှစ်ကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း(ခွဲ) တစ်ကျောင်း စုစုပေါင်း ၆၉ ကျောင်းအား ကျောင်းအဆင့်တိုးမြှင့်ပေးရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မွန်ပြည်နယ် မုဒုံမြို့နယ် စာစင်လမ်းမကြီးရပ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် စုစုပေါင်းလယ်ဆင့်သင်ကျောင်းသား ကျောင်းသူ ၂၁၆ ဦးသာရှိပြီး ပင်မကျောင်းနှင့် ကုန်းလမ်းခရီး ခြောက်ဖာလုံခန့်သာ ကွာဝေးပါကြောင်း၊



**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း အမျိုးသားလွှတ်တော်တွင် ရှင်းလင်းဖြေကြားနေစဉ်။**

လတ်တလောတွင်လည်း အလယ်တန်းပညာသင်ကြားခွင့် ရရှိပြီးဖြစ်သည့်အတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ရန် လျာထားသတ်မှတ်ထားခြင်း မရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ ရခိုင်ပြည်နယ် မောင်တောမြို့နယ် (အမက) ကံပြင် (သာစည်)နှင့် (အမက) ဝေသာလီ စာသင်ကျောင်းတို့အား ဆောက်လုပ်ပြီးစီးမှုမရှိသည့် ကုမ္ပဏီများမှ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ပြုပြင်ပေးရန်နှင့် ပညာရေးဝန်ကြီးဌာနမှ ဆက်လက်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မောင်တောမြို့နယ် ဝေသာလီကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ပေ (၁၂၀ × ၃၀) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်နှင့် ပေ (၆၀×၃၀) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် နှစ်ဆောင် စုစုပေါင်း သုံးဆောင်ရှိပြီး စာသင်ကြားနိုင်သော ဧရိယာမှာ စတုရန်းပေ ၅၇၆၀ ရှိပါကြောင်း၊ အဆိုပါကျောင်း၌ ကျောင်းသား ကျောင်းသူ ၃၄ ဦး ပညာသင်ကြားသည့်အတွက် စာသင်ခန်းဧရိယာ အနေဖြင့် လုံလောက်ပါကြောင်း၊ အဆိုပါကျောင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ ငွေကျပ် ၂၁ ဒသမ ၆ သန်းဖြင့် အေးငြိမ်းကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျောင်းဆောင်၏ ဝရန်တာကြမ်းခင်းများ ပျက်စီးနေခြင်းတို့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကုမ္ပဏီမှ တာဝန်ရှိသူများအားခေါ်ယူ၍ ပျက်စီးနေသည့် အစိတ်အပိုင်းများကို ပြန်လည်ပြုပြင်စေခဲ့ပြီး ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အဆိုပါကုမ္ပဏီအား နာမည်ပျက်စာရင်းသွင်း၍ လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဆောက်လုပ်ခွင့်များ ရပ်ဆိုင်းထားပါကြောင်း ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်တို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဌေးဦးက အချက်ခြောက်ချက်ဖြင့် သက်ဆိုင်ရာ ပုဒ်မများအလိုက် ရှင်းလင်းဆွေးနွေးသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်ကော်မတီများတွင် ကော်မတီဝင်နေရာများ အစားထိုးဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)က ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ညီနောင်တိုင်းရင်းသားတို့၏ဆန္ဒကိုထင်ဟပ်စေမည့် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ

မောင်သောင်းဝင်း(တမန်ဟောင်း)

ငြိမ်းချမ်းရေးဆိုသောအသံသည် လူတိုင်း၏စိတ်နှလုံးကို ချမ်းမြေ့စေပါသည်။ တည်ငြိမ်အေးချမ်းမှုရှိသော ပတ်ဝန်းကျင်သည် တရားဥပဒေစိုးမိုးပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ဒီမိုကရေစီနိုင်ငံများသည် ငြိမ်းချမ်းရေးကို ဦးစွာခိုင်မာအောင် တည်ဆောက်ထားပြီးဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား တည်ငြိမ်အေးချမ်းမှုအပြည့်အဝရှိသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ထူထောင်နိုင်ရန်အတွက် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထာဝရငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မရေသောက်မြစ်ပင်ဖြစ်သည်။ ထိုသို့အသက်တမျှအရေးပါသော ထာဝရငြိမ်းချမ်းရေးရရှိရန်သည် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုများအကြား သံသယများဖယ်ရှားပြီး ရိုးသားပွင့်လင်းစွာဖြင့် ယုံကြည်မှုတည်ဆောက်သွားရန်လိုအပ်မည်ဖြစ်သည်။ ယုံကြည်မှုကိုဦးစွာတည်ဆောက်ပြီးမှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ထာဝရငြိမ်းချမ်းရေး

ကမ္ဘာပေါ်ရှိ တိုးတက်နေသောနိုင်ငံများသည် ပြည်တွင်းဆူပူသောင်းကျန်းမှုကင်းဝေးပြီး နိုင်ငံသားများအကြား ထာဝရငြိမ်းချမ်းရေး တည်ဆောက်ထားနိုင်သောကြောင့်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံသားများအကြား သံသယပွားနေသမျှကာလပတ်လုံး ထာဝရငြိမ်းချမ်းရေးသည် အလှမ်းကွာဝေးနေဦးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီအချိန်ကတည်းက ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင် ပဋိပက္ခသည် နှစ်ပေါင်း ၇၀ ကျော်နေပြီဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်အတွင်းငြိမ်းချမ်းရေးရရှိရန်သည် ပြည်သူအားလုံးတွင် တာဝန်ရှိပေသည်။ အထူးသဖြင့် တိုက်ရိုက်သက်ဆိုင်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတွင် များစွာတာဝန်ရှိပေသည်။ သက်ဆိုင်သူများအနေဖြင့် ကိုယ်စီအတ္တများကိုရှေ့တန်းမတင်ဘဲ တိုင်းပြည်နှင့် ပြည်သူများ၏အကျိုးကို မျှော်တွေးကာ ဆွေးနွေးအဖြေရှာသွားသင့်ပါသည်။

မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအသီးသီးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ သက်ဆိုင်သူများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံလျက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ခဲ့ခြင်းကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပေသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ဟုခေါ်ဆိုသော်လည်း လက်မှတ်ရေးထိုးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကျန်ရှိနေဆဲပင်ဖြစ်သည်။ ကျန်ရှိနေသော ထိုအဖွဲ့အစည်းများသာ ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဆိုလျှင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် အတိုင်းထက်အလွန်ပင်ဖြစ်သည်။

## ပထမအကြိမ် အစည်းအဝေး

လက်ရှိအစိုးရသည် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးကို အထူးအလေးထားဆောင်ရွက်လာသောကြောင့် ပြည်သူတစ်ဦးအနေဖြင့် များစွာအားတက်မိပါသည်။ အထူးသဖြင့် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထိုညီလာခံတွင် တိုင်းရင်းသားများသည် ၎င်းတို့၏အမြင် သဘောထားများကို လွတ်လပ်ပွင့်လင်းစွာဆွေးနွေးတင်ပြနိုင်ခဲ့ကြသည်။

ထိုငြိမ်းချမ်းရေးညီလာခံကြီးသည် တိုက်ပွဲရှောင်ပြည်သူများနှင့် တိုက်ပွဲများဖြစ်ပွားနေသည့် ဒေသများရှိ ပြည်သူများအတွက် မျှော်လင့်ချက်ရောင်ခြည်ပင်ဖြစ်သည်။ အထူးသဖြင့် ငြိမ်းချမ်းရေးညီလာခံကြီးမှ ပေါ်ထွက်လာသည့် ဆွေးနွေးမှုရလဒ်ကောင်းများသည် မျိုးဆက်သစ်များအတွက် တန်ဖိုးမဖြတ်နိုင်သော ငြိမ်းချမ်းရေးအမွေဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။

## ဒုတိယအကြိမ် အစည်းအဝေး

ထို့အပြင် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကိုလည်း နေပြည်တော်တွင် ၂၀၁၇ ခုနှစ် မေလ ၂၄ ရက်မှ ၂၈ ရက်အထိ ၅ ရက်ကြာ ကျင်းပသွားတော့မည်ဖြစ်သည်။ အထူးသဖြင့် ၂၀၁၇ ခုနှစ် မေလ ၁၂ ရက်နေ့၌ပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေးတွင် သဘောတူညီမှုရရှိခဲ့သော နိုင်ငံရေးကဏ္ဍခေါင်းစဉ်ကြီးခြောက်ခု၌ အချက်ပေါင်း ၂၁ ချက်၊ စီးပွားရေးကဏ္ဍခေါင်းစဉ်ကြီး ခုနစ်ခု၌ အချက်ပေါင်း ၁၀ ချက်၊ လူမှုရေးကဏ္ဍ၌ အချက်ပေါင်း လေးချက်၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ၌ အချက်ပေါင်း ခြောက်ချက်၊ စုစုပေါင်း ၄၁ ချက်ကို ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တင်သွင်းပြီး အတည်ပြုချက်များ ရယူသွားမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံရေးခေါင်းစဉ်ကြီးခြောက်ခု၌ သဘောတူညီခဲ့သည် အချက်ပေါင်း ၂၁ ချက်၌ မြန်မာ့သမိုင်းတွင်မရှိခဲ့ဖူးသည့် ဖက်ဒရယ်ဆိုင်ရာ သဘောတူညီချက်များကို ရရှိခဲ့ခြင်းဖြစ်သည်။ ညီနောင်တိုင်းရင်းသားများအတွက် အားတက်ဖွယ်ရာပင်ဖြစ်သည်။ ထိုညီလာခံကြီးတွင် အပြုသဘောဆောင်သော ရလဒ်များထွက်ပေါ်လာမည်ဟုလည်း ခိုင်မာစွာယုံကြည်မိပါသည်။

## ဆန္ဒရှိမှအောင်မြင်

၂၀၁၇ ခုနှစ် မေလ ၁၂ ရက်နေ့တွင်ပြုလုပ်သည့် (UPDJC) အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ဒီလိုငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်လို့ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဟာ နောက်ဆုံးက ဆန္ဒနဲ့ပဲဆိုင်ပါတယ်။ ဆန္ဒကလွဲလို့ တခြားမဖြစ်နိုင်စရာအကြောင်းဘာမှမရှိပါဘူး။ အောင်မြင်ခြင်းတရားလေးပါးဆိုတာ ဆန္ဒနဲ့ပဲစတာပါ။ ငြိမ်းချမ်းရေးလိုချင်ရင် ဘယ်လိုနည်းနဲ့မဆို ကျွန်မတို့ရယူလို့ရပါတယ်။ ငြိမ်းချမ်းရေးမလိုချင်ရင်တော့ နည်းအမျိုးမျိုးနဲ့ ငြိမ်းချမ်းရေးကြန့်ကြာအောင်လုပ်တယ်ဆိုတာဖြစ်နိုင်ပါတယ်။ ကျွန်မတို့ဟာ တကယ်ပဲဆန္ဒရှိရဲ့လား။ တကယ်ဆန္ဒရှိမှ တခြား ဝီရိယ၊ စိတ်ဓာတ်၊ ပညာတို့နဲ့ ကျွန်မတို့ပံ့ပိုးပြီး အောင်မြင်ခြင်းကို ရနိုင်မှာပါ” ဟု ငြိမ်းချမ်းရေးအမှန်တကယ်လိုချင်လျှင် ရနိုင်ကြောင်းကို အလေးထားပြောသွားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခသည် ဆယ်စုနှစ်များစွာကြာမြင့်နေပြီဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းရင်းသားများ၏အကျိုးကို အမှန်တကယ်ဖော်ဆောင်လိုလျှင်၊ မျိုးချစ်စိတ်ဓာတ် အမှန်တကယ်ထက်သန်လျှင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အချိန်ဆွဲမထားဘဲ ဆောလျင်စွာလက်မှတ်ရေးထိုးသင့်ပေသည်။ ကျိုးကြောင်းခိုင်လုံမှုမရှိသည့် မဖြစ်နိုင်သော၊ မဖြစ်သင့်သော တောင်းဆိုချက်များကို တစ်ဖက်သတ်စွဲကိုင်တောင်းဆို အချိန်ဆွဲထားမည်ဆိုလျှင် အပြစ်မဲ့သော တိုင်းရင်းသားပြည်သူများသာ နစ်နာကြမည်ဖြစ်သည်။ ငြိမ်းချမ်းရေး မြန်မြန်ဆန်ဆန်ရရှိမည်ဆိုလျှင် ပြည်သူများသည် အေးချမ်းသာယာတိုးတက်မှု အသီးအပွင့်ကို လျင်မြန်စွာခံစားကြရမည်ဖြစ်သည်။

အထူးသဖြင့် NCA လက်မှတ်ရေးထိုးရန်ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ဦးစွာလက်မှတ်ရေးထိုးသွားရန်လိုအပ်သည်။ သို့မှသာလျှင် နိုင်ငံရေးဆွေးနွေးမှုစားပွဲဝိုင်းသို့ ပါဝင်လာနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ၎င်းတို့လိုလားသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ခိုင်မာသောသန္နိဋ္ဌာန်

ထာဝရငြိမ်းချမ်းရေး သဘောတူညီချက်ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းလာသည်မှာ နှစ်ပေါင်း ၇၀ ကျော်နေပြီဖြစ်သည်။ အချိန်ထပ်မံဆွဲဖို့ရန် မသင့်တော့ချေ။ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။ မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေထားရှိနိုင်ရန် ရိုးသားပွင့်လင်းမှု လိုအပ်နေပြီဖြစ်သည်။ အထူးသဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို အမှန်တကယ်သယ်ပိုးလိုကြောင်း အလုပ်ဖြင့်သက်သေပြသွားရန် လိုအပ်နေပြီဖြစ်သည်။

အဆွေစာရှုသူသည် ကျည်လွတ်မြေတွင် မိသားစု၊ ဆွေမျိုးသားချင်းများနှင့်အတူ မတောင့်မတ၊ မကြောင့်မကြဖြင့် စိတ်လက်အေးချမ်းစွာအသက်ရှင်နေထိုင်ခွင့်ရရှိနေသော်လည်း ဒုက္ခသည်စခန်းများရှိ တိုက်ပွဲရှောင်ပြည်သူများသည် များစွာအတိဒုက္ခရောက်နေကြရသည်။ နေ့စဉ်ဘဝကိုစိတ်ဆင်းရဲခြင်းများစွာဖြင့် ဖြတ်သန်းနေကြရသည်။ အထူးသဖြင့် ပညာသင်ကြားခွင့်မရရှိသည့် အနာဂတ်ပျောက်ဆုံးနေသော ကလေးငယ်များ၊ ခိုကိုးရာမဲ့ဖြစ်နေသော အားနွဲ့သည့်အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများသည် ငြိမ်းချမ်းရေးကို မျှော်လင့်ချက်ကြီးစွာတောင့်တနေကြသည်။ ထိုတိုင်းရင်းသားများသည် ငြိမ်းချမ်းရေးမတည်ဆောက်နိုင်ခြင်းအတွက် ရင်ထဲတွင် တနုံ့နုံ့ဖြင့်မချိတင်ကဲခံစားနေရသည်မှာ ကာလကြာမြင့်နေပြီဖြစ်သည်။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

တိုင်းပြည်လွတ်လပ်ရေးရရှိခဲ့သည်မှာ ဆယ်စုနှစ်များစွာကြာသည့်တိုင်အောင် တိုက်ပွဲဖြစ်ပွားနေသော ဒေသများရှိ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝသည် များစွာနိမ့်ကျနေဆဲပင်ဖြစ်သည်။ ထိုအပြစ်မဲ့ပြည်သူများကို လက်တွဲခေါ်ဆောင်နိုင်ရန်သည် ကျွန်ုပ်တို့အားလုံးတွင် တာဝန်များရှိနေပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အကျိုးစီးပွားကိုဖော်ဆောင်မည့် ဟန်ပြသဘောမျိုးသာလုပ်မနေဘဲ ရိုးသားပွင့်လင်းပြီး စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ဆောင်ရွက်သင့်ပါသည်။

လက်ရှိအစိုးရသည် တိုင်းပြည်အတွင်း ပြည်သူအားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကိုသာ ဖော်ဆောင်ပေးနိုင်မည်ဆိုလျှင် မြန်မာနိုင်ငံအား ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိဖြင့် ရပ်တည်နိုင်အောင် ဆောင်ကြဉ်းပေးနိုင်တော့မည်ဖြစ်သည်။ ဒီမိုကရေစီအစိုးရလက်ထက်တွင် အင်အားကြီးနိုင်ငံများသည်ပင်လျှင် မြန်မာနိုင်ငံကို တလေးတစားဆက်ဆံလာနေကြပြီဖြစ်သည်။ ထို့ကြောင့်စနစ်တစ်ခုကောင်းလျှင် ထိုနိုင်ငံရှိပြည်သူများ လူမွေးလူတောင်ပြောင်မည်ဖြစ်သလို စနစ်မှားယွင်းလျှင်လည်း ပြည်တွင်းစစ်မီးများ တောက်လောင်လာပြီး တိုင်းပြည်နှင့်လူမျိုးသာမွဲပြာကျသွားရမည်ဖြစ်သည်။

## ရိုးသားပွင့်လင်းစွာဆွေးနွေး

အတိတ်ကမည်သို့ပင်ဖြစ်ခဲ့စေကာမူ လက်ရှိပစ္စုပ္ပန်တွင် တာဝန်ထမ်းဆောင်နေသည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အနာဂတ်အတွက် ရိုးသားပွင့်လင်းသည့် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်သွားသင့်ပေသည်။ ထိုသို့ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေနိုင်သည့် အချက်များကို အထူးသတိထားရှောင်ကြဉ်သွားရန်လည်း လိုအပ်သည်။ ပြည်သူအားလုံး၏ တူညီသောရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးသာဖြစ်သောကြောင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ရိုးသားပွင့်လင်းစွာဆွေးနွေးသွားမည်ဆိုလျှင် ငြိမ်းချမ်းရေးမရရှိရန် အကြောင်းမရှိချေ။

အပစ်အခတ်ရပ်စဲပြီး ထာဝရငြိမ်းချမ်းရေးကိုသာ တည်ဆောက်နိုင်မည်ဆိုလျှင် မြန်မာနိုင်ငံသည် ဒေသတွင်းအဆင့်သာမက ကမ္ဘာ့အဆင့်အထိ တိုးတက်စည်ပင်လာမည်ဖြစ်သည်။ နယ်စပ်ဒေသများတွင် သေနတ်သံ၊ ဗုံးသံများ တိတ်ဆိတ်သွားပြီး ကလေးငယ်များ၏ စာဖတ်သံများ လွင့်ပျံ့လာတော့မည်ဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

အတိတ်ကတိုက်ပွဲများကြောင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ မဖော်ဆောင်နိုင်သည့် နယ်စပ်ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် နောင်မျိုးဆက်သစ်များအတွက် အခြေခံကောင်းများ ဖန်တီးနိုင်မည်ဖြစ်သည်။ “ရေမြင့်ကြာတင့်” ဆိုသလို ဖွံ့ဖြိုးမှုအခြေခံအဆောက်အအုံများရှိနေသော တိုင်းပြည်ရှိ နိုင်ငံသားများသည် အခြေခံပညာတတ်မြောက်လာသဖြင့် တွေးခေါ်မြော်မြင်နိုင်စွမ်းပါ မြင့်တက်လာမည်ဖြစ်သည်။ ဉာဏ်ရည်မြင့်မားသော နိုင်ငံသားများဖြင့်ဖွဲ့စည်းထားသောတိုင်းပြည်သည် တိုးတက်မှုရရှိနေမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

## မဝေးတော့သည့်အနာဂတ်

ဤနေရာတွင် အပစ်အခတ်ရပ်စဲထားသည်ဖြစ်စေ၊ မရပ်စဲရသေးသည်ဖြစ်စေ အားလုံးသည် ပြည်ထောင်စုဖွားတိုင်းရင်းသားများသာဖြစ်ကြသည်။ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တိုင်းရင်းသာညီအစ်ကိုများအကြား ညီရင်းအစ်ကိုပမာ အကျေအလည်ဆွေးနွေးသွားကြမည်ဆိုလျှင် မဝေးတော့သည့်အနာဂတ်တွင် ငြိမ်းချမ်းရေးပန်းတိုင်သို့ရောက်ရှိမည်မှာ အမှန်ပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ထာဝရငြိမ်းချမ်းရေးသည် ပြည်ထောင်စုဖွားတိုင်းရင်းသားများအတွက် အသက်တမျှပင် အရေးပါလျက်ရှိပေသည်။ ထိုငြိမ်းချမ်းရေး ရရှိရေးအတွက် အစိုးရ၊ တပ်မတော်နှင့် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အပူတပြင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

NCA လက်မှတ်ရေးထိုးရန်ကျန်ရှိနေသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း နိုင်ငံရေးဆွေးနွေးမှု မူဘောင်တွင်ပါဝင်နိုင်ရေးအတွက် အပစ်အခတ်ရပ်စဲရန် အချိန်တန်နေပြီဖြစ်သည်။ အကျိုးအကြောင်းမခိုင်လုံဘဲ အချိန်ဆွဲမထားသင့်တော့ပေ။ မိမိတို့၏အတ္တနှင့် မာနတို့ကို ရှေ့တန်းမတင်ဘဲ လူမျိုးနှင့်ဒေသအကျိုးကိုငဲ့ကွက်သင့်ပေသည်။ အထူးသဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် စိတ်ကောင်းစေတနာဖြင့် ရိုးသားပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းအဖြေရှာသွားသင့်ပါသည်။

အထူးသဖြင့် မေလ ၂၄ ရက်နေ့တွင် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကို ကျင်းပသွားတော့မည်ဖြစ်သည်။ ထိုညီလာခံကြီးတွင် တိုင်းရင်းသားညီအစ်ကိုများအကြား ငြိမ်းချမ်းရေးအတွက် ရိုးသားပွင့်လင်းစွာအဖြေရှာသွားသင့်သည်။

(UPDJC) အစည်းအဝေးတွင် သဘောတူညီခဲ့သည့် အချက် ၄၁ ချက်ကိုလည်းအတည်ပြုချက်ရရှိအောင် တညီတညွတ်တည်းဆုံးဖြတ်သွားသင့်ပေသည်။ သို့မှသာလျှင် တိုင်းပြည်အတွင်းထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အနာဂတ်တွင် ညီနောင်တိုင်းရင်းသားများ၏ စိတ်ကူးအိပ်မက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို တက်ညီလက်ညီတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းပါရစေ။

# မြန်မာနိုင်ငံအနေနဲ့ ကိုယ်ပိုင်အမျိုးသားရေးအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အောင်မြင်လိမ့်မယ်လို့ မျှော်လင့်

**The Global New Light of Myanmar သတင်းစာတွင် မေ ၂၀ ရက်က ဖော်ပြပါရှိခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်-**

**ဘာသာပြန်- သာစိန်၊ ကျော်ထိုက်စိုး**

**(ယမန်နေ့မှ အဆက်)**

မေး- မြန်မာနိုင်ငံရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ အသွင်ကူးပြောင်းရေးရဲ့ ရလဒ်အပေါ် အဆွေတော်ရဲ့ အမြင်ကိုသိချင်ပါတယ်။

ဖြေ- မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးက ၂၀၁၀ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ အဲ့ဒီမတိုင်ခင်မှာ ပြင်ဆင်မှုတွေအများကြီးလုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲ ချောချောမောမောနဲ့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာတွေ့ရလို့ အလွန်ဝမ်းမြောက်ရပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ အစိုးရဟောင်းကနေ လက်ရှိအစိုးရကို ချောချောမွေ့မွေ့နဲ့ ငြိမ်းငြိမ်းချမ်းချမ်း အာဏာလွှဲပြောင်းပေးခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အခုအချိန်အခါမှာ ပြုပြင်ပြောင်းလဲရေးတွေနဲ့အတူ နိုင်ငံတကာ အသိုက်အဝန်းထဲ ဝင်ရောက်လာတာကိုတွေ့ရလို့ ဝမ်းမြောက်မိပါတယ်။

### ဦးစွာချီးကျူး

ဒါတွေဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ကြီးမားတဲ့အောင်မြင်မှုတစ်ရပ်ပါ။ ဒီအောင်မြင်မှုအတွက် မြန်မာပြည်သူတွေကို ဦးစွာချီးကျူးရမှာဖြစ်ပါတယ်။ ထို့အတူပဲ တပ်မတော်အပါအဝင် နိုင်ငံရေးပါတီကြီးများရဲ့ ပါဝင်ပတ်သက်မှုနဲ့ ကူညီပံ့ပိုးမှုများကလည်း အသွင်ကူးပြောင်းရေးအောင်မြင်ဖို့ အလွန်အရေးပါကြောင်း တွေ့မြင်ရပါတယ်။

ဒီမိုကရေစီဆိုတာဟာ ပြည်သူတွေအတွက် လိုအပ်တဲ့ ပြည်သူ့အစိုးရကို ပြည်သူက ရွေးကောက်တင်မြှောက်တာဖြစ်ပါတယ်။ ဒါနိုင်ငံအားလုံးအတွက် တူညီတဲ့ စိတ်ခံစားမှုနဲ့ တူညီတဲ့တန်ဖိုးဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံတစ်နိုင်ငံအနေနဲ့ သူ့ရဲ့ကိုယ်ပိုင်အမျိုးသားရေးအခြေအနေတွေ ရှိမှာဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ ကိုယ်ရဲ့ ကိုယ်ပိုင်အမျိုးသားရေးအခြေအနေတွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို လုပ်ဆောင်ရမှာပဲဖြစ်ပါတယ်။ နိုင်ငံအားလုံးဟာ ဒီအသွင်ကူးပြောင်းရေးကို မလွဲမသွေလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုယ်ပိုင်အမျိုးသားရေးအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှာ အောင်မြင်မှုရလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

### အဓိကနှစ်ပိုင်း

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှာ အဓိကအရေးအကြီးဆုံးက အမျိုးသားပြန်လည်သင့်မြတ်ရေးပဲဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ အဓိကအားဖြင့် နှစ်ပိုင်းပါဝင်တယ်လို့မြင်ပါတယ်။ ပထမအပိုင်းကတော့ တပ်မတော်အပါအဝင် အဓိကနိုင်ငံရေးပါတီကြီးများအကြား အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်ပြီး ဒုတိယအပိုင်းကတော့ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်များအကြား အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်ပါတယ်။

အဲ့ဒီအစိတ်အပိုင်းနှစ်ခုဟာ မြန်မာနိုင်ငံမှာ လုပ်ဆောင်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး အောင်မြင်ဖို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။ NLD အစိုးရအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ဆောင်ရာမှာ အားလုံးပါဝင်တဲ့ ချဉ်းကပ်မှုနည်းလမ်းကို အသုံးပြုတာတွေ့ရလို့ အလွန်ဝမ်းမြောက်မိပါတယ်။ အဲ့ဒီအတွက် မြန်မာပြည်သူတွေသာမက နိုင်ငံတကာ အသိုက်အဝန်းကပါ ချီးမွမ်းကြပါတယ်။

### ဆန္ဒရှိရင် နည်းလမ်းရှိ

မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ များစွာကြုံတွေ့ခဲ့ရတယ်ဆိုတာ သိရပါတယ်။ သို့သော်လည်း ဆန္ဒရှိရင် နည်းလမ်းရှိတယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ မြန်မာရဲ့ အိမ်နီးချင်းဖြစ်တဲ့ တရုတ်နိုင်ငံအနေနဲ့ အဲ့ဒီအသွင်ကူးပြောင်းရေးအောင်မြင်ဖို့အတွက် လိုအပ်တဲ့ အခန်းကဏ္ဍကနေ ပါဝင်ကူညီမှာဖြစ်ပါတယ်။

မေး- မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ အစိုးရက ကြိုးပမ်းအကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ယင်းလုပ်ငန်းစဉ်အပေါ် တရုတ်နိုင်ငံရဲ့ ကတိကဝတ်နဲ့ပတ်သက်ပြီး အဆွေတော်ပြောသွားတာ ရှိပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တရုတ်နိုင်ငံရဲ့ပံ့ပိုးမှုနဲ့ပတ်သက်ပြီး ထပ်ပြောပြပေးစေချင်ပါတယ်။

ဖြေ- မြန်မာနိုင်ငံဟာ အဓိကပြဿနာကြီးနှစ်ရပ်နဲ့ ရင်ဆိုင်နေရပါတယ်။ ပထမပြဿနာကတော့ ငြိမ်းချမ်းရေးဖြစ်ပြီး ဒုတိယပြဿနာကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါတယ်။ ပဋိပက္ခဖြစ်ပွားတဲ့ဒေသမှာ ငြိမ်းချမ်းရေးဟာ ဒေသခံပြည်သူတွေရဲ့ ဦးစားပေးအရေးကိစ္စဖြစ်ပြီး အခြားသောဒေသမှာတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ အဲ့ဒီဒေသတွေမှာရှိတဲ့ ပြည်သူတွေရဲ့ အဓိကအရေးကိစ္စဖြစ်ပါတယ်။

### တစ်ခုနဲ့တစ်ခု ကျားကန်

ကျွန်တော့်အနေနဲ့ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ မြန်မာနိုင်ငံအတွက် ညီတူညီမျှ အရေးကြီးတယ်လို့မြင်ပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဖွံ့ဖြိုးတိုးတက်မှုရနိုင်မှာမဟုတ်သလို ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲနဲ့ ငြိမ်းချမ်းရေးဟာ တည်တံ့ခိုင်မြဲမှာမဟုတ်ပါဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ အတူတူသွားရမှာဖြစ်ပြီး တစ်ခုနဲ့တစ်ခု ကျားကန်ပေးမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်တဲ့အတွက် အောင်မြင်မှုအချို့ရရှိနေပါပြီ။ များမကြာမီမှာ နောက်ထပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ထပ်ပြီးလက်မှတ်ထိုးလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ပြီးခဲ့တဲ့နှစ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံ ပထမအကြိမ် ကျင်းပရာမှာ အောင်မြင်မှုရတာကိုတွေ့မြင်ရလို့ အလွန်ဝမ်းမြောက်ရပါတယ်။ မကြာမီကျင်းပမယ့် ဒုတိယအကြိမ် ညီလာခံဟာလည်း နောက်ထပ်အောင်မြင်မှု တစ်ခုဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

### အပြန်အလှန်လုပ်ငန်းစဉ်

အမှန်တကယ်တော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ အပြန်အလှန်နားလည်မှုနဲ့ အပြန်အလှန်ယုံကြည်မှုတည်ဆောက်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ပါ။ လက်နက်ချခြင်း(သို့မဟုတ်)ထိပ်တိုက်ရင်ဆိုင်မှုကို စွန့်လွှတ်ခြင်းဆိုတဲ့ ကိစ္စတစ်ရပ်တော့ လုံးဝမဟုတ်ပါဘူး။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှင်းရှင်းလင်းလင်းပြောခဲ့သလို ကျွန်တော်တို့ဟာ ကိုယ်ယူနိုင်တာထက် ကိုယ်ပေးနိုင်တာကို ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ ပေးခြင်းဟာ ယူခြင်းထက် ပို၍အရေးကြီးလို့ပါပဲ။ အဲ့ဒီ အယူအဆဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ရာအတွက် အလွန်ပဲ အရေးကြီးတယ်လို့ ထင်ပါတယ်။ ကိုယ်ရဲ့အရေးကိစ္စကို ထည့်သွင်းစဉ်းစားတဲ့အချိန်မှာ သူများရဲ့အရေးကိစ္စကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုတယ်ဆိုတာပါပဲ။ ကျွန်တော်တို့ဟာ တစ်ဦးကိုတစ်ဦး ထည့်သွင်းစဉ်စားသင့်ပါတယ်။ ဒီနည်းလမ်းဖြင့်သာ အပြန်အလှန်နားလည်မှုနဲ့ အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်မှာဖြစ်ပြီး အဲ့ဒီကနေ တစ်ဆင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။

### ချန်ရစ်ခဲ့တာ မဖြစ်သင့်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးမှာ လူတိုင်းပါဝင်ခွင့်ရဖို့ဆိုတာ အလွန်ပဲအရေးကြီးပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဘယ်အဖွဲ့အစည်းကိုမှ လျစ်လျူရှုတာ သို့မဟုတ် ချန်ရစ်ခဲ့တာတို့ မဖြစ်သင့်ပါဘူး။ ဘယ်လိုတွေ့ဆုံဆွေးနွေးမှု ပုံစံမျိုးမဆို အပြန်အလှန်နားလည်မှုနဲ့ အပြန်အလှန်ယုံကြည်မှုမြှင့်တင်ဖို့ ကနဦးခြေလှမ်းပါပဲ။ အထူးသဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအဖို့ တွေ့ဆုံဆွေးနွေးပွဲဟာ ပိုအရေးကြီးပါတယ်။

တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုတင်သတ်မှတ်ချက်တွေ ချမှတ်တာဟာ လက်တွေ့မကျဘူးလို့ ထင်ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲဟာ ကြိုတင်သတ်မှတ်ချက်တွေကြောင့် မပျက်ပြားသင့်ပါဘူး။ လက်မှတ်ထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အသီးအပွင့်တွေကို တွေ့မြင်ခံစားရဖို့က အရေးကြီးပါတယ်။ အဲ့ဒီလုပ်ငန်းစဉ်ကနေ ၎င်းတို့ရဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမြှင့်တင်နိုင်ဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ အကျိုးတရားတွေ ရရှိလိုကြပါတယ်။ ဒါကလည်း အစိုးရအနေနဲ့ နောက်ထပ်လုပ်ပေးရမယ့် လုပ်ငန်းတွေပါ။ လက်မှတ်ရေးထိုးပြီးတဲ့ အဖွဲ့တွေရဲ့ဒေသတွေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းဟာ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေအတွက် ကောင်းမွန်တဲ့ စံနမူနာတစ်ရပ်ဖြစ်လာမှာဖြစ်ပြီး ထိုမှတစ်ဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးလိုတဲ့စိတ်ကို ဖြစ်ပေါ်လာစေမှာ ဖြစ်ပါတယ်။

မေး- မကြာသေးမီက ပေကျင်းမြို့မှာကျင်းပတဲ့ ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အကြောင်း ပြောပြနိုင်မလား။ တရုတ်-မြန်မာ အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး အဆွေတော်ရဲ့ မျှော်လင့်ချက်ကရော ဘာဖြစ်မလဲ။

ဖြေ- ရပ်ဝန်းနဲ့ ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကတော့ အလွန်ကိုအောင်မြင်ပါတယ်။ မြန်မာအစိုးရရဲ့ အားပေးထောက်ခံမှုကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ဖိုရမ်ကိုတက်ရောက်ခဲ့ပြီး သမ္မတရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် လီခချန်းတို့နဲ့ အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို အထူးကျေးဇူးတင်ရှိပါတယ်။ သမ္မတရှီကျင့်ဖျင် ရှင်းရှင်းလင်းလင်း ပြောကြားခဲ့တဲ့အတိုင်း ရပ်ဝန်းနဲ့ ပိုးလမ်းမဟာ ကနဦးအနေနဲ့ ငြိမ်းချမ်းရေးအတွက် လမ်းကြောင်းတစ်ခုဖြစ်ရမှာဖြစ်ပြီး နောက်ပိုင်းမှာတော့ သာယာဝပြောရေးအတွက် လမ်းကြောင်းတစ်ခုဖြစ်မှာ ဖြစ်ပါတယ်။ ရပ်ဝန်းနဲ့ပိုးလမ်းမစီမံကိန်းနှင့်ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းနဲ့ ပူးပေါင်းဆောင်ရွက်ကြမလဲဆိုတဲ့ ကျွန်တော်တို့ရဲ့ယူဆချက်တွေ၊ အမြင်တွေ တော်တော်များများ တူညီကြတယ်လို့ ထင်ပါတယ်။

### ကြီးမားတဲ့အန္တရာယ်

ဒီနေရာမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ထပ်လောင်းပြောချင်ပါသေးတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မြန်မာနိုင်ငံအတွက်သာမက တရုတ်နိုင်ငံအတွက်ပါ အလွန်ကြီးမားတဲ့အရေးကိစ္စတစ်ခုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်နိုင်ငံအနေနဲ့ လွန်ခဲ့တဲ့နှစ်တွေမှာ မြန်မာနိုင်ငံမြောက်ပိုင်းက ပဋိပက္ခတွေကြောင့် နစ်နာဆုံးရှုံးမှုများစွာရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းက ပဋိပက္ခတွေဟာ တရုတ်-မြန်မာနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ကြီးမားတဲ့အန္တရာယ်ပါပဲ။

ဒါကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မြန်မာပြည်သူတွေအတွက်သာမက တရုတ်ပြည်သူတွေအတွက်ပါ အရင်းအနှီးကြီးမားပါတယ်။ ပဋိပက္ခဖြစ်ပွားခဲ့ချိန်မှာ မြန်မာပြည်သူများစွာ တရုတ်နိုင်ငံဘက်သို့ ထွက်ပြေးခဲ့ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တွေဟာ ကျွန်တော်တို့ရဲ့ ပေါက်ဖော်ညီရင်းအစ်ကိုတွေဖြစ်တဲ့အတွက် ကောင်းကောင်းမွန်မွန်ပဲ ဆက်ဆံပါတယ်။ သူတို့အတွက် နေရာချထားရေးအစီအစဉ်ကိုလည်း ကောင်းမွန်စွာ လုပ်ဆောင်ပေးခဲ့ပါတယ်။

### ဖိအားပေးခြင်းဖြင့် မအောင်မြင်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်နိုင်ရေးအတွက် တရုတ်အစိုးရက မြန်မာအစိုးရကို ကူညီပံ့ပိုးနေပါတယ်။ ပင်လုံညီလာခံစိတ်ဓာတ်ကိုအခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ပင်လုံညီလာခံစိတ်ဓာတ်ရဲ့ ဆိုလိုရင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဖိအားပေးခြင်း သို့မဟုတ် ထိပ်တိုက်ရင်ဆိုင်တဲ့နည်းလမ်းတွေနဲ့ မအောင်မြင်နိုင်ဘဲ ငြိမ်းချမ်းစွာ စေ့စပ်ဆွေးနွေးရေးနည်းလမ်းဖြင့်သာလျှင် အောင်မြင်နိုင်မယ်လို့မြင်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ တောင်းဆိုချက်တွေဟာ သင့်တင့်လျောက်ပတ်ဖို့လိုအပ်သလို သူတို့ရဲ့သင့်တင့်လျောက်ပတ်တဲ့တောင်းဆိုချက်တွေကိုလည်း ထည့်သွင်းစဉ်းစားပေးဖို့နဲ့ လေးစားသမှုပြုဖို့ လိုလိမ့်မယ်ထင်ပါတယ်။

မြန်မာဘက်က လိုအပ်ချက်အရ တရုတ်အစိုးရဟာ မြန်မာအစိုးရကိုကူညီပံ့ပိုးဖို့နဲ့ မြန်မာအစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေအကြား ဆွေးနွေးပွဲဖြစ်ထွန်းစေဖို့အတွက် အထူးသံတမန်တစ်ဦးကို ခန့်အပ်ထားပြီးဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်အစိုးရနဲ့ မြန်မာအစိုးရဟာ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ နှစ်နိုင်ငံက တပ်မတော်ကိုယ်စားလှယ်တွေ ဦးဆောင်တဲ့ ၂+၂ အဆင့်မြင့်ညှိနှိုင်းတိုင်ပင်ရေးအဖွဲ့ဖြစ်တဲ့ ယန္တရားအသစ်တစ်ရပ်ကို ဖော်ဆောင်ခဲ့ကြပါတယ်။ ကျွန်တော်တို့တစ်တွေဟာ ထိရောက်တဲ့ ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု နှစ်ကြိမ်လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီယန္တရားရဲ့ အဓိကလုပ်ငန်းဟာ နယ်စပ်ဒေသ အေးချမ်းတည်ငြိမ်မှုရရှိရေးနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တရုတ်နှင့်မြန်မာတို့အကြားပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေးပဲဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ မြောက်ဘက်ခြမ်းအတွက် ဖြစ်ပါတယ်။

### စာနိုင်သမျှ လက်မှတ်ထိုးရေး

တရုတ်အစိုးရဟာ မြန်မာအစိုးရ၊ တပ်မတော်နဲ့ မြန်မာနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား ဆွေးနွေးပွဲပြန်လည်စတင်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ အစွမ်းကုန်ကြိုးစားနေပါတယ်။ မြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တက်ကြွစွာပါဝင်ဖို့နဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို စာနိုင်သမျှစာအောင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် တိုက်တွန်းအကြံပြုခဲ့ပါတယ်။ ဒါတင်မကဘဲ မြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရာမှာ ပိုပြီးပြောင်းလွယ်ပြင်လွယ်ရှိတဲ့ ချဉ်းကပ်မှုနည်းလမ်းကိုအသုံးပြုဖို့နဲ့ ၎င်းတို့အနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးလိုစိတ်ရှိလာအောင် စည်းရုံးသိမ်းသွင်းဖို့ တရုတ်အစိုးရအနေနဲ့ မြန်မာအစိုးရနဲ့ တပ်မတော်ကို အကြံပြုခဲ့ပါသေးတယ်။

လက်ရှိအနေအထားအရ တရုတ်အစိုးရရဲ့ လက်ငင်းတာဝန်ကတော့ တရုတ်-မြန်မာနယ်စပ်ဒေသမှာရှိတဲ့ ပဋိပက္ခကို ကာကွယ်တားဆီးရေးပဲဖြစ်ပါတယ်။ ထိုလက်ငင်းတာဝန်နဲ့ပတ်သက်ပြီး တရုတ်နိုင်ငံဘက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ တပ်မတော်အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ အခါမလပ် ဆက်သွယ်မှုပြုလုပ်နေပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းတွေကလည်း ထိန်းထိန်းသိမ်းသိမ်းရှိကြမယ်လို့ မျှော်လင့်ပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်အနေနဲ့ မိမိရဲ့ နယ်စပ်တစ်လျှောက်မှာ အရေးပေါ်အခြေအနေဖြစ်လာခဲ့ရင် ထိန်းသိမ်းနိုင်ဖို့ တပ်အင်အားတွေ ဆက်လက်ချထားမှာ ဖြစ်ပါတယ်။

### မိမိတို့ ဘုံလုပ်ငန်း

မကြာသေးမီကပဲ သမ္မတရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် လီခချန်းနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ဟာ ပေကျင်းမြို့မှာ အောင်မြင်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့ကြပါတယ်။ ရှီကျင့်ဖျင်နဲ့ လီခချန်းတို့ဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံတဲ့ တရုတ်နိုင်ငံရဲ့ရပ်တည်ချက်ကို ထပ်လောင်းဖွင့်ဟခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မိမိတို့တစ်တွေရဲ့ ဘုံလုပ်ငန်းဖြစ်နေလို့ပါပဲ။ အခုအချိန်အခါမှာ တရုတ်နဲ့မြန်မာတို့ဟာ ရပ်ဝန်းနဲ့ ပိုးလမ်းမစီမံကိန်း မူဘောင်အောက်မှာပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်နေကြပါပြီ။ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ ဘယ်လိုပဲရှိနေရှိနေ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အောင်မြင်မှုရရှိလာမယ်ဆိုတာ အခိုင်အမာ ယုံကြည်ပါတယ်။

# ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်(တောင်ကြီး) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တောင်ကြီး တက္ကသိုလ်၌ကျင်းပမည့် ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အစိုးရ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကလေးစာပေပွဲတော်များကို ကလေးများအား စာပေမိတ်ဆက်ပေးသည့်ပွဲတော်တစ်ခု ဖြစ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ကလေးများ၏ ဘဝအတွက် စာဖတ်ချင်စိတ်ဖြစ်ပေါ်လာအောင် ပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ ကလေးများသည် မိမိတို့၏ အနာဂတ်၊ တိုင်းပြည်အနာဂတ်၊ ၎င်းတို့၏ ကိုယ်ပိုင်အနာဂတ်ကို ဖန်တီးခြင်းဖြစ်ပါကြောင်း၊ အဓိက အချက်အနေဖြင့် ပျော်ရွှင်စရာကောင်းသည့်ပတ်ဝန်းကျင်နှင့် စာပေပတ်ဝန်းကျင်ကို ဖန်တီးပေးရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကလေးစာပေပွဲတော်ကို ကျင်းပသည့် သက်ဆိုင်ရာဒေသများရှိ စိတ်ဝင်စားဖွယ်ကောင်းသည့်အကြောင်းအရာများကို ထည့်သွင်းကျင်းပသင့်ပါကြောင်း၊ ကလေးများအတွက် ပညာရေးမြှင့်တင်ရာတွင်လည်း အထောက်အကူဖြစ်ရန်လိုအပ်ပါကြောင်း၊ ပွဲတော်သို့လာရောက်ကြသည့် ကလေးများအတွက် လမ်းခရီးလုံခြုံရေးနှင့်စရိတ်များကို ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ရန်နှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်(တောင်ကြီး) ကျင်းပခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ပို့ဆောင်ရေးနှင့် ကြိုဆိုနေရာချထားရေး၊ ဖျော်ဖြေရေး၊ ပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ရေး၊ ဘဏ္ဍာငွေ ရှာဖွေရေး၊ ဧည့်ခံကျွေးမွေးရေး၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သတင်းမှတ်တမ်းနှင့်ပြန်ကြားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပညာပေးရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်း၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေတို့က ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများ၏ ပညာရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ငါးသောင်းနှင့် ဗလာစာအုပ်များကို ပေးအပ်ရာ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ပြည်နယ်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက လက်ခံရယူသည်။ **(သတင်းစဉ်)**



## သီတဂူဆေးရုံ၌ မျက်စိပြသည့် ဝေဒနာရှင်များအား အခမဲ့ကုသ

**မင်းတပ် မေ ၂၂**

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့သို့ ဒေါက်တာမိမိခင် ဦးဆောင်သော (ကိုရီးယား၊ မြန်မာနိုင်ငံ) မျက်စိအထူးကုပါရဂူကြီးများအဖွဲ့သည် မေ ၁၉ ရက်က မင်းတပ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းသို့ ရောက်ရှိပြီး သီတဂူဆေးရုံ၌ မျက်စိပြသသည့်ဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိသည်။

အဆိုပါမျက်စိကုသရေးအဖွဲ့သည် မျက်စိဝေဒနာရှင်များအား မေ ၁၉ ရက်မှ ၂၃ ရက်အထိ အခမဲ့ကုသပေးသွားမည်ဖြစ်ပြီး မေ ၂၁ ရက်က စာရင်းပေးသွင်းသည့် လူနာပေါင်း ၆၀၀ ခန့်ရှိကြောင်း သိရသည်။

"ယခုလို လူမျိုးမရွေး၊ ဘာသာမရွေး တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဆောင်ရွက်ပေးတဲ့ ဆရာတော်ကြီးနဲ့ ပါရဂူကြီးတွေရဲ့ စေတနာကို အထူးပဲ ကျေးဇူးတင်မိပါတယ်"ဟု မြို့မိ မြို့ဖ ဦးခွဲဘူက ပြောသည်။ **(ခရိုင်ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မေ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် အဆောက်အအုံဦးစီးဌာန အဆောက်အအုံ အထူးအဖွဲ့(၅)မှ မကွေးမြို့ ခုတင်(၅၀၀)ဆံ့ အဆင့်မြင့် ပြည်သူ့ဆေးရုံကြီး ငါးထပ်တိုးချဲ့အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ အဆောက်အအုံဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတင့်က ခုတင်(၅၀၀)ဆံ့ အဆင့်မြင့်ပြည်သူ့ဆေးရုံကြီး ငါးထပ် တိုးချဲ့အဆောက်အအုံ တည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး၊ စံချိန် စံညွှန်းပြည့်မီရေး၊ ဆေးရုံအင်္ဂါရပ်နှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ အလေးထားဆောင်ရွက်နိုင်ရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် မင်းဘူး-ပဒါန်း-အမ်းလမ်း (မင်းဘူး-ပဒါန်းအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ကို ဆက်သွယ်သော လမ်းတစ်လမ်းဖြစ်သည့် ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆော-ကန်ပက်လက်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကို လည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ ဆမီးချောင်းတံတား ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရေတိုက်စားမှုကာကွယ်ရန် ရေခေါ်တူးမြောင်းဖောက်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် စေတုတ္တရာ-လောင်းရှည် - ဆော - ကန်ပက်လက်လမ်း အခြေအနေနှင့် စလင်းချောင်းဘေလီတံတား ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၁ ရက် နံနက်ပိုင်းတွင် ကန်ပက်လက်မြို့မှထွက်ခွာလာပြီး တောင်ပေါ်လမ်း အခြေအနေကိုလည်းကောင်း၊ ဆော-ကန်ဇွန်းမ-ဆိပ်ဖြူလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကို လည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ ရွှေစမ်းချောင်းတံတား (ကန်ဇွန်းမ) ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရေတိုက်စားမှုမှ ကာကွယ်ရန် ရေခေါ်တူးမြောင်းဖောက်လုပ်မှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အနော်ရထာတံတား ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ ချောက်-ဂွေးချို-ကျောက်ပန်းတောင်းလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ တောင်တွင်းကြီး-မြို့သစ်-နတ်မောက်-ရွာမွန်- ဇီးဖြူကုန်း- ကျောက်ပန်းတောင်းလမ်း အခြေအနေနှင့် နေပြည်တော်-တောင်ညို-ချောင်းနက်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

### အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်း ငါန်းဇွန်မြို့နယ်၌ ဖွင့်

**ငါန်းဇွန် မေ ၂၂**။ ။မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရွာသစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ ဖွင့်ပွဲတွင် မြို့နယ်ဦးစီးမှူး ဦးစိုးဝင်းထွန်းက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ဝင်ငွေရှာဖွေနိုင်စေရန်အတွက် လက်သမားသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ရွာသစ် အုပ်စု အုပ်ချုပ်ရေးမှူး၊ အုပ်စုစာရေး၊ ရွာသစ်ကျေးရွာ ရပ်မိရပ်ဖများ၊ သင်တန်းဆရာနှင့် သင်တန်းသား စုစုပေါင်း ၁၀ ဦး တက်ရောက်ခဲ့ပြီး ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **(မင်းမြင့်မိုရ်)**

## ရန်ကုန်လေဆိပ်နှင့် မြို့တွင်းသို့ Shuttle Bus ပြေးဆွဲသွားရန် လမ်းကြောင်းရေးဆွဲနေ

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တရုတ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်ဝယ်ယူထားသော ဘတ်စ်ကားသစ်များရောက်ရှိလာပါက ရန်ကုန်လေဆိပ်နှင့် ရန်ကုန်မြို့တွင်းသို့ လွန်းပြန်၊ ခေါက်တုံ့ခေါက်ပြန်ပြေးဆွဲသွားမည့် Shuttle Bus ပြေးဆွဲနိုင်ရန် လမ်းကြောင်းရေးဆွဲစီစဉ်နေကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

လက်ရှိတွင် အစိုးရ၏အစီအစဉ်ဖြင့် ဝယ်ယူထားသော ဘတ်စ်ကားအသစ် အစီး ၁၀၀၀ မကြာမီကာလအတွင်း ရောက်ရှိလာမည်ဖြစ်ရာ YBS ယာဉ်လိုင်းများတွင် လိုအပ်ချက်အပေါ် မူတည်၍ ထည့်သွင်းပြေးဆွဲသွားမည့်အပြင် နိုင်ငံတကာမြို့ပြများတွင် ပြေးဆွဲနေသကဲ့သို့ နိုင်ငံခြားသားဧည့်သည်များ အဓိက ဝင်၊ ထွက်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်မြို့၏ အချက်အချာဆူးလေသို့ လွန်းပြန်ယာဉ်ပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"ရန်ကုန်လေဆိပ်နဲ့ မြို့တွင်း ဆူးလေကို Shuttle Bus ပြေးဆွဲသွားဖို့ စီစဉ်နေပါတယ်။ ဘတ်စ်ကားအသစ်တွေနဲ့ပဲ ပြေးဆွဲသွားမှာပါ။ ကားသစ်တွေ မကြာမီရောက်ရှိလာတော့မှာဖြစ်ပြီး လမ်းကြောင်းရေးဆွဲတာတွေနဲ့ဆိုတော့ Shuttle Bus ပြေးဆွဲဖို့ကိုလည်း လမ်းကြောင်းရေးဆွဲနေပါတယ်" ဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံကုမ္ပဏီမှ ဝယ်ယူထားသော ဘတ်စ်ကားသစ် အစီး ၁၀၀၀ တွင် Yutong ကုမ္ပဏီမှ အစီး ၅၀၀၊ Ankai ကုမ္ပဏီမှ အစီး ၅၀၀ ဝယ်ယူထားခြင်းဖြစ်ပြီး ၂၀၁၇ မော်ဒယ်ထုတ်ကားသစ်များဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီးအစိုးရအနေဖြင့် အစိုးရမှ မတည်ရင်းနှီးငွေထည့်ဝင်ကာ PPP စနစ်ဖြင့် ထူထောင်ထားသည့် အစိုးရ-ပုဂ္ဂလိက ကုမ္ပဏီဖြစ်သော YBPC ကုမ္ပဏီမှတစ်ဆင့် အဆိုပါဘတ်စ်ကားသစ် အစီး ၁၀၀၀ ဝယ်ယူရန် အဆိုပါကုမ္ပဏီတို့နှင့် ပြီးခဲ့သည့် ဧပြီ ၁၁ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဆုနှင်းလှဲ့)**



# တပ်မတော်ကို စွပ်စွဲရန် ရည်ရွယ်ချက်မရှိကြောင်း ဦးဝင်းထိန် ပြောကြား

**နေပြည်တော် မေ ၂၂**

တပ်မတော်ကို စွပ်စွဲရန် ရည်ရွယ်ချက်မရှိကြောင်း ယနေ့ ညနေပိုင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်က ပြောကြားလိုက်သည်။

"ကျွန်တော်က ဘယ်သူက ဘာဖြစ်တယ်ဆိုပြီးမှ စိတ်ထဲက ပေါ်တာတွေ ပြောလိုက်တာ။ နောက်တော့ သူတို့က ရှုတ်ချတာတို့၊ ဝေဖန်တာတို့ရှိတော့ အဲဒီတုန်းကလည်း ကျွန်တော်ပြောတယ်။ စွပ်စွဲတာ မဟုတ်ပါဘူး။ ပြောတာကို သူတို့ သတိမထားတာလား၊ ဘာလားမသိဘူး။ အဲဒီတော့ အခု ထပ်ပြောမယ်။ ကျွန်တော် အဲဒီတုန်းက ပြောတဲ့ကိစ္စက တပ်မတော်ကို စွပ်စွဲဖို့ ရည်ရွယ်ချက်မရှိဘူး။ တပ်မတော်ကို စွပ်စွဲစရာလည်း အကြောင်းမရှိဘူး။ အလားတူပဲ ကြံ့ခိုင်ရေးကို စွပ်စွဲစရာလည်း အကြောင်းမရှိဘူး။ စွပ်စွဲဖို့လည်း ရည်ရွယ်ချက်မရှိဘူး။ အဲဒါကို မကျေနပ်လို့ ကြေညာချက်ထုတ်တာတွေကိုလည်း ကျွန်တော်ဘာကိုမှ ပြောစရာမရှိဘူး"ဟု ဦးဝင်းထိန်က ပြောကြားသည်။

ဦးဝင်းထိန်က NLD ပါတီနှင့်ပတ်သက်၍ အွန်လိုင်းပေါ်၌ ပျံ့နှံ့နေသည့် သတင်းများမှာ မဟုတ်မှန်ကြောင်း မေ ၄ ရက်တွင် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ၌



သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် တပ်မတော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့နှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့မှုအပေါ် ပြန်လည်ရှင်းလင်းခဲ့ခြင်းဖြစ်သည်။ **(ကိုညီညီ)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ထုတ်ပြန်ချက်

**ရန်ကုန် မေ ၂၂**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကဦးတင်ဦး၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကဖြစ်သူ ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေ**

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကဖြစ်သူ ဦးတင်ဦး အသက်(၉၁)နှစ်သည် ၁၈-၅-၂၀၁၇ ရက်နေ့ နံနက် ၃ နာရီ ၁၅ မိနစ်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဦးနှောက်သွေးကြောပိတ် လေဖြတ်ရောဂါဖြင့် တက်ရောက်ကုသမှုခံယူလျက်ရှိပါသည်။

၂။ ဦးနှောက်သွေးကြောပိတ်လေဖြတ်ရခြင်းအကြောင်းမှာ အသက်ကြီးသောသူများတွင်အဖြစ်များသော နှလုံးခုန်နှုန်း ပုံမမှန်ဖြစ်ရာမှ နှလုံးထဲတွင် သွေးခဲမှုများဖြစ်ပေါ်ပြီး နှလုံးမှတစ်ဆင့် ဦးနှောက်သွေးကြောအတွင်းသို့ ရောက်ရှိခြင်းကြောင့် ဖြစ်ပါသည်။

၃။ ပုံမှန်ပြုလုပ်နေကျဖြစ်သည့် အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးဝါးကုသရေးကော်မတီအား ဆရာဝန်ကြီး ၁၅ ဦးဖြင့် ဖွဲ့စည်း၍ လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ယနေ့ ၂၂-၅-၂၀၁၇ ရက်နေ့သည် သွေးကြောပိတ်လေဖြတ်ခြင်း ငါးရက်မြောက်နေ့ဖြစ်ပြီး လူနာ၏ သတိအခြေအနေသည် ရောက်ရှိသည့်အချိန်ထက် သိသာသောတိုးတက်မှုရှိပါသည်။ ယနေ့ထပ်မံ စမ်းသပ်စစ်ဆေးမှုများမှာ နဂိုအခြေအနေထက်ပိုပြီး ဆိုးရွားသောအခြေအနေများ မတွေ့ရပါ။

၅။ လူနာမှာ လက်ယာဘက်ခြမ်းမလှုပ်နိုင်ခြင်း၊ စကားပီသစွာမပြောနိုင်ခြင်းများရှိနေသေးသော်လည်း သတိကောင်းစွာရှိပါသည်။ လက်ရှိအချိန်တွင် နှလုံးခုန်နှုန်းမှာ တည်ငြိမ်၍ နှလုံးလှုပ်ရှားမှုမှာ ပုံမှန်ဖြစ်ပါသည်။ ထို့အပြင် လူနာ၏ သွေးခုန်နှုန်း၊ သွေးပေါင်ချိန်၊ အသက်ရှုနှုန်းတို့မှာ ပုံမှန်အတိုင်းရှိနေပါသည်။

**ဒေါက်တာအေးကိုကို**
**ဆေးရုံအုပ်ကြီး**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

**❖ လက်ရှိချန်ပီယံမှ**

ဂိုးပေးလိုက်ရ၍ ရတနာပုံအသင်း တိုက်စစ်အားမြှင့်လာခဲ့ပြီး လှိုင်းဘိုဘို အပိုင်ကန်ခွင့်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၃၅ မိနစ်တွင် ပက်ထရစ်က ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ရတနာပုံအသင်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း ပက်ထရစ်၊ သက်နိုင်နှင့် စည်သူအောင်တို့ အသုံးမချနိုင်ခဲ့ပေ။ လူစားဝင်ကစားသမားများဖြစ်သည့် သက်နိုင်နှင့် ဝင်းနိုင်စိုးတို့ ခြေစွမ်းပြခဲ့ပြီး ၆၃၊ ၈၆ မိနစ်တွင် သက်နိုင်၊ ၇၁ မိနစ်တွင် ဝင်းနိုင်စိုးတို့က ရတနာပုံအသင်းအတွက် ဂိုးများ သွင်းယူခဲ့သည်။ ဧရာဝတီအတွက် ချေပဂိုးများကို ၉၃ မိနစ်တွင် ဆီဆန်စတန်၊ ၉၆ မိနစ်တွင် မာတူနာတို့က သွင်းယူခဲ့သည်။

အဆိုပါပွဲတွင် ရတနာပုံအသင်း၏ တောင်ပံကစားသမား သက်နိုင်က ၂၀၁၇ ရာသီ MNL ပြိုင်ပွဲ သွင်းဂိုး ၂၀၀ ပြည့်အဖြစ် သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းသည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ပြင်ဆင်မှုများ ပြုလုပ်ထားသော်လည်း ရလဒ်မကောင်းသေးဘဲ ရခိုင်အတွက် အနိုင်ဂိုးကို ၈၉ မိနစ်တွင် အောင်ကျော်ထွေးက သွင်းယူခဲ့သည်။

ပွဲစဉ်(၁၄) အပြီးတွင် ရန်ကုန်အသင်းက ၃၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး ရှမ်းယူနိုက်တက်အသင်းက ၃၂ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၃၁ မှတ်၊ ဧရာဝတီအသင်းက ၂၂ မှတ်၊ ရခိုင်အသင်းက အမှတ် ၂၀၊ မကွေးအသင်းက ၁၇ မှတ်၊ Southern အသင်းက ၁၅ မှတ်၊ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့က ၁၄ မှတ်စီ၊ ချင်းယူနိုက်တက်နှင့် GFA အသင်းတို့က ၁၀ မှတ်စီ၊ နေပြည်တော်အသင်းက ကိုးမှတ် ရရှိထားသည်။ **(ရှိုင်းထက်ဇော်)**

**❂ ကျောဖုံးမှ**

အရပ်ဆိုးအကျည်းတန်စေသဖြင့် နောက်နောင် ထိုကဲ့သို့သော ဖြစ်စဉ်မဖြစ်အောင် တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ ကြိုတင်ဆောင်ရွက်ပေးမည်နှင့် ပဋိပက္ခဖြေရှင်းရာတွင် လူအုပ်ကြီးကို ဖယ်ရှားရန် အဓိကရုဏ်းနှိမ်နင်းနည်းအဆင့်ဆင့်ကို အသုံးမပြုဘဲ သေနတ်ဖြင့် ပစ်ခတ်ခြင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ဟုတ်၊ မဟုတ်ကို သိရှိလိုကြောင်း၊ လူသုံးဦးသေဆုံးခြင်းနှင့်ပတ်သက်၍ ပစ်ခတ်သူကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်များကို သိရှိလိုကြောင်း မေးမြန်းသည်။

"လူစုလူဝေးရဲ့ တူညီတဲ့ရည်ရွယ်ချက်က ရေမဆေးရသေးတဲ့ ကျောက်စိမ်းမြေစာပုံတွေကို ဝင်ရောက်လုယက်ရှာဖွေမယ်။ ပစ္စည်းပိုင်ရှင်ရဲ့ ခွင့်ပြုချက်မရဘဲ တားဆီးထားတဲ့ အတားအဆီးကို ဖျက်ဆီးဝင်ရောက်ကြမယ်"ဆိုတဲ့ တူညီတဲ့ရည်ရွယ်ချက်နဲ့ လုပ်ကြတာဖြစ်ပါတယ်။ အဲဒီလူတွေဟာ အကျိုးဖျက်ဆီးမှုကိုသော်လည်းကောင်း၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကိုသော်လည်းကောင်း၊ အခြားပြစ်မှုများကိုသော်လည်းကောင်း ကျူးလွန်ရန် ရည်ရွယ်ချက်နဲ့ ဝင်ကြမယ်ဆိုရင် ဥပဒေနဲ့ဆန့်ကျင်တဲ့ အစုအဝေးပဲဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလူစုဟာ ဝင်ရောက်တာကို တားဆီးမယ်ဆိုရင် ရန်ပြုတာတွေ လုပ်လာခဲ့ရင် ဒီအဖွဲ့အစည်းဟာ ပဋိပက္ခဖြစ်တာမဟုတ်ဘဲနဲ့ ဥပဒေနဲ့ဆန့်ကျင်တဲ့ အစုအဝေးဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်"ဟု ဦးခင်မောင်လှက ပြောသည်။

ရတနာနယ်မြေအတွင်း တရားမဝင်နေထိုင်သူများနှင့်ပတ်သက်၍ ခန္တီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မေ ၁၅ ရက်စွဲဖြင့် ထုတ်ပြန်ထားသော (၁/၂၀၁၇) အမိန့်အရ ခန္တီးမြို့နယ် နန်စီဘွန်ကွက်ရပ်နှင့် မကျန်ခမော်လုပ်ကွက်များတွင် တရားမဝင်နေထိုင်သူများအားလုံးသည် မေ ၃၁ ရက်နောက်ဆုံးထားပြောင်းရွှေ့ပေးရန် ရာဇဝတ်ကျင့်ထုံးဥပဒေ ၁၄၃ အရ အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ တူးဖော်ခွင့်ရ ကုမ္ပဏီများအနေဖြင့် အမိန့်ဥပဒေညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိ စစ်ဆေးနေသည့်ကာလအတွင်း လုပ်ငန်းစဉ်အားလုံးကို ရပ်ဆိုင်းခြင်းနှင့်ပတ်သက်၍ ခန္တီးရတနာမြေအတွင်း နန်စီဘွန်ကွက်ရပ်နှင့် မကျန်ခမော်များတွင် တူးဖော်ခွင့်လိုင်စင်ရ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ညွှန်ကြားချက်တစ်စုံတစ်ရာ မရမချင်းရပ်ဆိုင်းထားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အစီရင်ခံစာပါ စွပ်စွဲချက်များမှာ မဟုတ်မမှန် စွပ်စွဲချက်များဖြစ်၍ မှန်ကန်မှုမရှိ

**နေပြည်တော် မေ ၂၂**

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)မှ လူ့အခွင့်အရေးကော်မရှင်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာပါ စွပ်စွဲချက်များနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)မှ လူ့အခွင့်အရေးကော်မရှင်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာတွင် ပါရှိသောနယ်မြေရှင်းလင်းရေးဆောင်ရွက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုများကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်များနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်ဖော်ထုတ်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၄ ရက်အထိ မောင်တောဒေသသို့ သွားရောက်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကျေးရွာ ၂၉ ရွာမှ ရွာသူ ရွာသားပေါင်း ၂၈၇၅ ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရွာသူ ရွာသား ၄၀၈ ဦး၊ ဖြစ်စဉ်ဖြစ်ပွားချိန်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်မှ အရာရှိ၊ စစ်သည် ၁၈၄ ဦးအား နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၃၁ ဦး၊ ဌာနဆိုင်ရာ ဝန်ထမ်း ရှစ်ဦးနှင့် ဘူးသီးတောင် အကျဉ်းထောင်အတွင်းရှိ အကျဉ်းထောင်တရားခံ ၂၆ ဦး စုစုပေါင်း ၆၅၇ ဦးတို့၏ သက်သေထွက်ဆိုချက်များအား ရေးမှတ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ OHCHR ၏ အစီရင်ခံစာပါစွပ်စွဲချက် ၁၈ ရပ်အနက် ၁၂ ချက်မှာ လုံးဝမှန်ကန်မှုမရှိကြောင်းနှင့် ကျန် ၆ ချက်မှာလည်း လုံခြုံရေးတပ်ဖွဲ့များ နယ်မြေရှင်းလင်းစဉ်ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအပေါ်တွင် မမှန်မကန် လိမ်ညာပြောဆိုမှုများကို အခြေခံကာ ချဲ့ကား၍ မဟုတ်မမှန် စွပ်စွဲချက်များဖြစ်၍ မှန်ကန်မှုမရှိကြောင်း တွေ့ရှိရကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးဖော်ထုတ်ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ကိုးတန်ကောက်ကျေးရွာမှ ဆိုင်ကယ်တစ်စီးကို ပိုင်ရှင်မသိဘဲ ယူဆောင်စီးနင်းပြီး ထားခဲ့သည့်အတွက် ဆိုင်ကယ်ပျောက်ဆုံးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ရာ စစ်ဆေးချက်များအရ မှန်ကန်သဖြင့် စစ်သည်အား နယ်ဘက်ဆိုင်ရာပြစ်မှု ရာဇသတ်ကြီး ပုဒ်မ - ၃၈၀ အရ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး နယ်ဘက်ထောင်တစ်နှစ် ကျခံစေရန် အမိန့်ချမှတ်၍ ပိုင်ရှင်အား ဆိုင်ကယ်တန်ဖိုး ကျပ် ၅၃၀၀၀၀ ကို ပေးလျော်စေခဲ့ကြောင်း။

ထို့အပြင် မြင်းလွတ်ကျေးရွာ ကျောင်းဆရာမများ နေထိုင်သည့် အဆောင်မီးလောင်မှုငြိမ်းသတ်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် အားနည်းသည့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများကို ဝါးခြမ်းပြားဖြင့် ၂/၃ ချက်စီ ရိုက်ခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရှိရသဖြင့် စစ်ကြောင်းမှ တာဝန်ရှိသူ အရာရှိတစ်ဦးကို အပြစ်ဖော်ပြသတိပေးဆုံးမပြုလုပ်ပြီး ပြစ်မှုကျူးလွန်သူစစ်သည်နှစ်ဦးတို့အား နယ်ဘက်ဆိုင်ရာပြစ်မှုရာဇသတ်ကြီး-၃၂၃ အရ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်၍ နယ်ဘက်ထောင်တစ်နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် မေ ၂၂**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လအတွက် မြန်မာနိုင်ငံ၏ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၉၅ ဒသမ ၉၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၉ ဒသမ ၄၁ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၃၅ ဒသမ ၄၀ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၃၀ ဒသမ ၃၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၃ ဒသမ ၉၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၂၄ ဒသမ ၂၂ သန်းဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၀၅၉ ဒသမ ၆၂ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၈၈ ဒသမ ၈၂ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၄၃ ဒသမ ၉၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၁၉ ဒသမ ၂၉ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၆၆၃ ဒသမ ၂၃ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃၄၃ ဒသမ ၈၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈၃၆ ဒသမ ၀၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၁၇၉ ဒသမ ၉၃ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၂၈၈၄၃ ဒသမ ၁၆ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅၅၁၆ ဒသမ ၇၀ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**(သတင်းစဉ်)**

# ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ ကျောဖုံးနှင့် စာမျက်နှာ (၉) ကော်လံ (၄)တို့တွင် ဖော်ပြပါရှိသည့် **"MPF အရောင်းဆိုင်များ ရန်ကုန်မြို့အပါအဝင် မြို့ကြီးငါးမြို့တွင် ဆက်လက်ဖွင့်လှစ်မည်"** သတင်းတွင် "MPF" ဆိုသည့် စကားလုံးများအစား "BPI" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(ကြေးမုံ)

# နေဗဟိုပြု "ဖြစ်ရပ်မှန်" ကို တည်ထောင်ခဲ့သူ ကောပါးနီးကပ် ကွယ်လွန်ခြင်း (၄၇၄)နှစ် အထိမ်းအမှတ်နှင့် စပ်လျဉ်းသည့် ဖြန့်ထွက်အတွေးအချို့

ဒေါက်တာမြင့်ဇံ

၂၄ မေ ၂၀၁၇ မှာ ပြည်ထောင်စုငြိမ်းချမ်းရေး ဒုတိယ ပင်လုံညီလာခံ ဒုတိယအစည်းအဝေးကို ကျင်းပမှာမို့ ခေတ်ပြိုင်မြန်မာ့သမိုင်းမှာ ထိုနေ့ဟာ နိုင်ငံရေးအရ အရေးကြီးတဲ့နေ့များထဲမှာ တစ်နေ့အဖြစ် ပါဝင်လောက်တဲ့နေ့ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် မေလ ၂၄ ရက်လို့ မရေးဘဲ ၂၄ မေ ၂၀၁၇ လို့ ကျွန်တော်ရေးပါတယ်။ ကြေးမုံသတင်းစာကို တည်ထောင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေထဲမှာ ပါဝင်သူတစ်ဦးဖြစ်တဲ့ ဆရာဇဝန (ဦးသိန်း) (၁၉၁၁ -၁၉၈၃)ရေးပြီး ၂၆ စက်တင်ဘာ ၁၉၆၂ မှာ ထုတ်ဝေခဲ့တာ ဖြစ်လောက်တဲ့ ကြေးမုံ သတင်းစာပါဆောင်းပါးမှာ ဆရာဇဝနက "အင်္ဂလိပ်ပြက္ခဒိန်သည် ဝါခေါင်လ၊ တော်သလင်းလ စသည်ဖြင့် လဆန်း၊ လဆုတ်နှင့် တွက်ချက်ခြင်းမဟုတ်၍ 'လ' ဟုထည့်ရေးရန်မလို" နှင့် "၂၆-၉-၁၉၆၂ ဟု ရေးခြင်းထက် ၂၆ စက်တင်ဘာဟု လမပါဘဲ ရေးသင့်" တယ်လို့ "သတင်းစာသုံး မြန်မာစာ" ဆောင်းပါးမှာ ရေးခဲ့ပါတယ်။ အထက်ပါ စာသားကောက်နုတ်ချက်တို့ကို ၁၉၆၉ ခုနှစ် ပညာသင်နှစ်မှ ၁၉၈၆ ပညာသင်နှစ်အထိ အထက်တန်းကျောင်းသုံး မြန်မာစာပြဋ္ဌာန်းစာအုပ်မှ ပြန်လည်ကူးယူဖော်ပြတာပါ။

("သတင်းစာသုံးမြန်မာစာ" ဆောင်းပါး၊ ပင်ရင်းစကားပြေလက်ရွေးစင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ကျောင်းသုံးစာအုပ်ကော်မတီ၊ စာမျက်နှာ - ၂၃၊၂၄)

**၁။ သိပ္ပံသမိုင်းတွင် ကောပါးနီးကပ် ထင်ရှားခဲ့ခြင်း အကြောင်း**

ကမ္ဘာ့သိပ္ပံသမိုင်းမှာတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၄၇၄)နှစ် ၂၄ မေ ၁၅၄၃ (နေ့) ဟာ တစ်နည်းအားဖြင့်တော့ မှတ်တမ်းတင်ထား၊ အမှတ်ထားဖို့သင့်တဲ့ နေ့တစ်နေ့ပဲဖြစ်ပါတယ်။ အဲ့ဒီနှစ်၊ အဲ့ဒီလ၊ အဲ့ဒီရက်မှာ ပိုလန်ပြည်သား ကက်သိုလစ် ဘုန်းတော်ကြီးတစ်ပါးလည်းဖြစ်ခဲ့ သင်္ချာပညာရှင်၊ နက္ခတ္တဗေဒပညာရှင် astronomer (သတိ နက္ခတ္တဗေဒင် ပညာရှင် astrologer မဟုတ်) နစ်ကိုလပ် ကောပါးနီးကပ် (Nicolaus Copernicus) (၉ ဖေဖော်ဝါရီ ၁၄၇၃ - ၂၄ မေ ၁၅၄၃) ကွယ်လွန်ခဲ့တဲ့နေ့ဖြစ်လို့ပါ။

သိပ္ပံသမိုင်းနှင့် သိပ္ပံသမိုင်းတွင်သာမကဘဲ ကမ္ဘာ့သမိုင်းမှာပါ ကောပါးနီးကပ် ထင်ရှားကျော်စောခဲ့ခြင်း အကြောင်းကတော့ သူဟာ ရာစုနှစ်ပေါင်းများစွာ စင်စစ်ဆိုရလျှင် နှစ်ပေါင်း ၁၂၀၀ ကျော်ခန့် ကမ္ဘာ အရပ်ရပ်ရှိ သိပ္ပံပညာရှင်အားလုံးလိုလိုက လက်ခံပြီး ဖြစ်ရပ်မှန် (သို့မဟုတ်) ဖြစ်စဉ် (phenomenon) အဖြစ် တက္ကသိုလ်၊ စာသင်ကျောင်းများမှာ ကမ္ဘာ (Earth) ဟာ စကြဝဠာ (Universe) ရဲ့ ဗဟိုချက်မဖြစ်ပြီး နေ (Sun) နှင့်တကွ ကြယ်များဟာ ကမ္ဘာကိုဝန်းရံ (ဝိုင်းရံမျှသာမဟုတ်) လည်ပတ်နေကြတယ်ဆိုတဲ့ တကတ်တက်စင်အောင်လွဲမှားနေတဲ့ တစ်နည်းအားဖြင့်ဆိုရလျှင် (မှားလွန်လွန်းလို့) မှားပင်မမှား (not even wrong)လို့ ဆိုနိုင်တဲ့ အယူစွဲ၊ အယူမှားကြီးကို အမှန်လို့ လှေနံဓားထစ် ယူဆခဲ့တာဟာ မှားယွင်းနေတယ်လို့ တင်ပြခဲ့တဲ့ နေဗဟိုပြုဝါဒ (သို့မဟုတ်) အယူအဆသီအိုရီ (heliocentric theory) ကို အောင်မြင်စွာ ထုတ်ဖော်တင်ပြနိုင်သူ ဖြစ်ခဲ့လို့ပါပဲ။

အထက်မှာ ကမ္ဘာဟာ စကြဝဠာရဲ့ အလယ်ဗဟိုချက်မဖြစ်ပြီး နေနှင့်တကွ အခြားဂြိုဟ်များနှင့် ဝေးလံသော အရပ်ရှိကြယ်များဟာ ကမ္ဘာကို စက်ဝိုင်းပုံနှင့် ဝန်းရံလည်ပတ် (သို့မဟုတ်) လှည့်ပတ်နေတယ် (The Earth is the centre of the Universe, the Sun, the planets and the distant stars revolve around the Earth in perfect circles) ဆိုတဲ့ ကမ္ဘာဗဟိုပြုဝါဒ အယူအဆ သီအိုရီ (geocentric theory) ကို နှစ်ပေါင်း ၁၂၀၀ ခန့်အတွင်းမှာ သိပ္ပံပညာရှင်


နစ်ကိုလပ်ကောပါးနီးကပ်

အားလုံးလိုလိုက လက်ခံခဲ့တယ်လို့ ရေးခဲ့ပါတယ်။

**၂။ ကမ္ဘာဗဟိုပြုဝါဒကို အဓိကတည်ထောင်ခဲ့သူ ဂရိပညာရှင် တော်လမီနှင့် သူ့အရင်က ပေါ်ထွန်းခဲ့သော စွယ်စုံရပညာရှင် အရစ္စတိုတယ်ရဲ့ အမှားနှင့် အခြား ဂရိပညာရှင် အရစ်စတာချပ်ရဲ့ အမှား**

ကမ္ဘာဗဟိုပြုဝါဒကို အဓိကတည်ထောင် ဖော်ထုတ်ခဲ့သူကတော့ အီဂျစ်နိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၉၀၀ ခန့် (ခရစ်နှစ် ၁၀၀ မှ ခရစ်နှစ် ၁၇၀) အတွင်း ထွန်းကားခဲ့တဲ့ ဂရိလူမျိုးသိပ္ပံပညာရှင် Claudius Ptolemy (ကလောဒီးယပ်တော်လမီ) ပဲ ဖြစ်ပါတယ်။ တော်လမီရေးတဲ့ Almagest အမည်ရှိ (ထိုစဉ်တုန်းကစံတို့နှင့် တိုင်းတာခဲ့လျှင်) သိပ္ပံကျမ်းကြီးမှာ ကမ္ဘာဟာ စကြဝဠာရဲ့အလယ်ဖြစ်ပြီး နေနှင့်ဂြိုဟ်များ၊ တခြားကြယ်များ (သို့မဟုတ်) နက္ခတ်တာရာတွေဟာ ကမ္ဘာကို စက်ဝိုင်းပုံနှင့် ဝန်းရံလည်ပတ်နေတယ်ဆိုတဲ့ ယူဆတင်ပြချက်ကို သင်္ချာနည်း၊သိပ္ပံနည်း၊ ပုံကြမ်း (diagram) တွေဆွဲကာ သက်သေပြခဲ့လို့ တော်လမီရဲ့ ထိုကျမ်းကြီးဟာ နှစ်ပေါင်း ၁၂၀၀ ခန့် အတွင်းမှာ ဥရောပတိုက်ရှိ တက္ကသိုလ်ကျောင်းများနှင့် အာရပ်ကမ္ဘာအတွင်းရှိ ကျောင်းများ၊ သင်တန်းများမှာ ကိုးကား၊ သင်ပြပို့ချတဲ့ လက်သုံးကျမ်းကြီးဖြစ်ပါတယ်။

တော်လမီမတိုင်ခင်က (ကွယ်လွန်သူ ဆရာဗန်းမော်တင်အောင်ရဲ့ စကားရပ်နှစ်ရပ်ကို ယူသုံးစွဲရမယ်ဆိုလျှင်) စံတော်ဝင်ခေတ် (Classical Age) မှာ အထင်ရှားဆုံး သိပ္ပံပညာရှင်လည်းဖြစ် ဘုရားငယ်တစ်ဆူလို့ကို သတ်မှတ်ခြင်းခံရသူတစ်ဦးဖြစ်တဲ့ စွယ်စုံရပညာရှင် အရစ္စတိုတယ် (Aristotle) (Before the Current Era 384 - 322) (ခရစ်ပေါ်မီ ဘီစီ ၃၈၄ - ၃၂၂) သည်ပင်လျှင် ကမ္ဘာဗဟိုပြုဝါဒကို ဖြစ်ရပ်အမှန်လို့ လက်ခံခဲ့သူဖြစ်ပါတယ်။

ကျွန်တော် နားလည်သလိုရေးရလျှင် (ဒီလိုရေးတာဟာ အမှန်လို့ လုံးဝမဆိုလိုပါ၊ စာရေးသူရဲ့ ထင်မြင်တွေးဆချက်သာ ဖြစ်ပါတယ်) အရှေ့တိုင်းယဉ်ကျေးမှုတွေမှာတော့ ကမ္ဘာဟာ ထာဝရဘုရားသခင်၊ ဖန်ဆင်းရှင်ရဲ့ အထူးဖန်ဆင်းမှု (Special Creation) ဖြစ်တယ်ဆိုတဲ့ ဖန်ဆင်းရှင်ဝါဒ (သို့မဟုတ်) ယုံကြည်မှု (theism) အယူအဆဟာ အနောက်တိုင်းယဉ်ကျေးမှုတွေမှာလောက် ဆုံးဖြတ်ပေးရမယ့်၊ ဖြေရှင်းပေးရမယ့် ပြဿနာ (problematique) (problematique ဟာ ပြင်သစ်စကားအခြေခံဖြစ်ပြီး အင်္ဂလိပ်စကား problematic ပြဿနာရှာခြင်း၊ ပြဿနာရှုပ်ခြင်းမဟုတ်ပါ) ဖြစ်လေတော့ ကမ္ဘာဟာ စကြဝဠာအလယ်ဟုတ်၊မဟုတ်ဆိုတဲ့ ကောက်ချက်(issue)ဟာ သိပ်ပြီးအရေးကြီးတဲ့ သော့ချက်ပြဿနာ(key issue)မဟုတ်လောက်ခဲ့ပါဘူး။

အထက်မှာ ရေးခဲ့တဲ့အထဲမှာ အရစ္စတိုတယ် ခေတ်ကတည်းကနှင့် ယင်းအချိန်မတိုင်မီခေတ်များကပင် အရစ္စတိုတယ် အပါအဝင် သိပ္ပံပညာရှင်အားလုံးလိုလိုဟာ ကမ္ဘာဗဟိုပြုဝါဒကို လက်ခံခဲ့တယ်လို့ ရေးခဲ့ပါတယ်။ အဲ့ဒီသိပ္ပံပညာရှင်အားလုံး လိုလိုမဟုတ်ဘဲ ခြွင်းချက်အဖြစ် တစ်ယောက်တည်းကွယ် တစ်ယောက်တည်းနီးပါးမျှ စံတော်ဝင်ခေတ်ကတည်းက နေဗဟိုပြုဝါဒ (သို့မဟုတ်) သီအိုရီကို အရစ္စတိုတယ်ကွယ်လွန်ပြီး နှစ်ပေါင်းတစ်ရာကျော်အကြာမှာ ကွယ်လွန်ခဲ့ကာ နေဗဟိုပြုသီအိုရီကို တင်ပြခဲ့ သူကတော့ တော်လမီထက် နှစ်ပေါင်း လေးရာခန့်စောပြီး ကွယ်လွန်ခဲ့တဲ့ ဂရိသိပ္ပံပညာရှင် အရစ်စတာချပ် (Aristarchus) (ခရစ်မပေါ်မီ ဘီစီ ၃၁၀ - ခရစ်မပေါ်မီ ဘီစီ ၂၃၀) ဖြစ်ပါတယ်။

အရစ်စတာချပ်က နေကို ကမ္ဘာနှင့် အခြားဂြိုဟ်တွေက လှည့်ပတ်နေတယ်လို့ ပိုလန်ပြည်သား ကောပါးနီးကပ်ထက် နှစ်ပေါင်း ၁၇၀၀ ခန့်က စောပြီး တင်ပြခဲ့ပေမယ့် အရစ်စတာချပ်ရဲ့ တင်ပြချက်ကို အများသူငါမပြောနှင့် အခြားသိပ္ပံပညာရှင်အားလုံးလိုလိုက သူကွယ်လွန်ပြီး နှစ်ပေါင်း ၁၈၀၀ လောက်အထိ အတောအတွင်းမှာ လက်မခံခဲ့ကြပါ။

ကောပါးနီးကပ်ဟာ အရစ်စတာချပ်ရဲ့ ခြေရာကို လိုက်ခဲ့ရုံ၊ ခြေရာနင်းခဲ့ရုံသာမက အရစ်စတာချပ်မပြုလုပ်နိုင်ခဲ့တဲ့ ကမ္ဘာဟာ စကြဝဠာရဲ့ ဗဟိုအလယ်ချက်မ မဟုတ်ဘူးဆိုတဲ့ အယူအဆနှင့် ကမ္ဘာဟာ နေကို လည်ပတ်နေတယ်ဆိုတဲ့ ဖြစ်စဉ်မှန်ကို သူကွယ်လွန်ပြီး နှစ်ပေါင်း ၂၅၀ ခန့်အတွင်းမှာ သိပ္ပံပညာရှင်အားလုံးနှင့် အများသူငါတို့ကလည်း လက်ခံလာနိုင်အောင် လုပ်ဆောင်နိုင်ခဲ့လို့ ကောပါးနီးကပ်ဟာ အရစ်စတာချပ်ထက် သိပ္ပံသမိုင်းနှင့် ကမ္ဘာ့သမိုင်းမှာ ပိုမိုလွှမ်းမိုးမှုရှိတဲ့ သိပ္ပံပညာရှင်လို့ သတ်မှတ်နိုင်ပါတယ်။

**၃။ ကွယ်လွန်သည့်နေ့တွင်မှာ သူ့ရဲ့ သိပ္ပံဂန္ထဝင်မြောက်ကျမ်းကို ကြည့်ရှုခဲ့ရတဲ့ ကောပါးနီးကပ်**

ကောပါးနီးကပ်ဟာ သူအသက် (၇၀) အရွယ်မှာ မကွယ်လွန်မီနှစ်ပေါင်း ၃၀ ခန့်ကတည်းက ကမ္ဘာဗဟိုပြုဝါဒဟာ မှားကြောင်း သံသယစိတ်ရှိခဲ့ပြီး နေကိုသာလျှင် ကမ္ဘာနှင့် အခြားဂြိုဟ်တို့က လှည့်ပတ်နေကြောင်း သူ့အယူအဆနှင့်ရေးသားတင်ပြချက်များကို သူနှင့် ခင်မင်သူ သူငယ်ချင်း၊ မိတ်ဆွေများ အတွင်းမှာသာ လှည့်ပတ်ဝေငှခဲ့တာဖြစ်ပါတယ်။ ခရစ်နှစ် ၁၅၃၉ မှာ လူငယ်သင်္ချာပညာရှင်တစ်ဦးဖြစ်တဲ့ Georg Joachim Rheticus ဟာ ကောပါးနီးကပ် နေထိုင်ရာ ပိုလန်နိုင်ငံ Frombork မြို့ကို ရောက်လာကာ ကောပါးနီးကပ်ထံပါးမှာ နှစ်နှစ်ခန့် နေထိုင်ပြီး ပညာဆည်းပူးခဲ့တယ်။ Rheticus ရဲ့ တိုက်တွန်းမှု (သို့မဟုတ်) ဖိအားပေးမှုကြောင့် သူအနှစ် ၂၀ ကျော် ၃၀ နီးပါးမျှ စဉ်းစားတွေးခေါ်၊ သုတေသနပြုတွက်ချက်ခဲ့တဲ့ နေဗဟိုပြု သီအိုရီအကြောင်းကို သင်္ချာနည်းအပါအဝင် အခြားနည်းများနှင့် သက်သေပြတဲ့ သူ့ရဲ့စာမူကို ပုံနှိပ်ထုတ်ဝေဖို့ သဘောတူခဲ့တယ်။ ကောပါးနီးကပ်ရဲ့ စာအုပ်ကို သူဟာ လက်တင်(Latin) ဘာသာစကားနှင့် ရေးခဲ့ပြီး စာအုပ်ရဲ့ လက်တင်ဘာသာစကား နာမည်က Derevolutionibus orbium coelestium (အင်္ဂလိပ်ဘာသာပြန်က On the Revolutions of Heavenly Spheres) ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မပြည့်စုံ၊ မကုံလုံတဲ့ ဘာသာပြန်က ကောင်းကင်ရှိ ဂြိုဟ်၊ နက္ခတ်တို့၏ လည်ပတ်မှုများဖြစ်ပါတယ်။

"heavenly" ကို ဘာသာရေးအယူအဆနွယ်တဲ့ ကောင်းကင်ဘုံလို့ ဘာသာမပြန်ပါ။ spheres ကိုလည်း အရွယ်အစားပုံသဏ္ဌာန်တို့ကို ဖော်ပြနေတဲ့ စကားရပ်များကို အသုံးမပြုဘဲ ဂြိုဟ်၊ နက္ခတ်များလို့သာ ဘာသာပြန်ဆိုပါတယ်။

ကောပါးနီးကပ်ရဲ့ စာမူကို ဂျာမနီနိုင်ငံ နျူရင်ဘတ် (Nuremberg) မြို့ရှိ ပုံနှိပ်တိုက်တစ်ခုမှာ စက်တင်ပုံနှိပ်ဖို့ ပေးခဲ့ရာ ၁၅၄၃ ခုနှစ် မေလခန့်မှာ စာအုပ်ရေ ၄၀၀ ကို စက်တင်ပုံနှိပ်ခဲ့ပြီး သေလုမြောပါးဖြစ်နေတဲ့ ကောပါးနီးကပ် နေထိုင်ရာ ပိုလန်နိုင်ငံ (Frombork) မြို့ကို သူ့မိတ်ဆွေများက ပို့ခဲ့ရာမှာ သေအံ့မူးမူးဖြစ်နေတဲ့ ကောပါးနီးကပ်ဟာ သူမကွယ်လွန်မီ မိနစ်ပိုင်း အများဆုံးအားဖြင့် နာရီပိုင်းမျှအလိုမှာ ကိုင်တွယ်ကြည့်ရှုခွင့်ရခဲ့တယ်လို့ ဆိုပါတယ်။ ကောပါးနီးကပ်ဟာ သူ့ရဲ့ နှစ် ၃၀ ခန့် တွေးတော၊ ကြံဆ၊ သုတေသနပြုခဲ့တဲ့ကျမ်းကြီးကို လေဖြတ်ထားလို့ မေ့မြောနေရာမှ ခေတ္တပြန်လည်သတိဝင်လာပြီး သူ့စာအုပ်ကို ကိုင်ကြည့်၍ တစ်ခါထပ်မေ့မြောသွားကာ ကွယ်လွန်သွားတဲ့နေ့က ၂၄ မေ ၁၅၄၃ ပါ။ အခုဆိုလျှင် ၄၇၄ နှစ်တိတိနီးပါးမျှရှိခဲ့ပါပြီ။

ကောပါးနီးကပ် ကွယ်လွန်ပြီး နှစ်အနည်းငယ်အတွင်းမှာ သူ့ရဲ့ နေဗဟိုပြုဝါဒကို အယ်စထရော်နော်မာ (astronomers) လို့ခေါ်တဲ့ နက္ခတ္တဗေဒပညာရှင်များ၊ သိပ္ပံပညာရှင်များအတွင်းမှာပင်လျှင် လက်ခံတဲ့သူ အရေအတွက်ဟာ ၁၀ ဦးထက်မပိုဘူးလို့ ကျမ်းကိုးတချို့က ဆိုပါတယ်။

ကောပါးနီးကပ်ရဲ့ စာအုပ်ဟာ တစ်နည်းအားဖြင့်ဆိုလျှင် ကမ္ဘာကို ရွှေ့သွားစေခဲ့တဲ့ စာအုပ်တစ်အုပ်ဖြစ်ပါတယ်။ ကမ္ဘာကိုရွှေ့စေတယ်လို့ သုံးရာမှာ ကောပါးနီးကပ်ရဲ့ စာအုပ်ဟာ သူကွယ်လွန်အပြီး ချက်ချင်းအားဖြင့် အကျိုးသက်ရောက်မှုများ၊ လွှမ်းမိုးမှုများ မကြီးမားလှပေမယ့် နောင်မကြာခင်မှာတော့ ကမ္ဘာကို ဥပမာအလင်္ကာသဘောမျိုးနှင့်ရေးရလျှင် လှုပ်ခါသွားစေလို့ပါ။

**၄။ ကောပါးနီးကပ်ရဲ့ နေဗဟိုပြုသီအိုရီထက်ပင် သစ်လွင်ရဲတင်းတဲ့အယူအဆများကို တင်ပြခဲ့လို့ မီးရှို့ သတ်ဖြတ်ခြင်းခံခဲ့ရတဲ့ ဂျော်ဒါနိုဗရူနို**

ခရစ်နှစ် ၁၅၄၃ မှာ ကောပါးနီးကပ် ကွယ်လွန်ခဲ့အပြီး ငါးနှစ်အကြာမှာ မွေးဖွားခဲ့တဲ့ အီတလီလူမျိုး ကက်သိုလစ်ဘုန်းတော်ကြီးဟောင်း ဂျော်ဒါနိုဗရူနို (Giordano Bruno) (၁၅၄၈ - ၁၇ ဖေဖော်ဝါရီ ၁၆၀၀) ဟာ တခြားစွဲချက်များ အပါအဝင် ကောပါးနီးကပ်ရဲ့ နေဗဟိုပြုဝါဒကို ယုံကြည်၊ လက်ခံပြန့်ပွားစေမှုဆိုတဲ့ စွဲချက်နှင့် ထိုစဉ်တုန်းက ကက်သိုလစ်ကျောင်း တော်က စွဲချက်တင်၊ စီရင်ချက်ချ အပြစ်ပေးခဲ့ကာ အီတလီနိုင်ငံ ရောမမြို့ရဲ့ ရင်ပြင်တစ်ခုမှာ အရှင်လတ်လတ်မီးရှို့ သတ်ဖြတ်ခဲ့တယ်။ ဗရူနိုဟာ ကောပါးနီးကပ်ထက်ပိုပြီး ရှေးရိုးထုံးတမ်းအစဉ်အလာတို့ကို စွန့်လွှတ်နိုင်ကာ သစ်လွင်တဲ့ အယူအဆတို့ကို တင်ပြခဲ့သူဖြစ်တယ်လို့ ၁၉၅၉ ခုနှစ်က ပထမအကြိမ် ထုတ်ဝေခဲ့တဲ့ A History of Scientific Ideas to 1900 (၁၉၀၀ ပြည့်နှစ်အထိ သိပ္ပံဆိုင်ရာ အတွေးအခေါ်တို့၏သမိုင်း) စာအုပ်မှာ ကွယ်လွန်သူ သိပ္ပံသမိုင်းပညာရှင် Charles Singer (ချားလ်(စ်)ဆင်ဂါ)က တင်ပြခဲ့တယ်။ ကောပါးနီးကပ်ထက် သစ်လွင်တဲ့အယူအဆကို ဗရူနိုက တင်ပြခဲ့ရာမှာ (၁) ကြယ်တွေဟာ နေတွေဖြစ်တယ်။ (၂) ဒီအခြားနေတွေကို ကမ္ဘာက (ကမ္ဘာရဲ့) နေကို လည်ပတ်နေသလို တခြားနေစနစ် (other solar systems) အတွင်းရှိ ဂြိုဟ် (planets) တွေဟာလည်း သူတို့ရဲ့နေတွေကို လည်ပတ်နေတယ်။ (၃) ဒီဂြိုဟ်တွေမှာလည်း ဂြိုဟ်သားတွေရှိနိုင်တယ်လို့ တင်ပြခဲ့တဲ့အတွက် ဗရူနိုထက်စာလျှင် ကောပါးနီးကပ်ဟာ ရှေးထုံးစဉ်လာသမားတစ်ဦးသာဖြစ်တယ်။ (academic and conservative Copernicus) လို့ ချားလ်(စ်)ဆင်ဂါက တင်ပြခဲ့တယ်။

ကြယ်တွေဟာ အခြားနေတွေ ဖြစ်တယ်ဆိုတဲ့ ဗရူနိုရဲ့ ယူဆချက်နှင့်တချို့နေတွေနှင့် သူတို့ရဲ့နေစနစ်တို့မှာရှိတဲ့ ဂြိုဟ်တွေဟာ သူတို့ရဲ့နေတွေကို လည်ပတ်နေတယ်ဆိုတဲ့ အချက်ကတော့ သိပ္ပံပကတိဖြစ်ရပ်မှန် (scientifically verifiable truth) ဖြစ်နေပါပြီ။

သို့သော်လည်း ဗရူနိုရဲ့ တတိယမှန်းဆချက်ဖြစ်တဲ့ အခြားနေတွေကို ဝန်းရံလည်ပတ်နေတဲ့ ဂြိုဟ်တွေမှာ အသက်ရှိ (living organism) နှင့် အသက်ရှိရုံသာမက ဉာဏ်ရှိသတ္တဝါများ (intelligent beings) တွေရှိနိုင်တယ်ဆိုတဲ့ ထင်မှတ်ချက်နှင့် အတွေးတင်ပြချက်တို့ကတော့ ယခုထိ မှန်ကန်ကြောင်း သက်သေမပြနိုင်သလို မှားကြောင်းကိုလည်း အခိုင်အမာ သက်သေမပြနိုင်သေးပါဘူး။

**(ဆက်လက်ဖော်ပြပါမည်)**

# ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ညောင်ဦး မေ ၂၂**
ညောင်ဦးမြို့နယ် ပညာရေးဌာနမှ မြို့နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးငယ်များ ပညာသင်ကြားရာတွင် လွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ ကျင်းပသည့် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း အကြိုညှိနှိုင်းဆွေးနွေးကို မေ ၂၁ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်စား ဒုတိယမြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင်ပညာရေးမှူး ဦးနေဝင်းက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းပြင်ပ မူလတန်းပညာရေး၏ သဘောသဘာဝနှင့် တိုးချဲ့ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု(ပင်မဌာန)မှ သင်တန်းညှိနှိုင်းရေးမှူး ဆရာမကြီး ဒေါ်မေစီအုန်းမောင်က ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် ပညာရေးလုပ်ငန်း၏ အဓိကအကျိုးဖြစ်ထွန်းမှုများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးအောင်ဌေးက ကျောင်းပြင်ပပညာရေးလုပ်ငန်းအစီအစဉ် ဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ကြုံရသည့်အခက်အခဲများနှင့် ကူညီဖြေရှင်းပံ့ပိုးပေးနိုင်သည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ပညာရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# နည်းပညာသစ်နဲ့စိမ်းနေတဲ့ အာလူးစိုက်တောင်သူများ အာလူးအထွက်တိုးအောင် မိရိုးဖလာစိုက်ပျိုးရေးနည်းလမ်းကိုပြောင်းလဲဖို့ လိုအပ်နေပါတယ်

မေလလယ်ပိုင်းက တောင်တန်းတွေဝန်းရံထားတဲ့ ရှမ်းပြည်နယ် ဟဲဟိုးမြို့ အပြင်ဘက်လယ်ကွင်းပြင်ကြီးဟာ တောင်သူတွေနဲ့ ပျားပန်းခပ် လှုပ်ရှားသက်ဝင်နေပါတယ်။ တောင်သူတွေဟာ စက်အား၊ လူအားသုံးပြီး ဒီဒေသရဲ့ အဓိကစိုက်ပျိုးရေးထွက်ကုန်ဖြစ်တဲ့အာလူးကို တူးဖော်နေကြတာပါ။

အာလူးစိုက်တောင်သူတွေဟာ မိရိုးဖလာနည်းလမ်းတွေနဲ့သာ အများဆုံးစိုက်ပျိုးကြတယ်။ လတ်တလောသုံးနေကြတဲ့ဒေသမျိုးတွေကလည်း မျိုးစေ့မမှန်ဘူးလို့ ဆိုပါတယ်။ ရလဒ်အားဖြင့် အထွက်နှုန်းလျော့နည်းလာခြင်း၊ အာလူးအရွယ်အစားသေးငယ်ခြင်းတို့နဲ့ ရင်ဆိုင်လာရတာပါပဲ။ မိရိုးဖလာနည်းလမ်းသုံးသူတွေထဲမှာ ဟဲဟိုးအလယ်ပိုင်း(၁)ရပ်ကွက်မှာနေထိုင်တဲ့ တောင်သူကိုဌေးဆောင်လည်း ပါဝင်ပါတယ်။

"၁၉၈၀ လောက်က တစ်ဧကကို ပိဿာချိန် ၁၀၀၀၀ လောက်ထွက်တယ်။ အဲဒီတုန်းက မျိုးလည်းမှန်တယ်။ ဒေသမျိုးပဲစိုက်ခဲ့တာ။ နောက်ပိုင်းကျတော့ ဒေသမျိုးတွေပျက်လာတယ်။ မျိုးတွေကမမှန်တော့ဘူး။ မမှန်တော့ အထွက်နှုန်း တအားကျတယ်"လို့ ကိုဌေးဆောင်က ပြောပါတယ်။



**ရှမ်းပြည်နယ်(တောင်ပိုင်း) အာလူးစိုက်ခင်းတစ်ခုတွင် လုပ်ငန်းခွင်ဝင်နေကြသော တောင်သူများကို တွေ့ရစဉ်။**

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇော်လွင်က အာလူးတစ်ဧကကို ပိဿာ ၅၀၀၀ ဝန်းကျင် ထွက်နေတယ်လို့ ပြောပါတယ်။ တောင်သူတွေကတော့ ၆၀၀၀ ကနေ ၇၀၀၀ ကြား ထွက်တယ်လို့ဆိုပါတယ်။ အားလုံးရဲ့ပြောဆိုချက်မှာ တူညီတာကတော့ အာလူးအထွက်နှုန်းတိုးမလာဘူးဆိုတာပါပဲ။

မျိုးကောင်းမျိုးသန့် အသုံးပြုမယ်၊ စိုက်ပျိုးရေးနည်းလမ်း အပြောင်းအလဲ ပြုလုပ်မယ်ဆိုရင်တော့ အာလူးအထွက်တိုးလာနိုင်မယ်လို့ ခေတ်မီစိုက်ပျိုးရေးနည်းလမ်းကို လေ့လာထားသူများနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့က ပြောကြပါတယ်။

### နည်းသစ်၊ မျိုးသစ်

စိုက်ပျိုးရေးဦးစီးဌာနရဲ့ အချက်အလက်များအရ နိုင်ငံအနှံ့ အာလူးစိုက်ဧက ၉၀၀၀၀ ကျော်ရှိပြီး ရှမ်းပြည်နယ်မှာ ၅၄၄၅၄ ဧကရှိပါတယ်။ စိုက်ဧကအများစုက ပြည်နယ်တောင်ပိုင်းမှာ တည်ရှိနေတာပါ။

မြန်မာပြည်ရဲ့ စိုက်ပျိုးရေးလုပ်ငန်းကို ကူညီနေကြသူများထဲမှာ နယ်သာလန်နိုင်ငံက အဖွဲ့အစည်းများလည်း ပါဝင်ပါတယ်။ နယ်သာလန်ပညာရှင်များက မြေယာပြင်ဆင်ခြင်း၊ အကွာအဝေးစနစ်တကျတွက်ချက်ပြီး မျိုးစေ့ချခြင်း၊ မျိုးစေ့နဲ့သီးနှံ စနစ်တကျ သိုလှောင်ခြင်း အစရှိတဲ့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသစ်တွေ ပို့ချပေးနေတာပါ။

သူတို့က စိုက်ပျိုးရေးနည်းစနစ်အသစ်တွေအပြင် Carolus နဲ့ Mrkies တို့လို အမျိုးအစားကောင်းတဲ့ အာလူးမျိုးစေ့တင်သွင်းထားပါတယ်။

Rijksdienst Voor Ondernemend အဖွဲ့ရဲ့ ကူညီမှုကို ၂၀၁၄ ခုနှစ်မှာ စတင်ရရှိတယ်။ Consortium of Dutch အဖွဲ့က ၂၀၁၂ ကနေ ၂၀၁၅ အထိကူညီခဲ့တယ်လို့ သိရပါတယ်။ သူတို့ရဲ့သင်တန်းတွေကို တက်ရောက်သူတွေထဲမှာ ဟိုပုံး၊ ဟဲဟိုးမြို့တွေက တောင်သူပေါင်း ၃၀၀ ခန့် ပါဝင်ပါတယ်။

ဟဲဟိုးမှာအာလူးဧက ၆၀ စိုက်ပျိုးနေတဲ့ ဦးအောင်သန်းကျော်က သင်တန်းတက်ရောက်ပြီး ခေတ်မီနည်းပညာအကြောင်း လေ့လာမိတဲ့အတွက် သူ့လုပ်ငန်းအကျိုးဖြစ်နေပြီလို့ ဆိုပါတယ်။

"မျိုးစေ့ကောင်းကောင်း ရွေးချယ်တတ်လာတယ်။ မျိုးစေ့ချတဲ့အခါမှာလည်း နည်းစနစ်တကျချတတ်လာတော့ မျိုးစေ့ကုန်ကျစရိတ်လည်း သက်သာလာတယ်"လို့ ဦးအောင်သန်းကျော်က ပြောပါတယ်။ သူက ဟဲဟိုးအခြေစိုက် အာလူးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းဥက္ကဋ္ဌတာဝန် ယူထားသူပါ။

သူတို့မြို့က ဦးစိုးဝင်းကလည်း အလားတူ သုံးသပ်ပါတယ်။ "အရင်က ပုံမှန်စိုက်နေတဲ့ဟာထက် နောက်ပိုင်းဒီသင်တန်းတက်လို့သိလာတဲ့အသိနဲ့ကတော့ တော်တော်ကို ကွာပါတယ်ဗျ။ အထွက်နှုန်းတွေလည်းတိုးလာပါတယ်" လို့ အာလူးစိုက်တောင်သူ ဦးစိုးဝင်းက ပြောပါတယ်။

တောင်သူအနည်းငယ်ကပဲ စိုက်ပျိုးနည်းစနစ်သစ်ကိုကျင့်သုံးနေကြတာပါ။ စိုက်ပျိုးနည်းသစ်တွေကို နှစ်သက်သူများထဲမှာ နောင်တယားမြို့က တောင်သူ ဦးခွန်စန်းဦးလည်း ပါဝင်ပါတယ်။

"မိရိုးဖလာပင်ခြား၊ တန်းခြားကစိုက်တယ်။ ၁၈ လက်မကနေ လက်မ ၂၀ လောက်ပဲရှိတယ်။ သူတို့နည်းကတော့ ၂၈ လက်မကနေ လက်မ ၃၀ လောက်ခြားတယ်။ မျိုးစေ့ချတဲ့နေရာကျဲတဲ့အတွက် မျိုးစေ့အကုန်နည်းတယ်။ ချောင်ချောင်ချိချိဖြစ်တဲ့အတွက် အထွက်နှုန်းတိုးတယ်" လို့ နောင်တယား အာလူးအသင်းရဲ့ အတွင်းရေးမှူးလည်းဖြစ်တဲ့ ဦးခွန်စန်းဦးက ပြောပါတယ်။

ဦးခွန်စန်းဦးက ပြီးခဲ့တဲ့နှစ်ကသင်တန်းတက်ခဲ့ပြီး ရလာတဲ့ဗဟုသုတတွေကို မိတ်ဆွေတောင်သူတွေသိအောင် ပြန်လည်မျှဝေဖြစ်တယ်လို့ ဆိုပါတယ်။

နယ်သာလန် မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနေပြီး ဒီမျိုးတွေ အများအပြားထုတ်လုပ်နိုင်ဖို့ ကြိုးစားနေတယ်။ ရန်ကုန်၊ မန္တလေးက အာလူးကြော်ထုတ်လုပ်ရေးစက်ရုံတွေကိုလည်းသွင်းတယ်။ ဒီစက်ရုံတွေက နယ်သာလန်မျိုးကို ပိုနှစ်သက်တယ်လို့ ဦးခွန်စန်းဦးက ဆက်ရှင်းပြပါတယ်။

### လိုအပ်နေတဲ့ အပြောင်းအလဲ

မျိုးစေ့မမှန်မှု၊ သွင်းအားစုကုန်ကျစရိတ်မြင့်တက်မှု၊ ဈေးကွက် မတည်ငြိမ်မှု၊ အထွက်နှုန်းနည်းပါးမှုတို့က ပုံမှန်ရင်ဆိုင်နေရတဲ့ အခက်အခဲတွေပါ။ ဒီအခြေအနေမှာပဲ ဟဲဟိုးဒေသတောင်သူအများစုက မိရိုးဖလာနည်းအတိုင်းသာ စိုက်ပျိုးနေကြတာပါ။ သူတို့ထဲက တစ်ယောက်ကတော့ ဟဲဟိုး အလယ်ပိုင်း(၁)ရပ်ကွက်က မဖြူ ဖြစ်ပါတယ်။

"ငယ်ငယ်ကတည်းက အာလူးစိုက်လာတာဆိုတော့ ကိုယ့်အမြင်နဲ့ကိုယ် စိုက်တာပဲကြိုက်တယ်။ သူတို့ပေးတဲ့ သင်တန်းကိုလည်း မသွားဖြစ်ဘူး။ သူတို့ပေးတဲ့နည်းကို မလိုချင်လို့တော့မဟုတ်ဘူး။ ကိုယ့်နည်းကိုပဲ ပိုသဘောကျတယ်"လို့ မဖြူက ဆိုပါတယ်။

ဟဲဟိုးက ကိုဌေးဆောင်ကတော့ သင်တန်းမတက်ဖြစ်သေးပေမယ့် နည်းလမ်းသစ်သုံးတဲ့အခင်းတွေက အာလူးအထွက်နှုန်းပိုမိုကောင်းမွန်နေတာ တွေ့ရတဲ့အတွက် နည်းပညာအရေးကြီးမှုကို သဘောပေါက်တယ်။ စိုက်ပျိုးနည်းစနစ်သစ်တွေကို စိတ်ဝင်စားတယ်လို့ ဆိုပါတယ်။

"သင်တန်းတွေကတော့ အခွင့်သင့်သလို သူတို့က ခေါ်ပါတယ်။ ဒါပေမဲ့ တောင်သူတွေဘက်ကလည်း အချိန်မပေးနိုင်တာလည်းပါတာပေါ့"လို့ အာလူး ၁၀ ဧကဝန်းကျင် စိုက်နေတဲ့ ကိုဌေးဆောင်က ပြောပါတယ်။

ဒေသမျိုးခေါ် ပွင့်ဖြူမျိုး(Kufrijyoti)ကို ဒီဒေသမှာ အသုံးပြုလာတာ နှစ် ၂၀ ကျော်လာပြီး နောက်ပိုင်း အထွက်နှုန်းလျော့နည်းလာတယ်လို့ စိုက်ပျိုးရေးဦးစီးဌာန ဟဲဟိုးမျိုးပွားဥယျာဉ်ခြံ ခြံဦးစီးမှူး ကိုညီညီအောင်က ပြောပါတယ်။

အထွက်နှုန်းကောင်းမွန်စေဖို့ မျိုးစေ့ပိုမိုသုံးစွဲရတာကြောင့် စိုက်ပျိုးမှုကုန်ကျစရိတ်က မနည်းလှပါဘူး။ အာလူးဈေးကျတဲ့နှစ်တွေဆိုရင် တောင်သူတို့ အရှုံးပေါ်ကြတယ်လို့ သိရပါတယ်။

အာလူးစိုက်ခင်း ၁၇၇၄ ဧကရှိတဲ့ ဟဲဟိုးမှာ နည်းစနစ်သစ်အကြောင်း ပို့ချနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ အာလူးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အစုအဖွဲ့တို့က စီစဉ်နေကြပါပြီ။

ဒေသတွင်းနည်းစနစ်အသစ်၊ မျိုးကောင်းမျိုးသန့် အသုံးပြုမှုမှာတော့ နောင်တယားက ရှေ့တန်းရောက်နေပါတယ်။ စနစ်သစ်နဲ့စိုက်ပျိုးတဲ့ တောင်သူအရေအတွက် တိုးပွားလာဖွယ်ရှိတယ်။ လောလောဆယ်တော့ တောင်သူ ၃၀ ခန့်က စနစ်သစ်ကိုသုံးနေကြတယ်လို့ သိရပါတယ်။

နောင်တယားဒေသမှာ အာလူးစိုက်ဧကပေါင်း ၁၇၀၀၀ ကျော်ရှိနေပြီး တစ်နှစ်ကိုသုံးကြိမ်ခန့် အာလူးစိုက်ပျိုးကြပါတယ်။

ဟဲဟိုးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇော်လွင်ကတော့ သက်ဆိုင်ရာဌာနတွေ၊ အဖွဲ့အစည်းတွေကလည်း အာလူးဈေးကွက် ပိုမိုကျယ်ပြန့်အောင် လုပ်ပေးသင့်တယ်လို့ ယူဆသူပါ။

မြန်မာနိုင်ငံအာလူးစိုက်ဧရိယာရဲ့ ထက်ဝက်ကျော်ပိုင်ဆိုင်ထားတဲ့ ရှမ်းပြည်နယ်မှာ အာလူးအထွက်နှုန်း ပိုမိုကောင်းမွန်၊ ဈေးကွက်အတွင်း ဈေးကောင်းရမယ့် နည်းလမ်းတွေရှိနေတယ်လို့ သူကဆက်ပြောပါတယ်။

"တောင်သူတွေသာစိတ်ဝင်တစားနဲ့ ရဲရဲတင်းတင်းနဲ့ စိုက်စနစ်တွေ၊ မျိုးတွေကိုပြောင်းလဲမယ်ဆိုရင်တော့ တောင်သူတွေရဲ့အခြေအနေက တိုးတက်လာမယ်"လို့ ဦးဇော်လွင်က ပြောလိုက်ပါတယ်။ ။

**အောင်ငြိမ်းချမ်း/Myanmar Now**



# အမ်းနှင့် မြေပုံမြို့နယ်တို့တွင် တရားမဝင် ဝင်ရောက်လာသူများနှင့် ပို့ဆောင်ပေးသူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**
ရခိုင်ပြည်နယ် အမ်းနှင့် မြေပုံမြို့နယ်တို့တွင် မေ ၂၁ ရက်က တရားမဝင် ဝင်ရောက်လာသူ ၂၄ ဦးနှင့် လိုက်ပါပို့ဆောင်ပေးသူများကို ဖမ်းဆီးရမိကြောင်း သိရသည်။

အမ်းမြို့နယ် အမ်း-မအီလမ်းခွဲ စစ်ဆေးရေးဂိတ်၌ မေ ၂၁ ရက် နံနက် ၉ နာရီက သတင်းအရ ကျောက်တော်မှ တောင်ကုတ်သို့ ယာဉ်မောင်း ခန့်ထည်ဝါ (ပုဇွန်သိရီမြို့နယ်) မောင်းနှင်ပြီး ဇော်မျိုးထက် (ရွှေပြည်သာမြို့နယ်) နေသူ လိုက်ပါလာသော Crown ယာဉ်ကို စစ်ဆေးရန် ရပ်တန့်စေခဲ့ရာ ဂိတ်မောင်းတံကို ဝင်တိုက်ထွက်ပြေးခဲ့သဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ စစ်ဆေးရေးဂိတ်နှင့် တစ်မိုင်ခန့်အကွာတွင် မအီဘက်မှ အမ်းဘက်သို့မောင်းနှင်လာသော Fokland ယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိပြီး လမ်းဘေးသို့ ထိုးကျသွားခဲ့သည်။ ယာဉ်ပေါ်တွင် ယာဉ်မောင်း ခန့်ထည်ဝါပါ နှစ်ဦးနှင့် ၎င်းတို့ ခေါ်ဆောင်လာသော ကျောက်တော်မြို့နယ် တကောင်းကျေးရွာနေ မာမောက်တာဟရ်ပါ တရားမဝင်ဝင်ရောက်လာသူ ခြောက်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် ဝင်ရောက်လာသူများကို သယ်ယူပို့ဆောင်ပေးသူ ခန့်ထည်ဝါပါ နှစ်ဦးအား အမ်းမြို့နယ်ရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိပြီး တရားမဝင် ဝင်ရောက်လာသူများကို လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် အမ်းမြို့နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ပတ်ကွေ့ကျေးရွာရာအိမ်မှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် အမ်း-မင်းဘူးကားလမ်းမိုင်တိုင်အမှတ် (၈၆/၂)အနီး တောစပ်တွင် ပုန်းအောင်းနေသော မင်းပြားမြို့နယ် ဆပ်ကျရွာနေ ဒူရောင်ဆားဒဲက်(ခ) မောင်မောင်လေးပါ အမျိုးသား သုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးချက်အရ မင်းပြားမြို့နယ် ဟာရပိုင်ကျေးရွာနေ ပွဲစား ဆာဒစ်မှ ၎င်းတို့အား ရန်ကုန်သို့ သွားရောက်ရန် ဆိုင်ကယ် နှစ်စီးဖြင့် တင်ပေးလိုက်ကာ ပဲပဒုံစစ်ဆေးရေးဂိတ်ကို ရှောင်ကွင်းဖြတ်သန်းခဲ့ပြီး ယခုတောစပ်တွင် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မေ ၂၁ ရက် နံနက် ၇ နာရီခွဲက မြေပုံမြို့နယ် စည့ာင်းကျေးရွာနှင့် လေသွန်ကျေးရွာအနီး ရန်ကုန်-စစ်တွေ ကားလမ်းမိုင်တိုင်အမှတ် (၃၂/၂ နှင့် ၃) အကြား NISSAN X-TRA ယာဉ်မှာ လမ်းဘေးသို့ထိုးကျ တိမ်းမှောက်ခဲ့ရာမှ ယာဉ်ပေါ်ပါ ကျောက်တော်မြို့နယ် ရတနာပုံကျေးရွာနေ မဟာမတ်ဇူဆိုင်းပါ ၁၅ ဦးကို ဖုန်းငါးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးချက်အရ အဆိုပါ ၁၅ ဦးက ရန်ကုန်မြို့သို့ သွားရောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း၊ ပို့ဆောင်ခအဖြစ် ရှာကေ (ခ)လှကျော်အား တစ်ဦးလျှင် ၁၄ သိန်း၊ အမျိုးသမီး သုံးဦးအတွက် သိန်း ၄၀ လွှဲပေးပြီးဖြစ်ကြောင်း၊ ၎င်းတို့လိုက်ပါလာသော မော်တော်ယာဉ်မှာ တိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ ၁၅ ဦးအား လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် အရေးယူသွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## စိတ်ကြွဆေးပြားများသယ်ဆောင်လာသူနှင့် ဆက်စပ်ရောင်းချသူများဖမ်းဆီး

**သထုံ မေ ၂၂**
မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာနှင့် ကြာပန်းကျေးရွာသွား ကားလမ်းပေါ်တွင် WY စိတ်ကြွဆေးပြားများရောင်းဝယ်နေသည့်သတင်းအရ မေ ၂၁ ရက် ညပိုင်းက သိမ်ဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်သိုက်စိုးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝီယော်-ကြာပန်းကားလမ်း ကုလားကုန်းကြီးပိုင်းတွင် စောင့်ဆိုင်းနေစဉ် နီတွတ်(ခ) အောင်စိုးဦး(၂၂)နှစ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် ရွှေဟသ်ာရပ်နေသူ မောင်းနှင်လာသည့် နံပါတ်မပါ ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ WYစာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ၁၅ ပြားကို တွေ့ရှိသဖြင့် ဖမ်းဆီးခဲ့ကြောင်း၊ ဆေးပြားများကို ဝီယော်ကျေးရွာ ရွာတန်းရှည်ပိုင်းနေ အောင်မြင့်(ခ)ထင်ကျော်(ခ)မန္တလေး (၂၈)နှစ်ထံမှ ဝယ်ယူခဲ့ကြောင်း၊ ၎င်းနှင့်အတူသွားသော ကျော်နိုင်ဦး(ခ) ပြာမောင်မောင် (၂၂)နှစ် ဖော်ဖကျေးရွာနေသူနှင့် စွမ်းပြည့်အောင် (ခ)ကလူး (၁၉)နှစ် ကျိုက္ကော်ရပ်ကွက် ပဲခူးစုပိုင်းနေသူတို့ နှစ်ဦးအား ထပ်မံဖမ်းဆီးမိခဲ့ကြောင်း၊ အောင်မြင့်(ခ)ထင်ကျော်(ခ)မန္တလေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အိမ်အနောက်ဘက် ရော်ဘာပင်အောက်တွင် ဝှက်ထားသော WY စာတန်းပါ စိတ်ကြွဆေးပြား ၁၁၅ ပြားကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းဆေးပြားများကို ဝီယော်ကျေးရွာ ရွာကြီးပိုင်းနေသူ မြင့်စိုး (၃၈)နှစ်ထံမှ ဝယ်ယူကြောင်း သိရသဖြင့် မြင့်စိုးအား ထပ်မံဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နီတွတ် (ခ)အောင်စိုးဦး၊ ကျော်နိုင်ဦး (ခ) ပြာမောင်မောင်နှင့် စွမ်းပြည့်အောင် (ခ) ကလူးတို့အား မယ (ပ)၂/၂၀၁၇၊ မူးယစ်စိတ်ပြောင်းပုဒ်မ ၁၅/၁၆(ဂ)/၂၀ ဖြင့်လည်းကောင်း၊ မြင့်စိုးအား မယ (ပ) ၃/၂၀၁၇၊ မူးယစ်စိတ်ပြောင်းပုဒ်မ ၁၅/၁၉(က)/၂၀ (က)/၂၁ ဖြင့်လည်းကောင်း၊ အောင်မြင့် (ခ)ထင်ကျော် (ခ)မန္တလေးအား မယ (ပ)၂ /၂၀၁၇၊ မူးယစ်စိတ်ပြောင်းပုဒ်မ ၁၅/၁၆ (ဂ)/၂၀နှင့်မယ(ပ)၃/၂၀၁၇၊ မူးယစ်စိတ်ပြောင်းပုဒ်မ ၁၅/၁၉ (က)/၂၀ (က)/၂ ဖြင့် လည်းကောင်း သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၈၃ စီး၊ သွင်းကုန် ၅၂၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မေ ၂၁ ရက် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနှစ်မှု (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၈ ဒသမ ၇၀၆၇ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၂၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျ အကောက်ခွန်အဖွဲ့စစ်ဆေးစဉ် Thai Smile Airline ဖြင့် ဘန်ကောက်မှရန်ကုန်သို့ ဝင်ရောက်လာသည့် ဂျပန်နိုင်ငံသားခရီးသည်ထံမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော iphone Handset (Used) (7)Nos နှင့် FREETEL Handset (4)Nos (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် လေးသန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရေနွေးအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွား



**ကျုံပျော် မေ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပင်လုံရပ်ကွက် ကန်သာယာလမ်းနေ ဒေါ်မြမြသန်းနေအိမ်တွင် တူဖြစ်သူ သက်ပိုင်စိုး (၁၅)နှစ်သည် မေ ၂၂ ရက် နံနက် ၈ နာရီခွဲခန့်တွင် ရေနွေးအိုးတည်ရာမှ မီးဖိုချောင်ထရံကို ကူးစက်လောင်ကျွမ်းခဲ့ပြီး ခေါင်းရင်းဘက်နေအိမ်ကို ဆက်လက်ကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဇော်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၁ ဦးတို့က မီးသတ်ယာဉ် သုံးစီးနှင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်စိုးနှင့် မြို့မစခန်းမှူး ဒုရဲမှူးခိုင်ကျော်ဦးတို့က တပ်ဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် ငြိမ်းသတ်ပေးခဲ့ကြသည်။ မီးလောင်မှုကြောင့် လူနေအိမ် နှစ်လုံး ဆုံးရှုံးကာ လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မီးပေါ့ဆစွာသုံးစွဲသူ သက်ပိုင်စိုးအား (ပ) ၁၁၀/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၅၈ ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# လှိုင်သာယာမြို့နယ် အမှတ် (၉) ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးရောင်းချနေသည့် နေအိမ်အား ဖော်ထုတ်အရေးယူ

**ရန်ကုန် မေ ၂၂**
မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် လှိုင်သာယာမြို့နယ်သောင်ကြီးရဲစခန်းမှ စခန်းမှူးရဲအုပ်မြင့်ဇော်ဦး နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်ဇော်ဦးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ အမှတ် (၉) ရပ်ကွက် မနော်ဟရီလမ်းနေ ဦးသောင်းအေး၏ နေအိမ်၌ မူးယစ်ဆေးဝါးရောင်းဝယ်နေကြောင်းသတင်းအရ မေ ၂၀ ရက် ည ၇ နာရီခန့်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှေ့ခန်းတွင် ဖိုးကုလား(ခ)ကျွဲပေါက် ဆိုသူအားတွေ့ရှိ၍ စစ်ဆေးရှာဖွေခဲ့ရာ ၎င်းအနီးရှိ လက်ဆွဲအိတ်အတွင်းမှ WYစာတန်းပါ လိမ္မော်ရောင် စိတ်ကြွဆေးပြား ၁၀၀ (ကာလတန်ဖိုးငွေကျပ် ၃၅၀၀၀၀ခန့်)၊ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွဆေးပြား ၁၂ ပြား (ကာလတန်ဖိုးငွေကျပ် ၄၂၀၀၀ ခန့်) စုစုပေါင်း စိတ်ကြွဆေးပြား ၁၁၂ ပြား (အလေးချိန် ၁၁ ဒသမ ၂ ဂရမ်ခန့်) ကာလတန်ဖိုးငွေကျပ် ၃၉၂၀၀၀ ခန့်၊ မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသော အချိုရည်ဘူးခွံ တစ်ဘူး၊ ခဲပတ်သုံးခု၊ ကော်ပိုက်ဖြူ ရှစ်ချောင်းတို့ကို သိမ်းဆည်းရမိ၍ ဖိုးကုလား(ခ)ကျွဲပေါက်နှင့် ထွက်ပြေးတိမ်းရှောင်နေသူ အိမ်ရှင်ဦးသောင်းအေးတို့ နှစ်ဦးအား သောင်ကြီးနယ်မြေရဲစခန်းက မယ(ပ)၇/၁၇၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)၂၁ ဥပဒေနှင့်အညီ စစ်ဆေးအရေးယူထားကြောင်း သိရသည်။

**(မော်ကွန်းသစ်)**

မူးယစ်နွံတွင်း
ကျွံ၍ဆင်း
သေမင်းအမြန်
ခေါ်လိမ့်မည်

# ရှုပ်ရှုပ်ထွေးထွေး အာဆင်နယ်ရဲ့နှစ် ၂၀ အတွင်း အဆိုးရွားဆုံး ကျဆုံးမှုအတွက် အဖြေထုတ်ရတော့မယ့် အချိန်ရောက်လာပြီ



အာဆင်နယ်အသင်းဟာ ယခုနှစ်ဘောလုံးရာသီမှာ ရလဒ်ပိုင်းတွေ အကျဘက်ဦးတည်ခဲ့ပြီး နှစ် ၂၀ အတွင်း ချန်ပီယံလိဂ်ဝင်ခွင့်ကို ပထမဦးဆုံးလွဲချော်ခဲ့ပြီ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းက ပရီမီယာလိဂ်ရာသီသိမ်း ပွဲစဉ်မှာ လူတစ်ယောက်လျော့အနေအထားနဲ့တောင် အဲဗာတန်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူကစားခဲ့ပေမယ့် လီဗာပူးက မစ်ဒယ်ဘရော့ကို သုံးဂိုးပြတ်နဲ့ အနိုင်ကစားသွားတာကြောင့် အာဆင်နယ်ရဲ့ အိပ်မက်တွေ ဖရိုဖရဲ စုတ်ဖြဲခံလိုက်ရတာဖြစ်ပါတယ်။

**အနာဂတ်မသေချာတော့ဘူးလို့ ဝန်ခံလိုက်ရပြီ**

အာဆင်နယ်ဟာ ဝင်းဂါးအသင်းကို ရောက်ရှိလာတဲ့ ၁၉၉၆ ခုနှစ်ကတည်းက တစ်နှစ်မှ ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ခဲ့ခြင်းမရှိပေမယ့် ဒီနှစ်မှာတော့ အရင်က အစဉ်အလာကောင်းတစ်ရပ် ကျိုးပျက်သွားရပြီဖြစ်ပါတယ်။ ဝင်းဂါးကတော့ ပွဲအပြီးသတင်းစာရှင်းလင်းပွဲမှာ သူ့အနေနဲ့ ဒီလိုချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်မှုအတွက် ဘာအကြောင်းပြချက်မှ ပေးသွားမှာမဟုတ်ဘူးလို့ဆိုခဲ့ပေမယ့် သူ့ရဲ့ အနာဂတ်မသေချာမှုကိုတော့ ဝန်ခံသွားခဲ့ပါတယ်။

**တောင်လိုပုံနေတဲ့ ပြဿနာတွေ**

ဝင်းဂါးက ပြီးခဲ့တဲ့ ဇန်နဝါရီလကတည်းက အခြေအနေတွေဟာ တစ်နေ့တစ်မျိုးမရိုးရအောင် ခက်ခဲခဲ့ပြီး လူသိတာရော မသိတာရော ရှင်းလင်းစရာ မကုန်အောင် ဖြစ်ခဲ့တယ်လို့တော့ ဆိုခဲ့ပါတယ်။ ဒါဟာ တိုက်စစ်မှူး ဆန်းချက်ဇ်နဲ့ သူ့အကြားပြေလည်မှုမရှိခဲ့တာ၊ ဆန်းချက်ဇ်နဲ့ အသင်းဖော်တွေကြား ပဋိပက္ခအသွင်ဆန်ဆန်ဖြစ်ခဲ့တာ၊ အာဆင်နယ်ရဲ့ ရလဒ်ပိုင်းကျဆင်းလာမှုက အသင်းရဲ့ ထိပ်တန်းကစားသမားတွေအပေါ် ဆက်ထိန်းဖို့ခက်ခဲလာတာ စသဖြင့် တောင်လိုပုံနေတဲ့ ပြဿနာတွေကို ရည်ညွှန်းခဲ့တာဖြစ်ပါတယ်။

အဓိက တရားခံဟာ ဝင်းဂါးလို့ ပြစ်တင်မှုတွေကြား မလူးသာမလွန့်သာ အခြေအနေဆိုက်နေပေမယ့် နောက်ကွယ်မှာလည်း အခြားပြဿနာတွေ တစ်ပုံတစ်ပင် ရှိနေပါသေးတယ်။ အပြောင်းအလဲဖြစ်ဖို့တာစူပြီး ဆန္ဒပြနေတဲ့ ပရိသတ်တွေ၊ ပရိသတ်တွေရဲ့ ဆန္ဒကို ခေါင်းမာမာနဲ့ ဥပေက္ခာပြုပေးနေဆဲ အဓိကရှယ်ယာရှင် အမေရိကန်ဘီလျံနာသူဌေး ခရွန်ကီ၊ အနာဂတ်ကိစ္စကို ရေငုံနှုတ်ပိတ်နေနေတဲ့ ဝင်းဂါး၊ ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ခဲ့တဲ့အသင်းတစ်သင်းက ဆန်းချက်ဇ်နဲ့ အိုဇေးလ်တို့လို ကြယ်ပွင့်ကစားသမားတွေကို ဆက်ထိန်းနိုင်ပါ့မလား စတဲ့ နောက်ဆက်တွဲ ပြဿနာတွေအများကြီး ရှိနေဆဲပါ။

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်မှာရော အခြားပြိုင်ပွဲတွေမှာပါ လုံလောက်တဲ့ အောင်မြင်မှုမရရှိပေမယ့် လက်မှတ်ဈေးနှုန်းကတော့ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာနေပြီး ဗြိတိန်နိုင်ငံတစ်ဝန်း လက်မှတ်ဈေးနှုန်းအကြီးမြင့်ဆုံးအသင်းပါ။ ဒါကြောင့်လည်း ပရိသတ်တွေက ဆန်းဒါးလန်းနဲ့ပွဲစဉ်မှာ ဝယ်ယူပြီးသား လက်မှတ်တွေရှိပေမယ့် လာရောက်မကြည့်ရှုဘဲ သပိတ်မှောက်ခဲ့ကြတာဖြစ်ပါတယ်။ ဝင်းဂါးကတော့ လက်မှတ်တွေ အကုန်လုံးရောင်းချပြီးဖြစ်တာကြောင့် ကွင်းထဲ ပရိသတ်ဘယ်လောက်အရေအတွက် လာရောက်ကြည့်ရှုတာဟာ ပရိသတ်တွေရဲ့ သဘောထားသာဖြစ်ပြီး ရလဒ်ကောင်းဖို့က သူ့အလုပ်ရယ်လို့ တုံ့ပြန်ခဲ့ပါတယ်။

**မျှော်လင့်ချက်ငွေ့ငွေ့**

အဲဗာတန်နဲ့ ပွဲမတိုင်မီကတည်းက အာဆင်နယ်အသင်း အဓိကရှယ်ယာရှင် စတန်းခရွန်ကီဟာ ဝင်းဂါးရဲ့ အနာဂတ်အရေးကိစ္စကိုဆွေးနွေးဖို့ လန်ဒန်ကို လာရောက်ဆွေးနွေးဖို့ စီစဉ်ထားပြီးသားပါ။ အာဆင်နယ်အသင်းကို ခရွန်ကီက ၂၀၁၁ ခုနှစ် ဧပြီလကတည်းက ထိန်းချုပ်ခဲ့ပေမယ့် ဒီကာလအတွင်း အက်ဖ်အေဖလားနှစ်ကြိမ်သာ ရရှိခဲ့တာကြောင့် ဒါဟာ အာဆင်နယ်လို အသင်းအတွက် လုံလောက်ပြည့်စုံတဲ့ အောင်မြင်မှုတော့မဖြစ်ခဲ့ဘူး။ ခရွန်ကီကတော့ ငွေကြေးနဲ့ အောင်မြင်မှုကိုဝယ်ယူမှာ မဟုတ်ဘူးလို့ သူ့ရဲ့ သဘောထားကို တရားဝင်ထုတ်ဖော်ထားခဲ့ပြီးသားပါ။ တစ်ဖက်မှာလည်း ခရွန်ကီဟာ အမေရိကန်နိုင်ငံတစ်ဝန်း အားကစားလုပ်ငန်းတွေမှာ ခြေလှမ်းကျဲကျဲ လှမ်းထားသူဖြစ်ပြီး ဘတ်စကတ်ဘောအသင်းတစ်သင်း၊ ရေခဲပြင်စကိတ်အသင်းတစ်ခု၊ အင်န်အက်ဖ်အယ်အသင်း၊ မေဂျာလိဂ်ကလပ်အသင်း ကော်လိုရာဒိုအသင်းတွေကို ပိုင်ဆိုင်သူဖြစ်တဲ့အတွက် အာဆင်နယ်အသင်းတစ်ခုတည်းအပေါ် စိတ်ဝင်စားမှုနည်းပါးတာဖြစ်ပါတယ်။

ဒီကြားကာလအတွင်း ဥဇဘက်ကစ္စတန်နွယ်ဖွား အစ္စမာနော့ဗ်က အာဆင်နယ်ရဲ့ ရှယ်ယာတွေကို ခရွန်ကီဆီက လွှဲပြောင်းဝယ်ယူဖို့ စီစဉ်လာပြီး သူ့ရဲ့ ခရွန်ကီထံရေးသားတဲ့ အိတ်ဖွင့်ပေးစာက အာဆင်နယ် ပရိသတ်တွေအတွက်တော့ မျှော်လင့်ချက်ရောင်ခြည်ကို တောက်ပစေခဲ့ပါတယ်။ အစ္စမာနော့ဗ်က သူသာ အဓိကရှယ်ယာရှင်ဖြစ်လာရင် အပြောင်းအလဲတွေကို ဖော်ဆောင်သွားမယ်လို့ ကတိပြုထားတာမျိုးလည်း ရှိနေပြန်ပါတယ်။ အစ္စမာနော့ဗ်ရဲ့ အသားတင်ပိုင်ဆိုင်မှုကချည်း ပေါင် ၁၁ ဒသမ ၇၉ ဘီလီယံ အထိရှိတာကြောင့် ဒီပမာဏဟာ ချယ်လ်ဆီးအသင်းပိုင်ရှင် ရာမန်အေဗရာမိုဗစ်ထက် ပေါင် ၃ ဘီလီယံတောင် ပိုပါသေးတယ်။ ပရိသတ်တွေကတော့ အဓိကရှယ်ယာရှင် အပြောင်းအလဲကို မြင်တွေ့ရဖို့ မျှော်လင့်နေတာမျိုးလည်း ရှိနေပြီး ဒီအပြောင်းအလဲဟာ အာဆင်နယ်ရဲ့ ခေတ်တစ်ခေတ်ကိုဦးတည်စေမယ်လို့ ယုံကြည်မှု ပြင်းထန်နေတာပါ။




***ဝင်းဂါးကတော့ သူဟာ တစ်ချိန်ချိန်မှာ အာဆင်နယ်အသင်းကနေ ထွက်ခွာသွားမှာ သေချာတာကြောင့် ထိပ်ဆုံးလေးသင်းနဲ့ ရာသီသိမ်းရေးဆိုတာထက်အသင်းကို အတောင့်တင်းဆုံးလူစာရင်းနဲ့ ချန်ရစ်ခဲ့ဖို့က သူ့ရဲ့ရည်မှန်းချက်ဖြစ်တယ်လို့ ဆိုထားသူပါ။ အာဆင်နယ်အနေနဲ့ ကိုယ့်ထက်လူအင်အားသာတဲ့ မန်စီးတီးလိုအသင်းကို အက်ဖ်အေဖလားပြိုင်ပွဲမှာ နောက်ကောက်ချပြီး ဗိုလ်လုပွဲတက်လှမ်းလာတာကိုကြည့်ရင် အာဆင်နယ်မှာလည်း စွမ်းဆောင်နိုင်မှုတွေရှိနေဆဲဆိုတာ ငြင်းမရတဲ့အချက် ဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်လုပွဲမှာ ချယ်လ်ဆီးကိုအနိုင်ယူပြီး ချန်ပီယံဖြစ်ခဲ့ရင်တောင် ဝင်းဂါးဟာ မနှစ်က မန်ယူနည်းပြ ဗန်ဟားလ်လို အက်ဖ်အေဖလားရပြီး နာရီပိုင်းအတွင်း ထုတ်ပယ်ခံလိုက်ရတဲ့ နည်းပြဖြစ်လာနိုင်ဖွယ်အနေအထား ကြုံနေရပါတယ်။ ဒါကြောင့် အက်ဖ်အေဖလားချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်ကလည်း ဝင်းဂါးရဲ့အနာဂတ်ကို အာမခံနိုင်တဲ့ဆုဖလားမဟုတ်တာတော့သေချာပါတယ်။***

အပေါ် ပရိသတ်တွေက စိတ်ဆိုး၊ ဒေါသထွက်ခဲ့ကြပြီး ဝင်းဂါး အသင်းကနေထွက်သွားဖို့ ဆန္ဒပြမှုတွေကို အရှိန်မြှင့်ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်ပရိသတ်တွေပိုပြီး ခံပြင်းဒေါသထွက်တာကတော့ ဘိုင်ယန်ကို နှစ်ကျော့ပေါင်း ၁၀ ဂိုး-၂ ဂိုးနဲ့ အရေးနိမ့်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီး အဲဒီနောက်ပိုင်းပွဲစဉ်တွေမှာ ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း ဝက်စ်ဘရွန်းကို သုံးဂိုး-တစ်ဂိုး၊ ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်ဟာ ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ချယ်လ်ဆီး၊ မန်ယူအသင်းတို့ကို အနိုင်ရတဲ့ပွဲစဉ်တွေကလွဲရင် ကျန်တဲ့အသင်းကြီးအချင်းချင်းတွေ့ဆုံတဲ့ ပွဲစဉ်မှာ ရလဒ်ပိုင်း မကောင်းတာကလည်း အာဆင်နယ်ရဲ့ လိုအပ်ချက်တွေကို ပေါ်လွင်သွားစေခဲ့ပါတယ်။

**အရာမထင်ခဲ့တဲ့ အကောင်းဆုံး စွမ်းဆောင်မှု**

ဝင်းဂါးကတော့ အာဆင်နယ်အနေနဲ့ ချန်ပီယံလိဂ်လို အမြင့်ဆုံး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်မရတဲ့အပေါ် အလွန်စိတ်ပျက် စိတ်မကောင်းဖြစ်ရပေမယ့် နောက်ဆုံးအချိန်ထိ ပရော်ဖက်ရှင်နယ်ဆန်ဆန် လုပ်ဆောင်သင့်တာကို အကောင်းဆုံးလုပ်ခဲ့တယ်လို့တော့ ဆိုပါတယ်။ မှန်ပါတယ်။ ဝင်းဂါးဟာ နှစ် ၂၀ အတွင်း ပရီမီယာလိဂ်ချန်ပီယံသုံးကြိမ်၊ အက်ဖ်အေဖလား ခြောက်ကြိမ် ရယူပေးခဲ့တဲ့ နည်းပြဖြစ်ပြီး (၁၉)ကြိမ်ဆက် ချန်ပီယံလိဂ်ဝင်ခွင့်ကနေ သွေဖည်ခြင်းမရှိအောင် ဦးဆောင်ပေးခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့ ရွှေထီးဆောင်းနေတဲ့ ကာလတွေမှာ ဥရောပအသင်းကြီးတွေက မြင့်မားတဲ့လုပ်ခလစာနဲ့ အကြိမ်ကြိမ် ကမ်းလှမ်းခဲ့တာကို ငြင်းပယ်ပြီး အာဆင်နယ်အတွက်သာ နှစ် ၂၀ တိုင် ပေးဆပ်ခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုပေးဆပ်ခဲ့တာတွေဟာ ခုတော့ နှစ် ၂၀ ကြာ အာဏာရှင်ဆန်ဆန် အုပ်စိုးထားတယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့အတူ မလှပတဲ့ ဇာတ်သိမ်းဆီကို ဦးတည်သွားခဲ့ပါပြီ။

ဝင်းဂါးကတော့ သူဟာ တစ်ချိန်ချိန်မှာ အာဆင်နယ်အသင်းကနေ ထွက်ခွာသွားမှာ သေချာတာကြောင့် ထိပ်ဆုံးလေးသင်းနဲ့ ရာသီသိမ်းရေးဆိုတာထက်အသင်းကို အတောင့်တင်းဆုံး လူစာရင်းနဲ့ ချန်ရစ်ခဲ့ဖို့က သူ့ရဲ့ ရည်မှန်းချက်ဖြစ်တယ်လို့ ဆိုထားသူပါ။ အာဆင်နယ်အနေနဲ့ ကိုယ့်ထက်လူအင်အားသာတဲ့ မန်စီးတီးလို အသင်းကို အက်ဖ်အေဖလားပြိုင်ပွဲမှာ နောက်ကောက်ချပြီး ဗိုလ်လုပွဲတက်လှမ်းလာတာကိုကြည့်ရင် အာဆင်နယ်မှာလည်း စွမ်းဆောင်နိုင်မှုတွေရှိနေဆဲဆိုတာ ငြင်းမရတဲ့ အချက်ဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်လုပွဲမှာ ချယ်လ်ဆီးကို အနိုင်ယူပြီး ချန်ပီယံဖြစ်ခဲ့ရင်တောင် ဝင်းဂါးဟာ မနှစ်က မန်ယူနည်းပြ ဗန်ဟားလ်လို အက်ဖ်အေဖလားရပြီး နာရီပိုင်းအတွင်း ထုတ်ပယ်ခံလိုက်ရတဲ့ နည်းပြဖြစ်လာနိုင်ဖွယ် အနေအထားကြုံနေရပါတယ်။ ဒါကြောင့် အက်ဖ်အေဖလား ချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်ကလည်း ဝင်းဂါးရဲ့ အနာဂတ်ကို အာမခံနိုင်တဲ့ ဆုဖလား မဟုတ်တာတော့ သေချာပါတယ်။

**နောက်ဆုံးတော့လည်း**

ပရိသတ်တွေကတော့ ထိပ်ဆုံးလေးသင်း ဝင်ရောက်ဖို့ ရည်မှန်းထားနေရတဲ့ အသင်းရဲ့အခြေအနေပေါ် စိတ်ပျက်ကြောင်း ဆိုခဲ့ကြပြီး နည်းပြအပြောင်းအလဲ ဖော်ဆောင်ခြင်းကသာ ပရီမီယာလိဂ်ဖလား ပြန်လည်ရယူနိုင်မယ့် တစ်ခုတည်းသော နည်းလမ်းအဖြစ် ယုံကြည်နေပါတယ်။ ဒါပေမယ့် အာဆင်နယ်အသင်းဘုတ်အဖွဲ့ဝင်တွေနဲ့ အဓိကရှယ်ယာရှင် ခရွန်ကီကတော့ အာဆင်နယ်ဟာ ပရီမီယာလိဂ်ဖလားမရတာ ဆယ်စုနှစ်တစ်ခုကျော်နေပြီဆိုတဲ့ အဆိုးဘက်ထက် ရလဒ်ပိုင်း အတက်အကျကြမ်းတဲ့ ကျန်တဲ့အသင်းတွေနဲ့ နှိုင်းယှဉ်ပြီး ဝင်းဂါးကို ထုတ်ပယ်လိုခြင်းမရှိခဲ့ကြတာဖြစ်ပါတယ်။

ဒီနှစ်တော့ ဆန့်ကျင်မှုတွေက အိမ်ကွင်း၊ အဝေးကွင်းမရွေး ဆက်တိုက်ဆိုသလိုဖြစ်လာလို့ လာမယ့် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်အပြီးမှာ ဝင်းဂါးအနာဂတ်အရေးကို မဖြစ်မနေ အဖြေထုတ်ပေးရပါတော့မယ်။ ဝင်းဂါးကို ဆက်ထားရင်တော့ လာမယ့်ရာသီ အာဆင်နယ်ပရိသတ်တွေအနေနဲ့ အမှတ်တရပစ္စည်းဝယ်ယူမှုနဲ့ လက်မှတ်ဝယ်ယူမှု သပိတ်မှောက်သွားဖွယ်ရှိနေပါတယ်။ ဝင်းဂါးကို ထုတ်ပယ်လိုက်ရင်ရော သေချာပေါက် ပရီမီယာလိဂ်ဖလား ပြန်ရမလား (ဒီလိုမှမဟုတ်ဘဲ) လီဗာပူးလို ပရီမီယာလိဂ်ဖလားမရတာ နှစ် ၃၀ နီးပါး ချန်ပီယံလိဂ်ဝင်ခွင့်တောင် အနိုင်နိုင်၊ နှစ်ရှည်လများကိုင်တွယ်ခဲ့တဲ့ နည်းပြတစ်ဦး ကျောခိုင်းသွားခြင်းနဲ့အတူ ကပြောင်းကပြန် ကျန်နေရတဲ့ မန်ယူစတဲ့ နမူနာတွေရှေ့မှာ ရှိခဲ့ပြီးသားပါ။

ဒါ့ကြောင့်လည်း ဘုတ်အဖွဲ့ဝင်တွေအနေနဲ့ “ဆုပ်လည်း စူး၊ စားလည်း ရူး” အခြေအနေစိုက်နေတာဖြစ်ပါတယ်။ ဒါဆို ဘယ်လို ဆုံးဖြတ်ကြမလဲ၊ ဘာတွေဖြစ်လာမလဲ၊ ဝင်းဂါးကို ဇွတ်မှိတ်ပြီး ထုတ်ပယ်ဖို့ ဆုံးဖြတ်မလား ဒါတွေကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် လာမယ့် မေ ၂၇ ရက် ချယ်လ်ဆီးနဲ့ ယှဉ်ပြိုင်တဲ့ အက်ဖ်အေဖလား ဗိုလ်လုပွဲအပြီးမှာ ဝင်းဂါး ဆက်ရှိမလား၊ မရှိဘူးလားဆိုတာကို ကွဲကွဲပြားပြား သိရတော့မှာ ဖြစ်ပါတယ်။ ။

**မေလှဲ့သင်း - ရေးသားသည်**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ မေ ၂၂ ရက်တွင် **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သရက်မြို့နယ်အတွင်း ကျေးရွာများသို့ သောက်သုံးရေ အခက်အခဲမရှိစေရန် ရေလှူဒါန်း

**သရက် မေ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိတောက်ပင်ကျေးရွာအုပ်စု ရေနံမြေ အလယ်ကျောကျေးရွာသို့ ယနေ့ညနေပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများ သွားရောက်၍ သောက်သုံးရေ အခက်အခဲမရှိစေရန် ကျေးရွာများသို့ ရေလှူဒါန်းခဲ့ကြသည်။

သရက်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီကာလ ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ကော်မတီများ ဖွဲ့စည်းပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သောက်သုံးရေရှားပါးသည့် ကျေးရွာများကို ရေလှူဒါန်းပေးလျက်ရှိရာ ရေနံမြေအလယ်ကျောကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာနေ အိမ်ထောင်စုဝင်များအတွက် သောက်ရေသုံးရေ ဂါလန် ၈၄၀၀ အား ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ မြို့နယ်အတွင်း ရေရှားပါးပြတ်လပ်မှုရှိပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၈-၂၁၄၄၅ နှင့် ၀၉-၂၅၈၆၈၇၉၈၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် (၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၃၀၄/၃၃၂) တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၅-၂၀၁၇ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုကယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏အလံပုံစံ**



**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## ရုံးသုံးနှင့် စက်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါ ရုံးသုံးနှင့် စက်ပစ္စည်းများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Digital Camera D-7500 | - 5 Nos |
| (ခ) | Fax Machine | - 10 Nos |
| (ဂ) | A3 Copier (Black & White) | - 6 Nos |
| (ဃ) | Hp Laser Jet Pro P1102 W Printer | - 3 Nos |
| (င) | Projector | - 2 Nos |
| (စ) | Finger Print | - 3 Nos |
| (ဆ) | UPS Power Tree 1200 VA | - 30 Nos |
| (ဇ) | Dell Core i5 Laptop | - 15 Nos |
| (ဈ) | 32" TV(LED) | - 10 Nos |
| (ည) | Digital Weighing System 1 Ton | - 5 Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၃-၅-၂၀၁၇ ရက်နေ့မှ ၂၂-၆-၂၀၁၇ ရက်နေ့အထိ နေ့စဉ် နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၇ ရက်နေ့ နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၃၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ပစ္စည်းများဝယ်ယူရေးနှင့်** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ထုခွဲရောင်းချရေးကော်မတီရုံး** |
| **ဖုန်း-၀၆၇-၄၁၂၁၃၃၊ ၀၆၇-၄၁၂၀၂၈** | **ပြန်ကြားရေးဝန်ကြီးဌာန၊** |
| | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)၊ သီဟတပ်ခွဲ
## နှစ်(၃၀)ပြည့်ပုလဲရတု ကျောင်းဆင်းနှစ်ပတ်လည်နေ့

၂၀၁၇ ခုနှစ်၊ မေလ (၂၉) ရက်နေ့ဆိုရင် ကျောင်းဆင်းတာ နှစ်(၃၀)ပြည့်မြောက်တော့မှာမို့ နှစ်ပတ်လည်အထိမ်းအမှတ်ကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။ သူငယ်ချင်းများအားလုံး ကျဆုံး/ကွယ်လွန်သူတို့၏ မိဘများ၊ ဇနီး၊ သားသမီးများ၊ ညီအစ်ကိုမောင်နှမများ တက်ရောက်နိုင်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(၁) ကျဆုံး/ကွယ်လွန်သူများအတွက် တရားနာဆွမ်းကျွေးအစီအစဉ်
- ရက် - ၂၇-၅-၂၀၁၇ရက် (စနေနေ့)
- အချိန် - (၉း၃၀)နာရီ
- နေရာ - ရွှေပြည်တော်ကျောင်းတိုက်၊ လှည်းတန်းလမ်း (ကမာရွတ်မြို့နယ်၊ ရဲစခန်းနောက်)

(၂) ဂေါက်သီးရိုက်ပြိုင်ပွဲ
- ရက် - ၂၈-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့)
- အချိန် - (၆း၀၀)နာရီ
- နေရာ - တပ်မတော်ဂေါက်ကွင်း

(၃) နည်းပြအရာရှိများအား ကန်တော့ခြင်းနှင့်မိတ်ဆုံညစာစားပွဲ
- ရက် - ၂၈-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)
- အချိန် - (၁၈း၀၀)နာရီ
- နေရာ - Western Park Ruby (ပြည်သူ့ရင်ပြင်) (ပြည်လမ်းဘက်မှဝင်ရန်)

ဆက်သွယ်ရန် - **(ရန်ကုန်)**
၀၉-၇၃၅၇၇၇၇၇၊ ၀၉- ၅၄၀၀၀၀၉၊ ၀၉-၅၀၅၆၄၉၆၊ ၀၉- ၅၀၀၄၆၈၂၊ ၀၉-၅၀၃၁၇၀၉၊
**(နေပြည်တော်)**
၀၉- ၄၉၂၀၁၃၆၈၊ ၀၉-၄၉၂၀၉၆၅၃၄၊ ၀၉-၅၀၂၄၆၄၂

**ရွှေစံမို** ဘုရားဖူးပို့ဆောင်ရေး၏ အထူးအစီအစဉ်
မြဝတီ၊ မဲဆောက်၊ ဘားအံ ရူဘုရားများ 60000
မော်လမြိုင်၊ ကျိုက်ခမီ၊ ဇက်ခဲ၊ ဖွားလပို့ 35000 (သောကြာနေ့တိုင်း) (စားတည်းခြိမ်း)
ကျိုက်ထီးရိုး 10000 ချောင်းသာ 12000
09-420420761, 09-420420762,09-420420763 ကားစီးလုံးငှားစီစဉ်ပေးသည်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကွင်းအမှတ်-၂၇၊ ကွင်းအမည်(ကျိုက်ဗောဓိတောင်)၊ ဦးပိုင်အမှတ်-၄/က /၁ မြေကွက်အမှတ်-N/၁၁၈၊ အကျယ်အဝန်း(၂၈×၉၈)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်-၂ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာမာချို [၁၂/စခန(နိုင်)၀၂၇၇၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ ၇ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ထွန်း**
**LL.B,LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃)**
**အမှတ်-(၃၃/၄၉)၊ အခန်းအမှတ်(၃၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**Strand ကွန်ဒို၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉၇၃၁၁၆၆၃၁၊ ၀၉-၄၂၀၁၈၉၉၁၉။**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၁

ဦးသန်းဖေ နှင့် ဦးကျော်ကျော်ဦး
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၃) လမ်း၊ အမှတ်-၃၂နေ ဦးကျော်ကျော်ဦး(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌တရားလိုက "၃-၆-၂၀၁၅ရက်စွဲပါ (၂)ခန်းတွဲ၊ (၅)ထပ်တိုက် ဆောက်လုပ်၍ မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ အကျိုးခံစားရန် သဘောတူကတိစာချုပ်ပါအတိုင်း ကန်ထရိုက်တိုက်အား အပြီးတည်ဆောက်၍ ကန်ထရိုက်မှ ကျန်ငွေ(၁၄၅) သိန်းတိတိနှင့် အိမ်လခအတွက် ပေးရန်ငွေ(၈)သိန်းအား ကန်ထရိုက်မှပေးအပ်စေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ်၊ ဇွန်လ(၁၅)ရက် (၁၃၇၉ခုနှစ်၊ နယုန်လပြည့်ကျော် ၆ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ မေလ ၂၂ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဆွေဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့ စံဖရိုးကျေးရွာနေ ဦးအကူ၏သမီး နန်းမူစန်နှင့် နန်းမူစန်(ခ)နန်းမွန်မွန်စံ [၃/ဘအန(နိုင်) ၂၉၄၆၁၆]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက(ခွဲ)ရွှေတံခါး န၀မတန်းမှ မောင်အောင်ကျော်စိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း[၁၄/ကပန(နိုင်) ၀၄၀၀၇၁]ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့နယ်၊ ရေတွင်းကောင်းကျေးရွာနေ (အဖ)ဦးတေလေး၏ သား ဦးမောင်မြင့်[၅/စကန(နိုင်)၀၅၇၅၇၈]နှင့် ဦးမြင့်တို့သည် တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးမောင်မြင့်(ခ)ဦးမြင့်**
**[၅/စကန(နိုင်)၀၅၇၅၇၈]**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/7494 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## မီး သတိပြု

## မုဒ္ဒိုစက်ရုံတွင်တာဝန်ထမ်းဆောင်ရန်

Sr. Accountant(၁)ဦး အလိုရှိသည်။ (ကျား/မ)

လစာ- ၇ သိန်း

- ဘွဲ့ရ၊ LCCI Level III
- လချုပ်၊ နှစ်ချုပ် စာရင်းရေးဆွဲနိုင်ရမည်။
- Excel/ Software အသုံးပြုနိုင်ရမည်။
- အင်္ဂလိပ်စာအသင့်အတင့်ပြောဆိုရေးသားနိုင်ရမည်။
- နေစားငြိမ်း စီစဉ်ပေးမည်။

ဆက်သွယ်ရန်ဖုန်း-01-554140/09,444436434

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက(မန်ခိန်)၊ အဌမတန်း(E)အောင်မှ မောင်ကျော်ခိုင်၏အမည်အား မောင်အောင်နန်ဟုပြောင်းလဲခေါ်ဆိုပါရန်။

## [illegible]

မြစ်ကြီးနားမြို့၊ အထက(၈)၊ ဒုတိယတန်း(A)အောင်မှ မဆာရာ၏ အမည်မှန်မှာ မဆာရာဆိုင်းစောမ့်မိုင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးရော်ဘီဆီးဖြစ်ပါသည်။

GREE is Great, Gree is No.1
(16-5-2017) မှ (30-6-2017) ထိ Air-con တစ်လုံးဝယ် ထီးတစ်ချောင်းလက်ဆောင်
NEW



Bee-3 (နောက်ဆုံးပေါ်ခေတ်မီဒီဇိုင်း)
Bee
Change 2 (Silent King)
Jade
ရေခငွေ့စုပ်စက် Dehumidifier
Laffis
Portable Air-Con ချက်ချင်းဝယ် ချက်ချင်း အသုံးပြုနိုင်ခြင်း။
မီးအား 140 V ရှိရုံဖြင့် အအေးနှုန်းထုတ်လွှတ်ပေးနိုင်ခြင်း။ 80 V ~ 260 V အထိ မီးအားအတက်အကျခံနိုင်ရည်ရှိခြင်း။ မီးအားစား 60 % သက်သာခြင်း။ ခေတ်မှီသေသပ်လှပသော ဂျပန်စတိုင်ဒီဇိုင်း။
Dehumidifier * Special Discount 10%* (16-5-2017 to 31-8-2017)
မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် CHRIS HO COMPANY LIMITED ခရစ်ဟိုး ကုမ္ပဏီလီမိတက် THE AIR CONDITIONER EXPERT
Head Office : No. 153(D), Waizayandar Garden Housing, Waizayandar Road, Thingangyun Tsp, Yangon Myanmar.
Tel : 95-1-8564352, 8564253, 578605, 457005500. E-mail:chrishovtm@gmail.com, URL : www.ch-aircon.com
Branch Office : Ma-13/15, Theik Pan Street, Between 57 & 58 Street, Mandalay. Tel : 09-500 9036, 09-471 21582, 09-910 44737

# နှလုံးကျန်းမာရေး နေ့စဉ်မှန်မှန်လမ်းလျှောက်ပေး

ကျော်ညွန့်ရှည်

လူ့ဘဝတွင် လူတိုင်းလူတိုင်း အနာရောဂါကင်း၍ကျန်းမာခြင်းသုခပြည့်စုံပြီး အသက်ရှည်ရှည်နေသွားနိုင်ရန် အလွန်အရေးကြီးပေသည်။ ထို့ကြောင့် "အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည်လာဘ်ကြီးတစ်ပါးဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။ လူတိုင်းကျန်းမာသုခနှင့်ပြည့်ဝစေရန် မှန်ကန်သောကျန်းမာရေးအသိပညာဗဟုသုတများ ကြွယ်ဝကာ ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်တတ်ကြရပေမည်။ လူတို့တွင် ရောဂါဝေဒနာများရှိတတ်ပေရာ မသေသင့်သောအရွယ်၌ မသေသင့်သော ရောဂါများဖြင့် အသက်ဆုံးရှုံးကြသူများရှိပေသည်။ အချို့ရောဂါများသည် ကိုက်ခဲနာကျင်ခြင်း၊ ရောင်ရမ်းခြင်း စသည်ဖြင့် ကြိုတင်၍ အသိမပေးတတ်ကြပေ။ ထိုသို့သော ရောဂါလက္ခဏာများမပြသကြသဖြင့် လူအများက သာမန်ခေါင်းကိုက်ရောဂါလောက်ပင် ဂရုမပြုဘဲနေတတ်ကြသည်။

လေဖြတ်ခြင်းခံရမှ အနှစ်နှစ်အလလရှိခဲ့သော သွေးတိုးရောဂါကိုလည်းကောင်း၊ အနာပေါက်၍ဆေးကုသပြီး မထူးခြားတော့မှ ဆီးချိုရောဂါကိုလည်းကောင်းစသည်ဖြင့် သိရှိကြလေသည်။ ဤသို့ဖြင့် ရောဂါနိမိတ်လက္ခဏာများကြိုတင်ပြသခြင်းမပြုတတ်ကြသည့် ရောဂါများကြောင့် မထင်မှတ်ဘဲ အသက်ဆုံးရှုံးကြရသည့် သာဓကများစွာရှိပေသည်။

အထူးသဖြင့် လူတို့၏နှလုံးနှင့်ပတ်သက်သည့် ရောဂါအကြောင်းကို အစဉ်အလေးထားဂရုပြုကြရသည်။ နှလုံးရောဂါဟု သာမန်အားဖြင့် ပြောဆိုကြသော်လည်း နှလုံးရောဂါအမျိုးပေါင်းများစွာရှိသည်။ အဖြစ်များသော ရောဂါမှာ နှလုံးရှိအဆို့ရှင်များနှင့် သွေးကြောများချို့ယွင်းခြင်းကြောင့်ဖြစ်ပြီး ရင်ဘတ်တစ်ခုလုံးနာကျင်စေသည်။ ဤရောဂါမှာ များသောအားဖြင့် သွေးတိုးရောဂါနှင့်ဆက်စပ်၍ ဖြစ်တတ်သည်ဟု သိရသည်။ ထို့ပြင်နှလုံးကိုထောက်ပံ့နေသည့် သွေးကြောငယ်များပျက်စီးခဲ့သော် နှလုံးကြွက်သားများသည် အောက်ဆီဂျင်နှင့်အာဟာရဓာတ်ကို လုံလောက်စွာမရသဖြင့် နှလုံးကြွက်သားပုပ်ရောဂါဖြစ်သွားရသည်။ သို့သော် သွေးမရောက်နိုင်သော နှလုံး၏အစိတ်အပိုင်းသာပုပ်သွားသဖြင့် နှလုံးသည် ဆက်လက်၍ အလုပ်လုပ်နိုင်သော်လည်း ပုံမှန်တိုင်းကားမဟုတ်တော့ပေ။ အခြားထင်ရှားသော နှလုံးရောဂါမှာ နှလုံးရှိအဆို့ရှင်များကိုရောဂါပိုးများက ဖျက်ဆီးသဖြင့် နှလုံးကောင်းစွာအလုပ်မလုပ်နိုင်ခြင်းဖြစ်သည်။

အထက်ပါကဲ့သို့ ပြင်ပအကြောင်းအမျိုးမျိုးကြောင့်ဖြစ်ရသော နှလုံးရောဂါအပြင် သန္ဓေသားဘဝကပင် နှလုံး၏တည်ဆောက်ပုံချို့ယွင်းမှုကြောင့် မွေးရာပါ နှလုံးရောဂါများလည်းရှိသည်။ ဆေးရုံဆေးခန်းများတွင် မည်သည့်ရောဂါမျိုးနှင့်လူနာလာစေကာမူ လူနာ၏ လက်ကောက်ဝတ်တွင်ရှိသော သွေးတိုးနှုန်းကိုဦးစွာစမ်းသပ်ကြည့်ကြသည်။ ထိုမှတစ်ဖန် နှလုံးခုန်သံကို နားကျပ်ဖြင့်ထောက်၍ သေချာစွာနားထောင်ကာ လူနာ၏နှလုံးအခြေအနေနှင့် အလုပ်လုပ်ပုံတို့ကို ခန့်မှန်းကြသည်။ လူတစ်ဦးတစ်ယောက် အသက်သေဆုံးသည်(သို့မဟုတ်)အသက်ရှင်သည်ကို ခွဲခြားပေးသည်မှာလည်း နှလုံးပင်ဖြစ်သည်။ နှလုံးခုန်ခြင်းငါးမိနစ်ခန့်ရပ်တန့်သွားလျှင် ထိုသူကို အသက်ဆုံးရှုံးသွားသည်ဟု ယူဆကြသည်။ သို့ဖြစ်ပါ၍ လူတို့အတွက် နှလုံးသည်အလွန်အရေးကြီးသော အင်္ဂါတစ်ခုဖြစ်ပေသည်။ လူ့နှလုံးသည် အမိဝမ်းတွင်းတွင် သုံးပတ်အရွယ်သန္ဓေသားမှစ၍ ကြွက်သားဖြင့်တည်ဆောက်ထားကာ အလိုအလျောက်ဆက်တိုက်ခုန်လျက်ရှိသည်မှာ သေဆုံးသည့် အချိန်အထိဖြစ်သည်။

လူတစ်ဦး၏နှလုံးသည် နေ့စဉ် အကြိမ်ပေါင်းတစ်သိန်းခန့် ခုန်လျက်ရှိရာ လူတစ်ဦး၏ ပျမ်းမျှသက်တမ်း ၆၀ ဆိုပါက နှလုံးသည် အကြိမ်သန်းပေါင်း ၂၂၀၀ ကျော်ခန့်ခုန်၍ သွေးဂါလန်ပေါင်း ၄၅ သန်းခန့်ကို မိုင်ပေါင်း ၁၂၀၀၀ ခန့်ရှည်သောခရီးနှင့် ညီမျှသည့် သွေးကြောတစ်လျှောက်တွင် လှည့်ပတ်စေနိုင်သည်။ ဤသို့လုပ်ဆောင်ရန်အတွက် ကြွက်သားဖြင့်တည်ဆောက်ထားသောနှလုံးကို အခန်းလေးခန်းဖြင့် ဖွဲ့စည်းထားသည်။

နှလုံးကိုအမြှေးနှစ်ထပ်ဖြင့် ဖုံးအုပ်ကာရံထားပြီး အမြှေးပါးများကို ထိုးဖောက်ကာ နှလုံး၏အထက်ပိုင်းမှ သွေးလွှတ်ကြောမကြီးတစ်ခု ထွက်ရှိပြီး သွေးပြန်ကြောတစ်ခုဝင်လျက်ရှိသည်။ နောက် အောက်တွင် သွေးပြန်ကြောလေးချောင်းသည် နှလုံးသို့ဝင်လာသည်။ နှလုံးရှိအခန်းများနှင့် သွေးကြောဆုံသောနေရာတွင် လည်းကောင်း၊ အခန်းတစ်ခုနှင့် တစ်ခုဆက်ရာတွင်လည်းကောင်း အဆို့ရှင်များရှိသည်။

ဤသို့ဖွဲ့စည်းတည်ဆောက်ထားသော နှလုံးသည် ခန္ဓာကိုယ်အတွက် ကြီးလေးသော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရန် အောက်ဆီဂျင်ဓာတ်များစွာလိုအပ်သည်။

နှလုံးသည် ကိုယ်တွင်းရှိဓာတ်များကို အသုံးပြု၍ ရရှိသောစွမ်းအင်ဖြင့် တစ်ကိုယ်လုံးသို့ သွေးပျံ့နှံ့အောင် ညှစ်ထုတ်ပေးနိုင်ပြီး နှလုံးတွင် ကြွက်သားမျှင်များရှိသဖြင့် ကျုံ့နိုင်၊ ဆန့်နိုင်သောသတ္တိရှိသည့်အပြင် နှလုံးကြွက်သားနံရံတွင် နှလုံးခုန်ခြင်းကို လှုံ့ဆော်ပေးသည့် အင်္ဂါငယ်တစ်ခုပါရှိသောကြောင့် နှလုံးသည် စည်းချက်ဝါးချက်ကျကျ အလိုအလျောက်ခုန်နိုင်သည်။ နှလုံးခုန်ခြင်းကြောင့် နှလုံးခုန်သံများဖြစ်ပေါ်လာသည်။ နှလုံးရောဂါအမျိုးမျိုးကိုလိုက်၍လည်း နှလုံးခုန်သံများ ပြောင်းလဲတတ်သည်။

နှလုံးရောဂါအမျိုးအစားပေါင်းများစွာရှိရာ အဖြစ်များသောနှလုံးရောဂါမှာ နှလုံးအခန်းရှိအဆို့ရှင်များနှင့် သွေးကြောများချို့ယွင်းခြင်းကြောင့်ဖြစ်သည်။

စိုးရိမ်ပူပန်ခြင်း၊ စိတ်လှုပ်ရှားခြင်းများသည်လည်း နှလုံးရောဂါဖြစ်ပေါ်စေနိုင်ပြီး ဆေးလိပ်သောက်သူများသည် ဆေးလိပ်မသောက်သူများထက် နှလုံးရောဂါပို၍ခံစားကြရသည်ကိုလည်း လေ့လာသိရှိရပေသည်။

စာရေးသူသည် နှလုံးသွေးကြောများကျဉ်း၍ ပိတ်ဆို့လုနီးပါးဖြစ်နေသည်ကို မသိခဲ့ပေ။ မိမိမောပန်းမှုခံစားရသည့်အခါ အသက်အရွယ်ကြောင့် မောပန်းသည်ဟု ထင်မြင်ခဲ့သည်။ သို့သော် ၂၀၁၆ ခုနှစ် ဩဂုတ်လဆန်းပိုင်းတွင် တော်ဝင်အထူးကုဆေးခန်းတွင်ရှိ မိမိ၏ဓမ္မမိတ်ဆွေ အထွေထွေရောဂါကု ဆရာဝန်ကြီး ဒေါက်တာဒေါ်ဥမ္မာထွန်းနှင့် တွေ့ဆုံစဉ် စာရေးသူအား အီးစီဂျီ (ECG)ရိုက်ရန်အကြံပေးသဖြင့် အီးစီဂျီရိုက်ခဲ့ရာ ထွက်လာသည့် အဖြေကို ကြည့်ပြီး ချက်ချင်းပင် စာရေးသူအား အာရှတော်ဝင်ဆေးရုံသို့ပို့ဆောင်ကာ ဆရာဝန်ကြီး ဒေါက်တာမြတ်သူ၏ အကူအညီဖြင့် နှလုံးအထူးကုသမားတော် ဆရာဝန်ကြီး ဒေါက်တာသန်းထိုက်အောင်နှင့်စမ်းသပ်ရာ စာရေးသူ၏ သွေးကြောများပိတ်နေသည်ကို တွေ့ရှိရသဖြင့် ချက်ချင်းပင် ပိတ်နေသော သွေးကြောများပွင့်ရန် နှလုံးသွေးကြောထောက်ကိရိယာခေါ် Sent ထည့်ကာ စာရေးသူအသက်ကို အချိန်မီကယ်တင်ပေးခဲ့သည်။

သို့သော် စာရေးသူ၏ အလုပ်သည်အလေးအပင်မကာ အမြင့်တက်ရခြင်း၊ ခရီးဝေးလျှောက်ရခြင်းတို့ကြောင့် လည်းကောင်း၊ အသက်အရွယ်အားဖြင့် ၇၀ကျော်သဖြင့် အရေးပေါ်ထည့်ထားသော နှလုံးသွေးကြောထောက်ကိရိယာခေါ် Sent ထည့်ခြင်းဖြင့် စာရေးသူ၏သွေးကြောများ ရေရှည်အလုပ်လုပ်နိုင်မည့် အလားအလာနည်းသောကြောင့် နှလုံးသွေးကြောအစားထိုးကုသခြင်းခေါ် Bypass ပြုလုပ်ရန် ဒေါက်တာသန်းထိုက်အောင်က အကြံပြုခဲ့သဖြင့် စာရေးသူလည်း ၂၀၁၇ ခုနှစ် ဧပြီလ၌ National Heart Centre Singapore (NHCS) ဆေးရုံတွင် ပိတ်ဆို့နေသောသွေးကြောများ အစားထိုးကုသမှု ခံယူခဲ့ပါသည်။

ဆေးပညာကုထုံးများသည် အစဉ်တိုးတက်လျက်ရှိသည့်အလျောက် စာရေးသူ၏ နှလုံးသွေးကြောအစားထိုးကုသရန်အတွက် လိုအပ်သော သွေးကြောဘယ်ဘက်ခြေထောက်မှ ထုတ်ယူနိုင်ပြီး ရင်ဘတ်ခွဲ၍ နှလုံးသွေးကြောများ အစားထိုးပြီးသောအခါ၌လည်း ရင်ဘတ်အားသေသပ်စွာ ပြန်လည်ချုပ်ပေးနိုင်သဖြင့် စာရေးသူဝမ်းသာမဆုံး စိတ်နှလုံးချမ်းမြေ့ခဲ့ရသည်။

National Heart Centre Singapore(NHCS)မှ နှလုံးအထူးခွဲစိတ်ကု ဆရာဝန်ကြီး Prof Kenny Sin နှင့် အထူးကုဆရာဝန်ကြီးများအပါအဝင်



**ဆေးရုံတွင် အတူတူသွေးကြော အစားထိုးကုသခဲ့သည့် ကနေဒါနိုင်ငံသား** Alexander Grace **ကို နှလုံးသွေးကြောအစားထိုးကုသပြီးနောက် ၂၅ ရက်ခန့်အကြာ ရန်ကုန်မြို့၌ ပြန်လည်တွေ့ဆုံစဉ်။**

သူနာပြုများ၏ ကျွမ်းကျင်မှု၊ မေတ္တာစေတနာပြည့်ဝမှုတို့ကြောင့် စာရေးသူ၏ နှလုံးသွေးကြောအစားထိုးကုသမှုအောင်မြင်ကာ လုံးဝစိတ်ချရသဖြင့် ခွဲစိတ်ကုသပြီး ငါးရက်မြောက်နေ့တွင် ဆေးရုံမှဆင်းခွင့်ရခဲ့သည်။

National Heart Centre Singapore(NHCS) ဆေးရုံမှ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့်ဝန်ထမ်းများအားလုံး နှလုံးရောဂါဝေဒနာရှင်များအား နှလုံးခွဲစိတ်ကုသရာတွင် စေတနာ၊ ကရုဏာအပြည့်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းကုသပေးကြခြင်းကြောင့် ၎င်းတို့၏ ကြိုးစားအားထုတ်မှု အပေါ်မူတည်၍ ဝန်ထမ်းများကို ၂၀၁၁ ခုနှစ်မှစ၍ Sing Heart မှ နှစ်စဉ်ဂုဏ်ပြုခြင်း များပြုလုပ်ပေးခဲ့သည်။

National Heart Centre Singapore (NHCS) ဆေးရုံကြီးတွင် မကျန်းမာ၍ ဆေးဝါးကုသမှုခံယူနေသော လူနာများကို စေတနာ၊ ဝါသနာ တို့ဖြင့် ပြုစုစောင့်ရှောက်ကြသောဆရာ၊ ဆရာမများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းများရှိရာ အဆင့်လိုက်အထူးဆု၊ ရွှေတံဆိပ်ဆုနှင့်ငွေတံဆိပ်ဆု များဟူ၍ ခွဲခြားကာ ချီးမြှင့်ခြင်းများရှိသည်ကို တွေ့ရှိရပြီး ဆုများပေးရာတွင်လည်း တစ်ဦးချင်းအလိုက်လည်းကောင်း၊ အစုအဖွဲ့လိုက် လည်းကောင်း ဆုများချီးမြှင့်ပေးခြင်းနှင့် ဆုများချီးမြှင့်သည့် မှတ်တမ်းဓာတ်ပုံများကိုလည်း နှလုံးအထူးကုဌာန လူနာစောင့်ရှောက်ခန်းအမှတ်(၅၆)တွင် ပြသထားသည်ကို တွေ့ရှိခဲ့ရပေသည်။

စာရေးသူ အဆိုပါဆေးရုံကြီး လူနာစောင့်ရှောက်ခန်း အမှတ်(၅၆)တွင် နှလုံးခွဲစိတ်ကုသမှုခံယူစဉ် တာဝန်ကျဆရာဝန်ကြီးများနှင့် လူမျိုးဘာသာ မခွဲခြားဘဲ ဂရုတစိုက်ပြုစုစောင့်ရှောက်သည်ကိုလည်း တွေ့မြင်ခဲ့ရသဖြင့် များစွာဂုဏ်ယူလေးစားကာ အားရကျေနပ်မိခဲ့သည်။ အထူးသဖြင့် နှလုံးအထူး ခွဲစိတ်ဆရာဝန်ကြီး Prof Kenny Sin သည် စာရေးသူဆေးရုံ၌ တက်ရောက်ခွဲစိတ်ပြီးနောက် နေ့စဉ်နံနက်တိုင်း အချိန်မှန်မှန် လာရောက်ကြည့်ရှုခြင်း၊ အားပေးခြင်းများရှိသည့်အပြင် လမ်းမှန်မှန်လျှောက်ရန် မှာကြားလေ့ရှိပြီး ဆေးရုံမှဆင်းသည့်နေ့တွင် ထပ်မံလာရောက်နှုတ်ဆက်ကာ အမိနိုင်ငံသို့ ပြန်ရောက်သည့်အခါတွင်လည်း စဉ်ဆက်မပြတ် မှန်မှန်လမ်းလျှောက်ရန် ထပ်ကာတလဲလဲ မှာကြားခဲ့ပေသည်။ ထို့ကြောင့်ပင် စာရေးသူ ဆေးရုံကြီးမှ ဆေးဝါးကုသမှုခံယူပြီး အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိချိန်မှစ၍ ဆရာဝန်ကြီး Prof Kenny Sin မှာကြားလိုက်သည့် အတိုင်း နေ့စဉ် နံနက်တိုင်း လမ်းမှန်မှန်လျှောက်ခြင်းအကျင့်ကို ဂရုစိုက်ကာ လေ့ကျင့်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့တိုင် စိတ်သွားတိုင်းကိုယ်ပါပြီး ကျန်းမာရွှင်လန်းလျက်ရှိပါသည်။

သို့ပါ၍ နှလုံးရောဂါဝေဒနာရှင်များသည် မိမိတို့ကျန်းမာရေးနှင့် အသက်ရှင်ရပ်တည်နေနိုင်ရေးတို့အတွက် နေ့စဉ်မှန်မှန် လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို အထောက်အကူပြုသည်ကို အထူးသတိပြုကြရမည်ဖြစ်သဖြင့် "နှလုံးကျန်းမာရေး နေ့စဉ်မှန်မှန်လမ်းလျှောက်ပေး" ခြင်းကို ကိုယ်တွေ့ ခံစားရေးသားလိုက်ရပေတော့သည်။

**(National Heart Centre Singapore(NHCS) မှ နှလုံးခွဲစိတ်ကုသမှုဆိုင်ရာ ဆရာဝန်ကြီး Prof Kenny Sin နှင့် ဆေးရုံမှဝန်ထမ်းများအား ကျေးဇူးတင်ဂုဏ်ပြုလျက်)**



**စာရေးသူ နှလုံးသွေးကြောအစားထိုးကုသပြီး လေးရက်မြောက်နေ့ နံနက် ခွဲစိတ်ကုသပေးသည့် ဆရာဝန်ကြီးနှင့်အတူ။**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁) ရာစုပင်လုံကို ကြိုဆိုထောက်ခံသောအားဖြင့် စာပေဟောပြောပွဲကျင်းပ

**အောင်မြေသာစံ မေ ၂၂**
ပြည်သူ့ဂုဏ်ဆောင် အောင်စံမောင် တိုင်းကျိုးပြည်ပြုသံချပ်အဖွဲ့ကကြီးမှူး၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ကြိုဆိုထောက်ခံသောအားဖြင့် စာပေဟောပြောပွဲ၊ ငြိမ်းချမ်းရေးတေးသီချင်းများ၊ ငြိမ်းချမ်းရေးသံချပ်များဖြင့် ဖျော်ဖြေမှုဖွင့်ပွဲကို မေ ၂၁ ရက် ည ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက် ၈၆ လမ်း၊ ၁၈ လမ်းနှင့် ၁၉ လမ်းကြား ညောင်ပင်ဈေးအထည်တန်းရှေ့၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေးပြီး ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကြိုဆိုထောက်ခံသော စာပေဟောပြောပွဲတွင် စာရေးဆရာဇော်ခိုင်ဦး၊ ရုပ်ရှင်သရုပ်ဆောင်ဗေလုဝ၊ ဆရာထင်လင်းဦးတို့က ငြိမ်းချမ်းရေးဖြစ်ထွန်းရေး၊ တိုင်းရင်းသားအားလုံးပူးပေါင်းပါဝင်ရေးနှင့်ပတ်သက်၍ ဟောပြောကြသည်။ အဆိုတော်စွမ်းထက်နှင့်အဖွဲ့က ငြိမ်းချမ်းရေးတေးသီချင်းများ၊ လူငယ်အဖွဲ့များက ပြည်ထောင်စုကြီးငြိမ်းချမ်းပါစေ တိုင်းရင်းသားအကများဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ် မန္တလေးမြို့တော်သင်္ကြန်မဏ္ဍပ်သံချပ်ပထမဆုရ အောင်စံမောင်သံချပ်အဖွဲ့က ငြိမ်းချမ်းရေးသံချပ်များဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ထောက်ခံကြိုဆိုပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးခရိုင်နှင့် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမှုဆောင်များ၊ လူငယ်အဖွဲ့များ၊ ငြိမ်းချမ်းရေးမြတ်နိုးသူပြည်သူများ တက်ရောက်ကြသည်။ **မောင်ပြည်သူ(မန္တလေး)**






# ရေကြောင်းနှင့် လေကြောင်း သင်တန်းသား လူငယ်မောင်မယ်များ နေပြည်တော်အတွင်း လေ့လာရေးခရီးလည်ပတ်

**နေပြည်တော် မေ ၂၂**
ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၇) နှင့် လေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၇) တို့မှ စခန်းပေါင်းစုံ သင်တန်းသား၊ သင်တန်းသူ လူငယ်မောင်မယ်များသည် မေ ၂၁ ရက်က သတ္တသတ္တာဟစေတီတော်၊ သံဝေဇနိယလေးဌာနနှင့် ဉပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြပြီး တိရစ္ဆာန်ဉယျာဉ်(နေပြည်တော်)သို့ သွားရောက်ခဲ့ကြကြောင်း သိရသည်။ **သူရိန်(ဉပဒေ)**

# ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် တရားရုံးများနှင့် ရဲစခန်းအချုပ်ခန်းများအားစစ်ဆေး

**ကျိုင်းတုံ မေ ၂၂**
ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်သည် မေ ၂၁ ရက်မှစတင်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်နှင့် ကျိုင်းတုံမြို့တရားရုံးများ၊ အချုပ်ခန်းများအား ကွင်းဆင်းစစ်ဆေးရာ တရားရုံးများအနေဖြင့် လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် အမှုများကြန့်ကြာမှုမရှိစေရေးတို့ကို မှာကြားသည်။

ရဲစခန်းအချုပ်ခန်းများစစ်ဆေးရာတွင် အချုပ်သားများနှင့်တွေ့ဆုံပြီး နေရာထိုင်ခင်းနှင့် နေထိုင်စားသောက်မှုအခြေအနေ၊ မိသားစုနှင့်တွေ့ဆုံခွင့်ရှိ မရှိ ညှဉ်းပန်းနှိပ်စက်မှုရှိ မရှိ အခြေအနေတို့ကို မေးမြန်းသည်။ ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ဉပဒေပါအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် သက်ဆိုင်ရာရဲစခန်းမှူးများအား မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာရွေးချယ်ပွဲ မြစ်ကြီးနား၌ကျင်းပ

**မြစ်ကြီးနား မေ ၂၂**
မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာရွေးချယ်ပွဲအခမ်းအနားကို မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးရှိ အစည်းခန်းမ၌ မေ ၂၂ ရက် နံနက် ၁၀ နာရီက ပြုလုပ်ရာ ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဝင်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအား ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာ ၁၉ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ကျေးရွာရွေးချယ်ရေး စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လျာထားကျေးရွာများအား အဆိုပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာကော်မတီဝင်များက ကျေးရွာအလိုက် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီမှ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြစ်ကြီးနားမြို့နယ်တွင် ကျေးရွာ ၁၀ ရွာအား မြစိမ်းရောင်စီမံကိန်းလုပ်ငန်းကျေးရွာအဖြစ် ထပ်မံတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**သူရိန်စိုး(ကချင်မြေ)**

# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံး

**မကွေး မေ ၂၂**
မေ ၂၁ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က မိုးနှင့်အတူ လေပြင်းများတိုက်ခတ်ခဲ့ခြင်းကြောင့် မကွေးမြို့ပေါ်မှရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုတစ်စုမှ ကျေးရွာငါးရွာတို့တွင် ပျက်စီးဆုံးရှုံးမှုများ တွေ့ကြုံခဲ့ရကြောင်း သိရသည်။

မြို့ဟောင်းရပ်ကွက်တွင် အိမ် ၁၀၆ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း သွပ်မိုးလန်ခြင်း၊ သိင်္ဂီရိရပ်ကွက်တွင် အိမ်ရှစ်လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ သုံးဘီးဆိုင်ကယ်တစ်စီး ပျက်စီးခဲ့ကာ သစ်ပင်ကြီးသုံးပင်ပြိုလဲခဲ့ခြင်း၊ ဆုံရပ်ကွက်တွင် အိမ်အလုံး ၂၀၊ ကားတစ်စီး၊ ဆိုင်ကယ်တစ်စီး ပျက်စီးခဲ့ပြီး သစ်ပင်ကြီးခုနစ်ပင်ပြိုလဲခဲ့ကာ လူတစ်ဦးဒဏ်ရာရခဲ့ကြောင်း မြို့နယ်အုပ်ချုပ်ရေးရုံးမှ သိရသည်။

နံကပ်ကျွန်းကျေးရွာအုပ်စုရှိ သရက်ပင်ကွက်ကျေးရွာတွင် အိမ် ၄၅ လုံး၊ ကျန်းမာရေးဆေးပေးခန်းတစ်ခု သွပ်မိုးလန်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးပေါ် သစ်ပင်လဲကျခြင်း၊ ကျွန်းစုကျေးရွာတွင် အိမ် ၄၁ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ သာယာကုန်းကျေးရွာတွင်အိမ် ၅၆ လုံး၊ ပညာရေးကျောင်းတစ်ကျောင်း၊ လက်ဖက်ရည်ဆိုင်နှစ်ဆိုင်၊ ဝါးတောချောင်းကျေးရွာတွင် အိမ်ခြေ ၁၂ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် အေးမြသာယာကျေးရွာတွင် အိမ် ၁၅ လုံးတို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီမြစ်ကမ်းတစ်လျှောက် ပြင်းထန်သောလေတိုက်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး ပျက်စီးထိခိုက်မှုများ၊ သစ်ပင်လဲကျခြင်းများဖြစ်ပေါ်ခဲ့မှုအပေါ် မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ အရေးပေါ်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတွင်းအစိုးရအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများမှ အကူအညီပေးရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဧယျာတု(မကွေး)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံဧက ၁၉၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

**မုံရွာ မေ ၂၂**
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ယင်းမာပင်၊ ကသာ၊ကလေး၊ တမူး၊ ခန္တီးခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိမြို့နယ်များတွင် ဂျုံသီးနှံ ၁၉၉၃၇၃ ဧက စိုက်ပျိုးနိုင်ရေးလျာထားလျက်ရှိကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံသီးနှံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၈၁၈၁၅ ဧကကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧက ၂၁၀၀၀၀ ကိုလျာထားစိုက်ပျိုးနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း ၁၉၉၃၇၃ ဧကကို စိုက်ပျိုးနိုင်ရေးလျာထားကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးမှာ မုံရွာ၊ စစ်ကိုင်းနဲ့ ရွှေဘိုမြို့တွေမှာရှိတဲ့ စက်မှုဇုန်တွေမှာ ဂျုံမှုန့်ကြိတ်စက်ရုံတွေရှိတယ်။ နောက်ပြီး အသေးစားဂျုံကြိတ်ခွဲရေးစက်တွေလည်းရှိတယ်။ အဲဒီစက်ရုံတွေမှာ အဓိကလိုအပ်တဲ့ ဂျုံသီးနှံတွေကို မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနဲ့ ယင်းမာပင်ခရိုင်တွေမှာရှိတဲ့ မြို့နယ်တွေမှာ စိုက်ပျိုးကြတာပါ။ အခုနောက်ပိုင်း စက်မှုဇုန်တွေမှာ မြန်မာ့ဂျုံတွေနဲ့စာရင် ဈေးသက်သာတဲ့ အိန္ဒိယဂျုံနီတွေက ဂျုံဆန်ကော၊ ဂျုံမှုန့်တွေ အဝင်များလာတော့ မြန်မာ့ဂျုံတွေက အခုနောက်ပိုင်းမှာ ဈေးမရတော့ စိုက်ပျိုးဖို့အတွက် တောင်သူတွေစိတ်ဝင်စားမှုနည်းလာတယ်” ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဂျုံသီးနှံကို စစ်ကိုင်းခရိုင်အတွင်း ၆၆၈၇၈ ဧက၊ မုံရွာခရိုင်အတွင်း ဧက ၄၈၁၀၀၊ ယင်းမာပင်ခရိုင်အတွင်း ၄၁၇၇၅ ဧက၊ ရွှေဘိုခရိုင်အတွင်း ဧက ၃၈၄၀၀၊ ကသာခရိုင်အတွင်း ၉၄ ဧက၊ ကလေးခရိုင်အတွင်း ဧက ၃၅၆၀၊ တမူးခရိုင်အတွင်း ဧက ၅၀၀၊ ခန္တီးခရိုင်အတွင်း ဧက ၅၀ နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၁၆ ဧက စုစုပေါင်း ၁၉၉၃၇၃ ဧကကို စိုက်ပျိုးနိုင်ရေးလျာထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ဆရာ၊ ဆရာမများ ခံယူချက်နှင့် စိတ်ဓာတ်ခွန်အားပိုမိုမြှင့်တင်ရေးဟောပြောပွဲ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ကျင်းပ

**ကော့သောင်း မေ ၂၂**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဆရာ ဆရာမများ ခံယူချက်နှင့် စိတ်ဓာတ်ခွန်အားပိုမိုမြှင့်တင်ရေး ဟောပြောဆွေးနွေးပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကပြည်သူ့ခန်းမ၌ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေး ဝန်ကြီး ဦးဟိုပင်၊ အခြေခံပညာဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး ပညာရေးပညာရေး ဌာနမှတာဝန်ရှိသူများ၊ ကော့သောင်းခရိုင်အတွင်းရှိ ထက်၊ လယ်၊ မူ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ ဆရာမများ စုစုပေါင်း ၄၀၀ တက်ရောက်ကြသည်။

အခန်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူး ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်က ဆွေးနွေးဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးက ဆရာ၊ ဆရာမများခံယူချက်နှင့် စိတ်ဓာတ်မြင့်မားရေး ပညာပေးဆွေးနွေးဟောပြောမည့် ပညာရေးဌာန အငြိမ်းစားညွှန်ကြားရေးမှူးများဖြစ်သည့် ဆရာကြီးဦးတင်လှိုင်နှင့် ဦးအေးကြိုင်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်လှိုင် (အငြိမ်းစား)၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးကြိုင်(အငြိမ်းစား)တို့ကတက်ရောက်လာသည့် ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်၊ မြို့နယ်ခွဲများ၊ ကျေးရွာအုပ်စုများမှ ထက်၊ လယ်၊ မူ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ ဆရာမများအား လက်ရှိနိုင်ငံတော်၏ ပြုပြင်ပြောင်းလဲကျင့်သုံးနေသည့် ပညာရေးမူဝါဒများနှင့် ဆရာ၊ ဆရာမများ လိုက်ပါဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ခံယူချက်နှင့် စိတ်ဓာတ်ခွန်အားမြှင့်တင်နိုင်မှု နိုင်ငံတကာပညာရေးကဏ္ဍအတွေ့အကြုံများနှင့် စံပြုဟောပြောခြင်း၊ ဟောပြောမှုများအပေါ် လေ့လာဆန်းစစ်ခြင်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(တတိယမူကြမ်း) အလုပ်ရုံဆွေးနွေးပွဲ ကယားပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**လွိုင်ကော် မေ ၂၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(တတိယမူကြမ်း) အပေါ် ကယားပြည်နယ်ပြည်သူများ၏ သဘောထားအမြင်နှင့် အကြံဉာဏ်ရယူရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်များကို အလုပ်ရုံဆွေးနွေးပွဲကျင်းပရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့လယ်ယာ၊ သားငါးကဏ္ဍမူဝါဒ (၂၀၁၆ ခုနှစ်) ၏ အနာဂတ်လားရာအမြင်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်ကို ရှင်းလင်းတင်ပြပြီး ကယားပြည်နယ်၏ လယ်ယာ၊ သားငါး၊ ကျေးလက်ကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ စိန်ခေါ်မှုများနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတို့အား ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စိုက်ပျိုးရေးဖွံ့ဖြိုးမှု အဓိကလိုအပ်ချက် ( Key Issues) များအလိုက် ဆွေးနွေး၍လည်းကောင်း၊ စားပွဲဝိုင်းဆွေးနွေးခြင်းဖြင့်လည်းကောင်း၊ စားပွဲဝိုင်းဆွေးနွေးပွဲ အဖွဲ့ခေါင်းဆောင်များ၏ စင်တင်ဆွေးနွေးပွဲ (Pannel Discussion) မှ ဆွေးနွေးပွဲရလဒ်များ တစ်ဦးချင်းစီတင်ပြ၍ လည်းကောင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြည်သူ့သဘောထားအမြင်များကို ဆွေးနွေးပွဲစားပွဲဝိုင်းများမှ ထွက်ပေါ်လာသော ရလဒ်များကို သယ်ဆောင်၍ ADS ရေးဆွဲရေး၌ ထည့်သွင်းပေါင်းစပ်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြန်မာ့ရိုးရာစွန်လွှတ်အားကစားနည်း ပထမအကြိမ် စွန်အလှပြပြိုင်ပွဲ၊ စွန်ဖြတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ဘားအံ မေ ၂၂**
ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာ့ရိုးရာစွန်လွှတ်အားကစားနည်းများ မပျောက်ပျက်စေရေး ပြန်လည်ဖော်ထုတ်ခြင်းနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမည့်ပြိုင်ပွဲများတွင်လည်း ပြည်နယ်ကိုယ်စားပြုလက်ရွေးစင်များဖြင့် ယှဉ်ပြိုင်နိုင်စေရန်အတွက် ရည်ရွယ်၍ ပထမအကြိမ် ဌာနပေါင်းစုံ၊ ရပ်ကွက်ပေါင်းစုံ မြန်မာ့ရိုးရာစွန်အလှပြပြိုင်ပွဲ၊ စွန်ဖြတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မေ ၂၁ ရက် ညနေ ၃ နာရီက စတင်ကာ အမှတ်(၇)ရပ်ကွက်ရှိ မန်းဘခိုင်လမ်းဘေးကွင်းပြင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာ့ရိုးရာစွန်လွှတ်အားကစားနည်းအား လူငယ်များအနေဖြင့် ဆော့ကစားမှုနည်းပါးလာခြင်းကြောင့် မြန်မာ့ရိုးရာစွန်လွှတ်အားကစားနည်းကို ဖော်ထုတ်ထိန်းသိမ်းသည့်အနေဖြင့် ယခုလို ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲတွင် ဘားအံမြို့နယ်အတွင်း ဌာန ၃၆ ဌာန၊ ရပ်ကွက် ၂ ရပ်ကွက်မှ စွန်အလှပြပြိုင်ပွဲတွင် ၁၄ ဦး စွန်ဖြတ်ပြိုင်ပွဲတွင် ၄၂ ဦးသည် ဒိုင်အဖွဲ့၏ စည်းကမ်းချက်များအတိုင်း မေ ၂၀ ရက်မှ မေ ၂၁ ရက် ညနေပိုင်းအထိ နှစ်ရက်တိုင်တိုင် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ မြန်မာ့ရိုးရာစွန်အလှပြပြိုင်ပွဲတွင် ပထမဆုရ ကွန်ပျူတာတက္ကသိုလ်အသင်းမှ Key Stone အလှပြစွန်၊ ဒုတိယဆုရ ဒေါနနတ်သမီးအသင်းမှ စုတ်ခွက်အလှပြစွန်၊ တတိယဆုရ အမှတ်(၄)ရပ်ကွက်အသင်းမှ သိန်းငှက်ကြီးအလှပြစွန်၊ စတုတ္ထဆုရ စားသုံးသူရေးရာဌာနအသင်းမှ ငှက်တော်အလှပြစွန်၊ ပဉ္စမဆုရ စိုက်သိပ္ပံအသင်းမှ မြွေစွန်အလှပြစွန်နှင့် စွန်ဖြတ်ပြိုင်ပွဲ ပထမဆုရ ဒေါနနတ်သမီးအသင်း၊ ဒုတိယဆုရ စည်ပင်သာယာရေးဌာနအသင်း၊ တတိယဆုရ တိုင်းရင်းဆေးအသင်း၊ စတုတ္ထဆုရ လမ်းဦးစီးဌာနအသင်း၊ ပဉ္စမဆုရ တရားရေးအသင်းတို့အား ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးနှင့် တာဝန်ရှိသူများက ဆုကလပ်နှင့် ငွေသားဆုများကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



**နေမျိုးလွင်(ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် အင်္ဂပူမြို့နယ်တွင်းရှိ ကျေးရွာအုပ်စုများတွင် ဘုန်းကြီးကျောင်း၊စာသင်ကျောင်းနှင့် လူနေအိမ်များ အမိုးလန်ပျက်စီး

**အင်္ဂပူ မေ ၂၂**
အင်္ဂပူမြို့နယ်တွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စုတွင် မေ ၂၁ ရက် ညနေ ၃ နာရီ ၁၀ မိနစ်မှ ၃ နာရီခွဲအထိ ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် ခြောက်ရွာကျေးရွာအုပ်စုတွင် လူနေအိမ်ရှစ်လုံး အမိုးလန်ပျက်စီး၊ ဘွက်ကျေးရွာအုပ်စုတွင်လူနေအိမ်ခြောက်လုံးပြိုကျပျက်စီးခဲ့ပြီး လူနေအိမ်ငါးလုံး အမိုးလန်ခြင်း၊ တလိုင်းကွင်းကျေးရွာအုပ်စုတွင် လူနေအိမ်နှစ်လုံး၊ ကညွှတ်ကွင်းကျေးရွာအုပ်စုတွင် လူနေအိမ်တစ်လုံးတို့ အမိုးလန်ပျက်စီးခြင်း၊ ကွင်းကောက်(မြောက်)ကျေးရွာအုပ်စုတွင် လူနေအိမ် ၂၂ လုံးအမိုးလန်၊ လူနေအိမ်တစ်လုံးပြိုကျပျက်စီး၊ ကြခတ်ကွင်းကျေးရွာအုပ်စုတွင် လူနေအိမ် ၂၂ လုံး အမိုးလန်၊ လူနေအိမ်နှစ်လုံး ပြိုကျပျက်စီး၊ ကျွဲသောင်ကျေးရွာအုပ်စုတွင်းရှိ အ. ထ. က(ခွဲ) ကျွဲသောင် RC နှစ်ထပ်ကျောင်း စာသင်ဆောင်တစ်ဆောင် အမိုးလန်ပျက်စီး၊ အ. မ. က ကျွဲသောင်စာသင်ဆောင်တစ်ဆောင် အမိုးလန်ပျက်စီး၊ မှန်ကုန်းကျေးရွာ အတုလရာမကျောင်းတိုက် ဆွမ်းစားဆောင် အမိုးလန်ပျက်စီး၊ အထက(ခွဲ)ဝန်ထမ်းအိမ်ရာ အမိုးလန်ပျက်စီးခြင်းနှင့် လူနေအိမ် ၇၇ လုံးအမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ်တစ်လုံး ပြိုကျ၊ ကွင်းကောက်(တောင်) ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် လူနေအိမ်သုံးလုံးအမိုးလန်၊ လူနေအိမ်တစ်လုံး ပြိုကျပျက်စီးခြင်း၊ ညောင်ပင်တဲကျေးရွာအုပ်စုတွင် လူနေအိမ်သုံးလုံးနှင့် နွားနက်ကွင်းကျေးရွာအုပ်စုတွင် လူနေအိမ် ၁၀ လုံး အမိုးလန်၊ လူနေအိမ်တစ်လုံး ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။



လေပြင်းတိုက်ခတ်မှုကြောင့် အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စုတွင် ဘုန်းကြီးကျောင်းသုံးကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်း၊ ဝန်ထမ်းအိမ်ရာတစ်ခုနှင့် လူနေအိမ် ၁၅၇ လုံးတို့ အမိုးလန် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းလေပြင်းတိုက်ခတ်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်ဦးသော ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်အားပေးစကားပြောကြားခဲ့ပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်နိုင်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့နိုင်ရေး၊ လိုအပ်သည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံတိုးချဲ့ဆောင်များဖွင့်လှစ်တော့မည်

**ရန်ကုန် မေ ၂၂**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်များ မေလအတွင်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သန်လျင်ပြည်သူ့ဆေးရုံသည် ယခင်က ခုတင် ၁၅၀ ဆံ့သာရှိခဲ့ပြီး တိုးတက်လာသောလူဦးရေနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးကုသမှုများ ပိုမိုရရှိစေရန်အတွက် သန်လျင်ပြည်သူ့ဆေးရုံကြီးအား ခုတင် ၂၀၀ ဆံ့သို့တိုးမြှင့်ကာ ပြင်ပလူနာတိုးချဲ့နှစ်ထပ်ဆောင် တစ်ဆောင်၊ လူနာတို့ချဲ့နှစ်ထပ်ဆောင် နှစ်ဆောင်၊ ခွဲစိတ်ခန်းနှင့် လူနာဆောင် တိုးချဲ့နှစ်ထပ်ဆောင် တစ်ဆောင်၊ ဆေးရုံအုပ်ကြီးနေအိမ်တစ်ထပ်ဆောင် တစ်ဆောင်၊ ဆရာဝန်အိမ်ရာ လေးခန်းတွဲ လေးထပ်တိုးချဲ့ဆောင် တစ်ဆောင်၊ ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ်တိုးချဲ့ဆောင် တစ်ဆောင်တို့အား ဆောက်လုပ်ခဲ့ရာ လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုတိုးချဲ့ဆောင်များ၌ လူနာများကို ဆေးဝါးကုသမှုများပေးမည်ဖြစ်ရာ သန်လျင်ပြည်သူ့ဆေးရုံအနေဖြင့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ပဲခူး၊ သနပ်ပင်၊ သာကေတမြို့နယ်တို့မှ လူနာများကိုလည်း ဆေးဝါးကုသပေးမှုများ ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်ပြီး လက်ရှိဝန်ထမ်း ၃၀၀ ခန့်ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်နိုင်(သန်လျင်)**

## သောက်သုံးရေလှူဒါန်း

**သထုံ မေ ၂၂**
သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း သောက်သုံးရေရရှိရန် ခက်ခဲသည့် ဇရစ်ချောင်ကျေးရွာအုပ်စု ဗုဒ္ဓသစ္စာကျေးရွာနှင့် နောင်ဘိုကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာတို့အား မေလ ဒုတိယပတ်က ရေဂါလန် ၂၄၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်မှူး**

# ဟာသ်ာတသား ကောလိပ်ဂျင်



**မြန်မာ့လက်ရွေးစင် ဘောလုံးသမားဘဝမှ ရုပ်ရှင်မင်းသား ဖြစ်လာခဲ့သူ၊ ငယ်စဉ်ကတည်းက ဘောလုံး အလွန်ဝါသနာပါသူဖြစ်ပြီး ဘောလုံးကစားနေရလျှင် ထမင်းမေ့ ဟင်းမေ့၊ သို့ဖြစ်၍ လူငယ်ဘဝမှာပင် ဘောလုံးထူးချွန်သူဖြစ်သည်။ အထက်တန်းကျောင်းသားဘဝ၊ ရေတပ်သားဘဝ၊ တက္ကသိုလ် ကျောင်းသားဘဝတို့တွင် ဘောလုံးပွဲပေါင်းများစွာကစားခဲ့ပြီး ခြေစွမ်းထက်လှသည့်အတွက် မြန်မာ့လက်ရွေးစင်ဘောလုံးသမားအဖြစ်သို့ ရောက်ရှိခဲ့သည်။ ရှေ့တန်းတိုက်စစ်မှူးအဖြစ်နှင့် ပြည်တွင်း၊ ပြည်ပ ပွဲပေါင်းများစွာ ကစားခဲ့သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးသမား ဖြစ်ဖို့ဆိုသည်မှာလည်း လွယ်ကူသော အရာမဟုတ်၊ လွန်စွာခဲယဉ်းလှသည်။ ဝါသနာအရင်းခံ၍ အောင်မြင်သော အားကစားသမားဘဝကို ပိုင်ဆိုင်ထားသည့်အတွက် ဘောလုံးမှလွဲ၍ တခြားဘာကိုမှ စိတ်မဝင်စား၊ ရုပ်ရှင်ရိုက်ဖို့ဆိုသည်က ပို၍ ဝေးသည်။ ရုပ်ရှင်ရိုက်ရန် ရည်ရွယ်ချက်မရှိ၊ သို့သော် လောကဓမ္မတာ ရည်ရွယ်သော်လည်း ဖြစ်ချင်မှဖြစ်မည်။ မရည်ရွယ်သော်လည်း ဖြစ်တတ်သည်။ အကြောင်းအကျိုးဆက်စပ်ပြီး ရုပ်ရှင်မင်းသားဖြစ်ရမည့် ကံဇာတာပါလာသည့်အတွက် ရှောင်လွှဲမရ ရုပ်ရှင်မင်းသားဘဝ ရောက်ခဲ့ရသည်။**

တချို့ရုပ်ရှင်မင်းသားဖြစ်ချင်လွန်း၍ ငွေထုပ်ပိုက် လိုက်ခဲ့သော်ငြားမဖြစ်၊ သူကတော့ တစ်မူထူးသူဟုဆိုရမည်။ သူက ရုပ်ရှင်နောက်မလိုက် ရုပ်ရှင်က သူ့နောက်လိုက်ခဲ့ရသည့်အဖြစ်မျိုး။ သူသည် လူပျော်တစ်ယောက် Jolly Type ပျော်ပျော်ရွှင်ရွှင်နေတတ်သည့် ဖော်ရွေသောအပြုံးပိုင်ရှင်၊ စိတ်ရင်းကောင်းသဘောပြည့်သည့်အတွက် ရုပ်ရှင်လောကသားအားလုံးနှင့်သင့်မြတ်ပြီး လူချစ်လူခင်ပေါသည်။ စကားပြောကောင်း၊ ဟန်ပန်အမူအရာ ကောင်းသူဖြစ်သည့်အတွက် ပရိသတ်၏ ချစ်ခင်နှစ်သက် အားပေးမှုအပြည့်အဝရရှိခဲ့သည်။

## ငယ်ဘဝ

ငယ်နာမည် နေဒွန်း၊ အဖရဲဝန်ထောက် ဦးသက်ဖေနှင့် အမိကျောင်းဆရာမ ဒေါ်တင်တို့က ၁-၁၀-၁၉၂၈ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ဟင်္သာတမြို့နယ် ညောင်ပင်သာရွာ၌ ပညာသင်ကြားခဲ့ကာ ဂျပန်ခေတ်တွင် ကိုးတန်းအောင်သည်။ ပညာသင်ကြားနေဆဲ အသက် (၁၈) နှစ်တွင် မိခင်ကြီးကွယ်လွန်ခဲ့ရာ စိတ်ထိခိုက်နေစဉ် ဟင်္သာတ၌ ရေတပ်သား လိုက်လံစုဆောင်းနေသည့်အချိန်နှင့်ကြုံကြိုက်၍ ရေတပ်ထဲဝင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ရေတပ်သားဘဝ ပညာတစ်ပိုင်းတစ်စနှင့် တိုးတက်ရန်လမ်းစမမြင်။ သို့ဖြစ်၍ ဒေါက်တာမောင်မောင်ပြေ၏ အလွတ်ပညာသင်ကျောင်းတွင် ပညာဆက်လက်ဆည်းပူးခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် ၁၀ တန်းအောင်သည်။ တက္ကသိုလ်ဆက်တက်ရန် ရေတပ်မှနုတ်ထွက်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် ပညာဆက်လက်သင်ယူခဲ့ရာ ၁၉၅၈ ခုနှစ်တွင် B.A ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

## မြန်မာ့လက်ရွေးစင် ဘောလုံးသမား

တက္ကသိုလ်ပညာသင်ယူနေစဉ် ဘောလုံးဆက်ကစားခဲ့ရာ တက္ကသိုလ်အသင်းလက်ရွေးစင်၊ ၁၉၅၅ ခုနှစ်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားအဖြစ် အရွေးချယ်ခံရပြီး ထိုနှစ်ထဲမှာပင် မြန်မာ့လက်ရွေးစင်ရှေ့တန်းတိုက်စစ်မှူးအဖြစ်နှင့် အင်ဒိုနီးရှား၊ ဂျပန်နှင့် တရုတ်နိုင်ငံများသို့ လည်းကောင်း၊ ၁၉၅၆ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ ကျင်းပသော အိန္ဒိယ၊ မြန်မာ၊ သီဟိုဠ်၊ ပါကစ္စတန်လေးနိုင်ငံ ဘောလုံးဗိုလ်လုပွဲသို့သွားရောက်ယှဉ်ပြိုင်ကစားခဲ့ပြီး ထိုနှစ်ထဲမှာပင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ရွေးချယ်သည့် အကောင်းဆုံးဘောလုံးသမားထူးချွန်ဆုရရှိခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်းကိုခေါင်းဆောင်၍ ကာလကတ္တား ယူနီဗာစီတီ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပွဲသို့ သွားရောက်ကစားခဲ့သည်။ ဘောလုံးကို သံယောဇဉ်ကြီးသလို တက္ကသိုလ်ကျောင်းသားဘဝကိုလည်း ခုံမင်တွယ်တာသည့်အတွက် ကျောင်းဆွေးဆွေး လူဆွေးဆွေး တပျော်ကြီးနေထိုင်ခဲ့ပြီး သူ့ဘဝသည် သူချစ်သည့် ဘောလုံးကဲ့သို့ ပညာကတစ်ဖက်၊ ဘောလုံးကတစ်ဖက်နှင့် လုံးလည်လိုက်နေခဲ့သော်လည်း အပူအပင်မရှိ ငြီးငွေ့သည်မရှိ အမြဲပြုံးရွှင်နေသည့်သူ့ကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံးက ခင်ကြသည်။


Facebook

ကောလိပ်ဂျင်နေဝင်း၏ ပုံတူပန်းချီနှင့်အတူ တွေ့ရသည့် ရာဇာနေဝင်း။

## ရုပ်ရှင်မင်းသားဘဝအစ

ကံကြမ္မာဖန်လာပုံဆန်းသည်က သူရုပ်ရှင်မင်းသားလုပ်ရန် အကြောင်းပေါ်ပေါက်လာသည်။ ရုပ်ရှင်လောက၌ နာမည်ကျော်ဝါရင့် ဒါရိုက်တာကြီးဖြစ်သူ ဦးချင်းစိန်(ရွှေညာမောင်)က ဇမ္ဗူအေးရုပ်ရှင်ကုမ္ပဏီမှ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးပေးရန် အပ်နှံလာသည့်အတွက် စီစဉ်ရသည်။ စစ်ကြိုခေတ်တွင် အလွန်ကျော်ကြား လူကြိုက်များသော ဆရာဇဝန၏ "ကောလိပ်ကျောင်းသား" ဝတ္ထုကို ကောလိပ်ဂျင်အမည်ဖြင့် ရိုက်ကူးပေးရန်ဖြစ်သည်။ ထိုကားတွင် မင်းသားလုပ်သူက ကောလိပ်ကျောင်းသားအဖြစ် သရုပ်ဆောင်ရမည်။ သို့သော် ဒါရိုက်တာက မင်းသားနှင့်တူသော မင်းသားမသုံးချင်၊ မင်းသားနှင့်မတူသော ကျောင်းသားစစ်စစ်ကိုသာ သုံးချင်သည်။ ထိုအခါ ဇမ္ဗူအေးရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒေါ်မြင့်မြင့်က ဒါရိုက်တာ၏ဆန္ဒကို ဖြည့်ဆည်းရန် ၎င်း၏ မိတ်ဆွေတက္ကသိုလ်


Facebook

'မြေမှာပွင့်သည့် မေတ္တာပန်း' ရုပ်ရှင်မှ ဝါဝါဝင်းရွှေနှင့် ကောလိပ်ဂျင်နေဝင်း။

ဘောလုံးနည်းပြ ဆရာငြိမ်းကို အပူကပ်ရတော့သည်။ ဒေါ်မြင့်မြင့်က ရုပ်ရှင်ရိုက်ရန်အတွက် တက္ကသိုလ်ကျောင်းသားတစ်ဦးရှာပေးပါရန် ပြောသည်နှင့် ချက်ခြင်း ဆရာငြိမ်းသည် သူ့၏ တပည့်ရင်း ကိုနေဝင်းကို မျက်လုံးထဲပြေးမြင်လိုက်ပြီး ဒေါ်မြင့်မြင့် စိတ်တိုင်းကျစေရမည်ဟု ကတိပေးသည်။ ဆရာငြိမ်းက ထိုအခွင့်အရေးကို လက်လွှတ်မခံချင်၊ သူ့တပည့်ကောင်းစားတာကို မြင်လိုသည်။ ဆရာငြိမ်းက ထိုကိစ္စ ကိုနေဝင်းကိုပြောပြသည့်အခါ လက်မခံချင်၊ သို့သော် ဆရာ့စေတနာကို ငြင်းပယ်ရန်မသင့်ဟုယူဆ၍ ခေါင်းညိတ်လိုက်လေသည်။ ဆရာငြိမ်းက ကိုနေဝင်းလက်ဆွဲပြီး ဒါရိုက်တာဦးချင်းစိန်ရှိရာသို့ အသော့နှင်လေ၏။ ဒါရိုက်တာကလည်း အပွေးမြင် အပင်သိ၊ ကိုနေဝင်း၏ အသွင်သဏ္ဌာန်ကို မြင်မြင်ချင်းသဘောကျပြီး အကဲခတ်ရင်း စကားပြောကြည့်ရာ ကိုနေဝင်း၌ ကိန်းအောင်းနေသည့် အနုပညာပင်ကိုစွမ်းရည်ရှိကြောင်း သိလိုက်ရကာ သူလိုချင်သော ဇာတ်ကောင် ကိုသိန်းဖေ၏ စရိုက်နှင့် ကိုက်ညီနေသည့်အတွက် ကားရိုက်ရန်အမြန်ဆုံး စီစဉ်တော့သည်။

## ကောလိပ်ဂျင်နေဝင်းအမည်ရ

"ကောလိပ်ဂျင်" ဇာတ်ကားတွင် ကိုနေဝင်းသည် မင်းသား ကိုနေဝင်း(ဘီအေ) အမည်ကို အသုံးပြုခဲ့ပြီး မင်းသမီး မြင့်မြင့်ခင်၊ သိန်းဆွေမြင့်၊ ချစ်ဆွေလေး၊ ရွှေစင်မေတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည်။ ၁၉၆၀ ခုနှစ်ဝန်းကျင်တွင် ရုံတင်ပြသသည့်အခါ အစပိုင်းလူမဝင်၊ ဓာတ်မသိကြသေး၊ ကြည့်ပြီးသူတိုင်းက အကြိုက်တွေ့ ချီးမွမ်းပြောဆိုလာသည့်အတွက် လူသိများလာပြီး နောက်ပိုင်းပြသရာ နေရာတိုင်း ရုံပြည့်ရုံလျှံ၊ ဝင်ငွေစံချိန်တင်သည်အထိ အောင်မြင်မှုရခဲ့သည်။ ကိုနေဝင်းသည် တာထွက်တစ်ကားတည်းနှင့်ပင် အောင်မြင်မှုအထွက်အထိပ်သို့ ရောက်ရှိခဲ့သည်ဖြစ်ရာ ထိုကားကို အစွဲပြု၍ "ကောလိပ်ဂျင်နေဝင်း" ဟု အမည်တွင်လေသည်။ ဇာတ်ဝင်ခန်းတွင် ကောလိပ်ကျောင်းသား ကိုသိန်းဖေ (ကောလိပ်ဂျင်နေဝင်း)နှင့် ကောလိပ်ကျောင်းသူ မအေးစိန်(မြင့်မြင့်ခင်) တို့ အပြန်အလှန် ချစ်ကြည်နူးသောအကြည့်လေးများဖြင့် "ကျေပါနော် မအေးစိန် ကျေပါတယ် ကိုသိန်းဖေ" ဆိုသည့်အပြောလေးများသည် ထိုစဉ်က ပရိသတ်ပါးစပ်ဖျား လွန်စွာမှ ရေပန်းစားခဲ့လေသည်။

## ဆေးစက်ကျရာ အရုပ်ထင်

ကောလိပ်ဂျင်နေဝင်းသည် တစ်ဟုန်ထိုးကျော်ကြားလာခဲ့ရာ ဇာတ်ကားရိုက်ကူးလိုသည့် ရုပ်ရှင်ကုမ္ပဏီများကား ဝိုင်းဝိုင်းလည်။ ဟာသ၊ သဘာဝ၊ အလွမ်း၊ အဆွေး၊ ဇာတ်ကြမ်း စသည်ဖြင့် စရိုက်မျိုးစုံ သရုပ်ဆောင်ခဲ့ပြီး မင်းသားခန်း၊ အဖေခန်း၊ ဦးလေးခန်း၊ အဖိုးခန်း စသည်ဖြင့် ပါဝင်ရိုက်ကူးခဲ့သော ဇာတ်ကားပေါင်း ၁၆၀ ခန့်ရှိသည်။ တစ်ခေတ်တစ်ယောက်မဟုတ်၊ တစ်သက်တစ်ယောက်ဟု ဆိုလောက်သောသူ သူလိုလူအတုမရှိ၊ အစားထိုးဖို့ခက်လှသည်။ အပြောအဆိုဟန်ပန်အမူအရာအားလုံးကိုယ်ပိုင်ဟန်ဖြင့် ရပ်တည်သွားခဲ့ပြီး စကားပြောအလွန်ကောင်းပြန်သည်။ စကားပြောရာတွင် လေယူလေသိမ်းကို တစ်သမတ်တည်းမထား၊ အသံအနိမ့်အမြင့်၊ အဖြတ်အတောက်၊ အတက်အကျ၊ လှပအောင် ပြောတတ်ပြီး လိုအပ်လျှင် ထန်၊ မာန်၊ အပြည့်ဖြင့် ပြောလေ့ရှိသည်။ မျက်နှာကိုလည်း ပုံသေမထား၊ တည့်တစ်မျိုး၊ စောင်းငဲ့၍ တစ်မျိုး မရိုးအောင်သရုပ်ဆောင်ပြတတ်သည်။

## ကျော်ကြားခဲ့သော ဇာတ်ကားများ

ရိုက်ကူးခဲ့သည့် ဇာတ်ကားများအနက် ထင်ပေါ်ကျော်ကြားသော ဇာတ်ကားအချို့မှာ ယောက္ခမကြီး ရေးတဲ့ဖူးစာ၊ သီတာဘယ်သို့ ချစ်ရမယ်၊ မမုန်းလေနဲ့ ငပလီ၊ မုန်း၊ အကယ်၍သာ၊ ပန်းပန်လျက်ပါ၊ ဇာခန်းဆီးနောက်ကွယ်မှာ၊ ဝမ်းနည်းဝမ်းသာ၊ မောင့်မူပိုင်ရှင်၊ မတဲ့အတူနေ၊ စိတ်စေတသိက်၊ ပယင်းရောင်၊ တစ်ဦးက စေတနာ တစ်ဦးက မေတ္တာ၊ အကာကအချစ် အနှစ်က မေတ္တာ၊ အားနွဲ့သူပါရှင်၊ ဆိုက်ကားသမားဘခက်၊ သီတာပြုံး၊ မလိခချစ်သူ၊ ကညာပျိုနဲ့ ဇရာအို၊ သဘင်သည်မဝင်ရ၊ သမီးချော၊ ဘုံပြတ်ဘမောင်၊ ကျောက်ဘီလူးနဲ့ ပပဝင်း၊ ချွေးနှင့်သွေးနှင့် ရင်းသည့်မြေ၊ သည်တောင်ကို မောင်ဖြိုပါ့မယ်၊ တယ်တည်င်စသည်တို့ ဖြစ်ပါသည်။

## အကယ်ဒမီမှတ်တမ်း

၁၉၆၉ ခုနှစ်တွင် သုဓမ္မစာရီ ရုပ်ရှင်မှ အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဝတ္ထုကို ဒါရိုက်တာ ခင်စိုးရိုက်ကူးခဲ့သည့် "ပယင်းရောင်" ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်အကယ်ဒမီထူးချွန်ဆုရခဲ့သည်။ ထိုကားတွင် အရက်ကြောင့်ဘဝပျက်ခဲ့ရသော ကျောင်းဆရာအဖြစ် ပီပြင်စွာသရုပ်ဆောင်ခဲ့သည်။ တစ်ဖန် ၁၉၇၉ ခုနှစ်တွင် စံပြုရုပ်ရှင်မှ ဒါရိုက်တာဦးသုခရိုက်ကူးသည့် "အကာကအချစ် အနှစ်ကမေတ္တာ" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ပို့အကယ်ဒမီထူးချွန်ဆု ထပ်မံရရှိခဲ့ပြန်သည်။

## အသံမင်းသားကြီးအဖြစ်အောင်မြင်

ရုပ်ရှင်တွင်သာမက ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ခေတ်စားလာခဲ့သော ကက်ဆက်တိတ်ခွေဇာတ်လမ်း တစ်ခေတ်တွင်လည်း အသံဖြင့်သရုပ်ဖော်ရာ၌ တစ်ဖြစ်ခဲ့သူ ကက်ဆက်တိတ်ခွေဇာတ်လမ်းပေါင်း ၆၀၀ ခန့် အသံသွင်းခဲ့ပြီး ထင်ရှားသော ဇာတ်လမ်းအချို့မှာ ဗိုလ်အောင်ဒင်၊ ဗိုလ်မြဒင်၊ ကျားဘခက်၊ အတ္တအကျဉ်းသား၊ နှလုံးသား၏ တောက်ခေါက်သံ၊ ဘုရားမကြိုက်တဲ့ လူမိုက်၊ ဂျက်ကွင်းကင်းမောင်မောင်၊ ခေါင်းမြီးခြုံလုံပါပေ့၊ မဟူရာ၊ ပန်းတေလေ၊ မုဆိုးမလေး၊ စနေမောင်မောင်နှင့် နဘယံ၊ ဆားပုလင်းနှင်းမောင်နှင့် မြိုင်ရာဇာတာတေ၊ ဆားပုလင်းနှင်းမောင်နှင့် သေသောသူသည် သုသာန်သို့သွားသည်၊ ဆားပုလင်းနှင်းမောင်နှင့် ဗာရာဏသီလှဖေ၊ ဆားပုလင်းနှင်းမောင်နှင့် မီးခဲမောင်မောင်၊ သူဘုငါဘောက်၊ ဆားပုလင်းနှင်းမောင်နှင့် မင်းကွက်သီးသုံးလုံး စသည်တို့ဖြစ်သည်။

## ထုတ်လုပ်သူဘဝ

အသက်အရွယ်လေးရလာသည့်အခါ "မိုးမြင့်သော်တာ" ရုပ်ရှင်ကုမ္ပဏီကို ထူထောင်ပြီး ဒါရိုက်တာ မောင်မိုးသူ၏ "တယ်တည်င်" နှင့် ဒါရိုက်တာ ခင်မောင်ရင်၏ "ဘမှန်ဘဇံ" ဇာတ်ကားများ ထုတ်လုပ်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ခင်မာလာကလည်း ဒါရိုက်တာ ခိုင်မြတ်အောင် အမည်ခံကာ ခိုင်တို့ညီအစ်မ၊ ချစ်ရင်မပြေးနဲ့၊ မောင်ခေါ်ရာလိုက်မှာလား ရုပ်ရှင်ကားကြီးများနှင့် ဗီဒီယိုကားများစွာ ထုတ်လုပ်ခဲ့သည်။

ကောလိပ်ဂျင်နေဝင်းသည် ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ပြီး ၁၉၆၃ ခုနှစ်တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျ(ဗမာပြည်ကွန်မြူနစ်ပါတီပေါ်လစ်ဗြူရို အဖွဲ့ဝင်-တောတွင်းကျဆုံး)၊ ဒေါ်ခင်တင့်တို့၏သမီး ဒေါ်ခင်မာလာနှင့် လက်ထပ်ခဲ့ပြီး သန္တာနေဝင်း၊ ရာဇာနေဝင်း(ရုပ်ရှင်သရုပ်ဆောင်)၊ ဟေမာနေဝင်း(တေးသံရှင်)နှင့် ရူပါနေဝင်းတို့ကို မွေးဖွားခဲ့သည်။ ၂-၆-၁၉၈၃ ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ရာ သူကိုချစ်သည့် ပရိသတ်များ "ဒီကိစ္စနှင့်ပတ်သက်ပြီး တော့ကာ" ဆိုတဲ့ သူရဲ့မူပိုင်ပြောဟန်ပြောသံလေး အသစ်တစ်ဖန်ထပ်မံကြားခွင့်မရှိတော့ပါ။ မြန်မာ့ရုပ်ရှင်လောကတွင် ကြီးစွာသောဆုံးရှုံးမှုဟု ဆိုချင်ပါသည်။ ကောင်းရာသုဂတိလားပါစေ . . .

**မှီငြမ်း-မြန်မာ့စွယ်စုံကျမ်း(အတွဲ-၁၂)**

**တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)**

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
ဦးနေလင်းအောင် (မန္တလေးကျောင်း)
LCCI (UK)
LEVEL I,II & III
ACCA (UK)
Professional Courses
CPA
15.5.2017 မှစတင်ပြီး ခုံနံပါတ်ကြိုတင်ယူပြီးကျောင်းအပ်နိုင်ပါပြီ။
Yadanarbon Super Center 3rd Floor corner of34th Street & 78th Street, Mandalay,Myanmar.
Office 6(C) 6 (D). 09 772000561,09 772000562
Yangon - 01 504737, 512900, 514102

CaféPOS® စားသောက်ဆိုင်သုံးကွန်ပျူတာစနစ်
Dine In
Reservation
Bill
Tax
Discount
Table
Ordering
Print
Reports
Fast Food
Galaxy Software
www.galaxy.com.mm
Website
▲ (6)months Free Service
▲ Over (100) Employees
▲ (5) Branch Offices
Services
Galaxy Software Co., Ltd.
Yangon . 09-420909100 ,09-254151516
Mandalay . 09-440067577, 09-978030881
Naypyitaw . 09-257333214, 09-974432762
Pathein . 09-455042499, 09-455042500
Taunggyi . 09-444200771, 09-444200772

GARTEN FLOOR
Garten Material
Bring Up Happy Life
Specialize of Vinyl & Laminate Floor
ခေတ်မီ နောက်ဆုံးပေါ် ဒီဇိုင်းများကို
Garten တွင်ရွေးချယ်ပါ။
သင့်အိမ်အတွက် ကြမ်းခင်းဆိုလျှင် ဒီဇိုင်းသစ်လွင် အရည်အသွေးကောင်းမွန် စိတ်ချရသော Garten Floor Show Room သို့ ကြွလှမ်းခဲ့ပါ။




Vinyl Floor
- 100% ရေစိုခံနိုင်ခြင်း။
- ရေငွေ့ရိုက်မှုခံနိုင်ခြင်း။
- ခေတ်မီသေသပ်လှပခြင်း။
- အလွယ်တကူခြစ်ရာပွန်းရာမထင်ခြင်း။
- ဖိအားဒါဏ်ခံနိုင်ခြင်း။
- ဖြုတ်တပ်ရလွယ်ခြင်း။
- ရာသီဉတုကြောင့်ဖြစ်ပေါ်သော စိုထိုင်းမှုကို (၁၀၀%)ကာကွယ်နိုင်ပါသည်။

HOT LINE 09 459 177778
09 240 0988

Laminate Floor
- အလွယ်တကူ ခြစ်ရာပွန်းရာမထင်ခြင်း။
- ဖိအားဒါဏ်ခံနိုင်ခြင်း။
- ဖြုတ်တပ်ရလွယ်ကူပြီး အခြားနေရာတွင် ပျက်စီးမှုမရှိဘဲ ပြန်ခင်းနိုင်ခြင်း။
- Double Clip System ကို အသုံးပြုထားသောကြောင့် တစ်ခုနှင့် တစ်ခု ချိတ်ဆက်ရာတွင် ခိုင်မြဲခြင်း။
- မတော်တဆ ညစ်ပေသွားလျှင်လည်း အလွယ်တကူ သန့်စင်နိုင်ခြင်း။
- မီးဒဏ်ကို သာမန်ထက် ပိုမိုခံနိုင်ရည်ရှိခြင်း။
- Polish တင်ရန်မလိုဘဲ အမြဲတမ်း တောက်ပအရောင်မမှိန်ခြင်း။

အမှတ်(၂၂၄)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | : 09-790 177709, 09-790 178988 | : garten.sh@gmail.com

YOMA HOME LOAN နှင့်
ပိုမိုကောင်းမွန်သောဘဝကို
တည်ဆောက်လိုက်ပါ။
အနီးဆုံးဘဏ်ခွဲများမှာ စုံစမ်းမေးမြန်းနိုင်သလို
Call Center ဖုန်းနံပါတ် 9662 သို့မဟုတ်
097 9662 9662 ကိုလည်း ခေါ်ဆိုမေးမြန်းနိုင်ပါတယ်။




Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။
ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး

မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ ၂၀၁၇
International Education Fair Myanmar 2017

Hot Line: 09 73043588
June 9 to 11, 2017
Tatmadaw Hall
Yangon, Myanmar
www.miecf.net



Online register ပြုလုပ်သူများအား Samsung Tab S2 အပါအဝင်အိမ်သုံးလျှပ်စစ်ပစ္စည်းများစွာကိုကံထူးရှင်အဖြစ် ရွေးချယ်ကာချီးမြှင့်သွားပါမည်။
Pre-School မှသည် 100% Fully Scholarships ပေးမည့်အပြည်ပြည်ဆိုင်ရာတက္ကသိုလ်များနှင့်တိုက်ရိုက်ထိတွေ့နိုင်ပြီး၊ သက်ဆိုင်ရာကျောင်းများမှ ပညာရှင်ကြီးများကနေ့စဉ်ပညာရပ်အလိုက်ဟောပြောဆွေးနွေးသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်လေ့လာနိုင်ပါသည်။
ပြပွဲသို့တက်ရောက်လေ့လာသူများအတွက်လည်းနေ့စဉ်မိုဘိုင်းဖုန်းဆက်များစွာကိုကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်သည်။

Supported by:

METRO | SIGONG media | THALUN | Wall Street English | GUNHONG INTERNATIONAL | YCTC | VALUESTAR INSTITUTE | MIMBER | GSS | ACE Inspiration | APOLO | MATRIX

ဆရာ၊ မိဘ၊ ကျောင်းသားများ လက်စွဲ အားထားရမည့် ...
ပညာချွန်
၁၀ တန်း
အဌမတန်း
သင်ရိုးကုန်ဘာသာစုံ
မြန်မာ



ပညာဗိမာန်(ပညာချွန်) စာအုပ်တိုက်၊ အမြို့မြို့အနယ်နယ်မှစာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
အမှတ် (၂၂၈)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ Ph: 01 253 143, 09 730 29336

NAING EMPIRE
*Build Your Future*

MOVING IN SALE
22nd until 31st May 2017
5 to 85% Off

Available Products
Sanitary Wares | Elevator | Aluminiums | Tiles | Laminates | Doors | Safety & Security | Steel Tank | Marble | Patty | Swimming Pool Tiles & accessories | Metal Trunking | Decking

NEW SHOWROOM IS OPENING NOW!
*Warmly Welcome*
*to our new showroom*

10 Mile (II) (Sales Center)
No. 681 | Pyay Rd | 10-mile | Insein Tsp | Yangon.
Hotline : +95 9 444489984 | +95 9 964683444 | +95 9 421025234

ANY PURCHASE
GET



# ကြော်ငြာ

## သန်းရွှေနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

- ✩ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ နေပြည်တော် (၄)ရက်။
- ✩ ပုဂံ၊ ပုပ္ပါး(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်။
- ✩ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ဝဝရောစနကျောက်စိမ်းစေတီ (၄)ရက်။
- ✩ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ဝဝရောစနကျောက်စိမ်းစေတီ (၃)ရက်။
- ✩ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ မွေတော်ကက္ကူ၊ ထမ့်စမ်း (၄)ရက်။ လှိုင်ကော်-တောင်ကွဲစေတီ၊ ထီးဆံခါးရေတံခွန် ပါ (၅)ရက်။
- ✩ မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက်။ အပတ်စဉ်-သောကြာနေ့တိုင်း
- ✩ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီ၊ စက်ခဲ (၅)ရက်။
- ✩ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ (၂)ရက်။ ကျိုက်ထီးရိုး ပါ (၃)ရက်။
- ✩ ပြည်၊ အကောက်တောင်၊ နဂါးရစ်(စနေ) ✩ ဂလွန်(တနင်္ဂနွေ)✩ဘားအံဂူ(၅)ဂူ(နေ့ချင်းပြန်)

အမှတ်(၄၂၄)၊ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

## ဒေါ်ချို ထမင်းချိုင့် အိမ်အရောက်ပို့ဆောင်ရေး

ကျန်းမာရေးလည်းညီ သန့်ရှင်းလတ်ဆတ်သောအစားအသောက်၊
မှန်ကန်သောအချိန် နှင့် သက်သာသောဈေးနှုန်း၊ အိမ်ထမင်း၊
အိမ်ဟင်း သီးသန့်စားလိုသူများအတွက် ဗမာထမင်းဟင်းအရသာ။
Ph:09-420529977, 09-769111394,09-32131107

## Modern Myanmar Travels

ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။ မေလ အထူးနှုန်း Promotion

- ✦ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး Hotel (1/2-Night)(ဖြင့်) 85000/135000
- ✦ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင် Hotel (1-Night)(ဖြင့်) 85000
- ✦ မြဝတီ၊ မဲဆောက်၊ မဲဆိုင်၊ ဘားအံ ဇရီးစဉ် Hotel (1-Night)(ဖြင့်) 95000
- ✦ တောင်ကြီး၊အင်းလေး၊ပင်းတယ၊ထမ့်စမ်း Hotel (2-Night)(ဖြင့်) 135000
- ✦ ငပလီကမ်းခြေအပန်းဖြေဖြင့် သံတွဲဘုရားဖူး Package-115000/190000

ကျိုက်ထီးရိုး 10000; ချောင်းသာ Guest 33000, Hotel 38000; ငွေဆောင် (Hotel) 40000

၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016.09-253540004

## ဝမ်းတော်ပြည့်ပညာဒါန

**L.C.C.I Level I & II စာရင်းကိုင်သင်တန်း**

စာရင်းကိုင်ပညာကို အခြေခံမှစ၍ အင်္ဂလန်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သည်အထိ သင်ကြားပေးမည်။
သင်တန်းဖွင့်မည့်နေ့ ။ ၅-၆-၂၀၁၇(တနင်္လာနေ့)ဖွင့်မည်။ (တန်းခွဲ-၁၅)
သင်တန်းချိန် ။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး နံနက်(၉း၃၀)မှ(၁၁း၃၀)ထိ။
သင်တန်းတက်ရောက်လိုသူများသည် ဝမ်းတော်ပြည့် ဘုန်းတော်ကြီးကျောင်း၊ တောင်ဥက္ကလာပမြို့ပြင်းယမှတ်တိုင်၊ ပါရမီလမ်း၊ အမှတ်(၃)ဝိုင်း။ဖုန်း-09795625290, 095410909, 095088264 သို့ ဆက်သွယ်မေးမြန်း၍ ကြိုတင်စာရင်း သွင်းတက်ရောက်သင်ယူနိုင်ပါသည်။

## ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၌ သံဃာတော်များ လက်ခံမည်။

၁။ ဓမ္မာစရိယဘွဲ့(သို့မဟုတ်)သာမဏေကျော်ဘွဲ့ တစ်ဘွဲ့ဘွဲ့ရရှိပြီး
၂။ ပညာရပ် တစ်ခုခုကို ဆက်လက် သင်ယူလိုသည့်
၃။ အသက် (၂၇)နှစ်အတွင်းရှိ ရှင်ရဟန်းများ အေးချမ်းစွာ သီတင်းသုံးနေထိုင်လိုပါက
၄။ ဘွဲ့လက်မှတ် မိတ္တူနှင့် အာမခံ ပုဂ္ဂိုလ် တစ်ဦးဦး၏ ထောက်ခံစာနှင့် အတူ ယနေ့မှစ၍ ဇွန်-၉-ရက် နေ့အထိ လာရောက် လျှောက်ထားနိုင်ပါပြီဘုရား။

ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဝထူးလမ်း၊ မြောက်-ဒဂုံ။ ဖုန်း- ၀၉ ၄၄၄ ၇၈၈ ၁၈၅

## ရွှေလမ်းညွှန်

ဘားအံ၊ မြဝတီ၊ မဲဆောက်
(၃)ရက်။ 58000 Ks
May 26
09-420087371, 09-262705136, 09-259302029

## ကားစီးလုံးငှားသည်။

AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေ) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း / မြို့ပြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

---

Back @ MCC

The 4th International Exhibition for Food & Drink, Hotel, Restaurant Bakery & Food Service Equipment, Supplies & Services

စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ အစားအသောက် နှင့် အဖျော်ယမကာ၊ ဟိုတယ် ၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်း၊ အထောက်အကူပစ္စည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ကုန်စည်ပြပွဲ

## FOOD & HOTEL 2017 Myanmar

**7- 9 JUNE 2017**

**Myanmar Convention Centre (MCC)**
**Yangon** (10.00 -18.00 Hrs.)




MCAC 2017 · MNBC 2017

Including: Over 200 Exhibitors • 24 countries • 500 Products • 6 International Pavilions from Korea, Singapore, Taiwan, Thailand, Turkey and USA

Admission • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

Register at
www.foodandhotelmyanmar.com
Info Hotline : +95-1 513 515-519

UBM

---

MITSUBISHI ELECTRIC
Changes for the Better

Symbol of the Riches
MITSUBISHI ELECTRIC

## MITSUBISHI Brand New ကားအသစ်ကြီးပိုင်ဆိုင်မည့်အခွင့်အရေး

လေအေးပေးစက် ၁ လုံး ဝယ်ယူပြီး ချက်ချင်းပေါက် ငွေသားဆုမဲအပြင် ကားအသစ်ကြီး စီးနိုင်ပါပြီ . . . .



တတိယအကြိမ် ကား ကံထူးရှင် ဘယ်သူဖြစ်မလဲ ?

မေလ (၃၁)ရက် အထိ










PME Holding Co., Ltd.
ISO 9001: 2008

Call us +01-202117
No. 137/ 139, Botahtaung Pagoda Rd, Botahtaung T/S, Yangon.
https://www.facebook.com/PeaceMyanmarElectric/

# နန်စီဘွန်ကျောက်စိမ်းရတနာမြေဖြစ်စဉ်ဟာ ကျူးလွန်ရန်ရည်ရွယ်ချက်နဲ့ ဝင်ရောက်တာဖြစ်တဲ့အတွက် ဥပဒေနဲ့ဆန့်ကျင်


ခန္တီးမြို့နယ် နန်စီဘွန်ကျောက်စိမ်းရတနာမြေလုပ်ကွက်ကို တွေ့ရစဉ်။

**မုံရွာ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နန်စီဘွန်ကျောက်စိမ်းရတနာမြေတွင် ဖြစ်ပွားခဲ့သော ကိစ္စနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှက "ခန္တီးရတနာမြေကို ဝန်ကြီးချုပ်နဲ့အတူ တိုင်းဒေသကြီးနယ်မြေ လွှတ်တော်ကိုယ်စားလှယ်တွေ ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတဲ့အခါ ကုမ္ပဏီထဲစုစည်းထားတဲ့ မြေစာပုံတွေကို ရေမဆေးတွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေ ရှာဖွေနေတာတွေ့ခဲ့ရပါတယ်။ အခုဖြစ်စဉ်မှာ နှစ်ဖက်ပဋိပက္ခဖြစ်ကြတာ မဟုတ်ဘဲ အခုဖြစ်တဲ့စည်းရိုးကာထားတဲ့ ကုမ္ပဏီဝင်းအတွင်းမှာစုပုံထားတဲ့ ရေမဆေးမြေစာပုံတွေကို လူစုကြီးကဝင်ရောက်သယ်ယူဖျက်ဆီးတဲ့ တစ်ဖက်သတ်အပြုအမူကို လုပ်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအပြုအမူဟာ ပဋိပက္ခ မဟုတ်ဘဲ ဥပဒေနဲ့မညီဆန့်ကျင်တဲ့ အစုအဝေးလို့ဆိုရမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးလွှတ်တော်တွင် ရှင်းလင်းပြောကြားသည်။

ယင်းအဓိကရုဏ်းဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း ခန္တီးမြို့နယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ငွေးက မေ ၂၂ ရက်တွင်ကျင်းပသော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင်မေးမြန်းရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံနှင့် ဥပဒေချုပ် ဦးခင်မောင်လှတို့က ရှင်းလင်းဖြေကြားခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ငွေးက ကုမ္ပဏီတွင်တာဝန်ထမ်းဆောင်နေသော အမှုထမ်းများနှင့် ရေမဆေးသမားများ၏ ပဋိပက္ခဖြေရှင်းရာတွင် လူသုံးဦးသေဆုံးခြင်းသည် လက်ရှိအစိုးရ၏ပုံရိပ်ကို

**စာမျက်နှာ ၉ ကော်လံ ၅ သို့**


၂၀၁၇ MNL ပြိုင်ပွဲတွင် သွင်းဂိုး ၂၀၀ ပြည့်ဂိုးကို သက်နိုင် သွင်းယူစဉ်။

## လက်ရှိချန်ပီယံ ရတနာပုံအသင်း ရောဝတီအသင်းကို နှစ်ကျော့စလုံးအနိုင်ယူ

**ရန်ကုန် မေ ၂၂**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းကကျင်းပရာ လက်ရှိချန်ပီယံ ရတနာပုံအသင်းနှင့် ရခိုင်အသင်းတို့ အနိုင်ရခဲ့သည်။

**(မန္တလာသီရိကွင်း)**

**ရတနာပုံ - လေးဂိုး**

**ရောဝတီ - သုံးဂိုး**

လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် ရောဝတီအသင်းကို နှစ်ကျော့စလုံး အနိုင်ယူပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ ယမန်နေ့ကကစားခဲ့သောပွဲတွင် ထိပ်ဆုံးမှ ရန်ကုန်အသင်းသရေကျခဲ့သည်ကို ရတနာပုံအသင်း အခွင့်ကောင်းယူနိုင်ခဲ့ပြီး ခုနစ်မှတ်အကွာမှ ငါးမှတ်အကွာသို့ လျှော့ချနိုင်ခဲ့သည်။

လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် အသစ်ခေါ်ယူထားသည့် ဂိုးသမား တိုက်စစ်မှူး ပက်ထရစ်အပါအဝင် လူစုံအသုံးပြုခဲ့ပြီး ရောဝတီအသင်းမှာလည်း နိုင်ငံခြားသား ကစားသမားသုံးဦးအပါအဝင် အမာခံကစားသမားများဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၂၄ မိနစ်တွင် အသင်းခေါင်းဆောင် မင်းမင်းသူက အဝေးကန်ချက်ဖြင့် ရောဝတီအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယ အစည်းအဝေးကို မေ ၂၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)တွင် စတင်ကျင်းပသွားမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

